ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday 16 September 2018 ၉၄၁၁

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (International Day of Democracy 2018) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာ၌ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိကြသည့် နိုင်ငံအသီးသီးတွင် နှစ်စဉ် စက်တင်ဘာ ၁၅ ရက်ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားများကို ကျင်းပပြုလုပ်လျက်ရှိကြပါကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်လာခဲ့ရာ ယခုနှစ်တွင် (၈)ကြိမ်ရှိလာပြီဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU-Inter-Parliamentary Union) က သတ်မှတ်ရွေးချယ်ထားသော ဆောင်ပုဒ်သည် “Oversight” ဖြစ်ပြီး မိမိတို့လွှတ်တော်အနေဖြင့် “ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး”ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါကြောင်း၊ တစ်ကမ္ဘာလုံးအတွက် သတ်မှတ်ရွေးချယ်ထားသည့် ယခုနှစ်ဆောင်ပုဒ်သည် မိမိတို့နိုင်ငံ၏ လက်ရှိဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်နှင့် လွန်စွာကိုက်ညီမှုရှိပြီး ဒီမိုကရေစီစနစ်အခြေခိုင်မာရှင်သန်စေရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေးကြရန် လိုအပ်နေသည့် အချိန်ကာလလည်း ဖြစ်နေသည့်အတွက် အဓိပ္ပာယ် ပြည့်စုံနေသည်ဟု သုံးသပ်မိပါကြောင်း။

ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကျင့်သုံးသောနိုင်ငံတိုင်းတွင် ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်အားကောင်းစေရန်အတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏အသက်ဝိညာဉ်၊ အသက်သွေးကြောများဖြစ်သည်ဟုလည်း ပြောစမှတ်ပြုကြပါကြောင်း၊ ဥပဒေပြုအာဏာကို ကျင့်သုံးကြရသည့် လွှတ်တော်များသည် ပြည်သူများကိုကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အဖွင့် အမှာစကား ပြောကြား

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီနှင့် ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီတို့၏ ဟောပြောစည်းရုံးမှုများ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၅

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၈ ရက်တွင်လည်းကောင်း၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၉ ရက်တွင်လည်းကောင်း၊ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၂၀ ရက်တွင်လည်းကောင်း မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်သည်။

သတင်းစဉ်

ရခိုင်အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ » ၁၁

ထားဝယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

ထားဝယ် စက်တင်ဘာ ၁၅

မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းနှင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ထားဝယ်မြို့ ဇေယျာထက်စံဟိုတယ်၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ ဇော်မင်းထွန်းကလည်းကောင်း၊ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှု၊ Risk Factors ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါကာကွယ်နှိမ်နင်းရေး ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းကလည်းကောင်း၊ ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် ကင်ဆာရောဂါများ ရောဂါရှာဖွေကုသမှုလုပ်ငန်းကို အခြေခံကျန်းမာရေးဝန်ထမ်းများက ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ Package of Essential NCD Intervention (PEN) ကို ဆီးချို၊ သွေးချိုကာကွယ်ထိန်းသိမ်းရေး စီမံချက် မန်နေဂျာ ပါမောက္ခဦးကိုကိုကလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ကျွန်းစုမြို့နယ်တွင် ဒီရေတောများ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်းကို ဒိန်းမတ်အစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်မည်

မြိတ် စက်တင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုများ ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ရေးနှင့် ဒီရေတောထွက် ပစ္စည်းများအပေါ် မှီခိုမှုလျော့နည်းလာစေပြီး အခြားဝင်ငွေရ အလုပ်အကိုင်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီရေရောက်သစ်တောများ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်းကို ဒိန်းမတ်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ လုပ်ငန်းစဉ် လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနဲ့ ဒေသခံတွေရဲ့ စားနပ်ရိက္ခာဖူလုံဖို့၊ သားငါးပုစွန်တွေ ဖမ်းဆီးရရှိဖို့၊ ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူရရှိဖို့ စီမံကိန်းကို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကမ်းရိုးတန်းဒေသတွေမှာ ကျန်တဲ့ဒေသတွေထက် သဘာဝဘေးအန္တရာယ် ကျရောက်မှုတွေ ပိုမိုဆိုးလာတဲ့အတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျှော့ချနိုင်ဖို့ ဒိန်းမတ်နိုင်ငံအစိုးရက အကူအညီပေးတာပါ။ အဓိကရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ လက်ရှိတည်ရှိနေတဲ့ ဒီရေတောတွေကို ပျက်စီးပြုန်းတီးမသွားအောင် ထိန်းသိမ်းနိုင်တဲ့ အစီအစဉ်တွေကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီရေတောတွေကို ထိန်းသိမ်းကာကွယ်သွားမယ်။ ထိန်းသိမ်းကာကွယ်လို့ရတဲ့ နေရာတွေမှာ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတွေကို တည်ထောင်သွားမှာဖြစ်ပါတယ်" ဟု သစ်တောဦးစီးဌာန ရေဝေရေလဲအုပ်ချုပ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တိုးအောင်က ပြောသည်။

"အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်က ကျွန်းစုဒေသအတွက် ပင်လယ်ပိုင်းကအတော်ကို အကျိုးကျေးဇူးများမယ့် စီမံကိန်းဖြစ်ပါတယ်။ ပင်လယ်ပိုင်းမှာ သစ်တောပြုန်းတီးမှု များပြားလာတဲ့ အကြောင်းတရားတွေ အများအပြား ရှိပါတယ်။ ဒီရေတောထိန်းသိမ်းတဲ့အတွက် ရရှိလာနိုင်တဲ့အကျိုးကျေးဇူးတွေ ဒေသခံပြည်သူတွေ သိရှိလာနိုင်မှာဖြစ်ပါတယ်။ အရင်က ဒီရေတောပြုန်းတီးတဲ့အကြောင်း ပြည်သူတွေ မသိကြဘူး။ ဒီရေတောထိန်းသိမ်းလိုက်ရင် သားငါးသယံဇာတတွေ ပေါများလာမယ်။ ပင်လယ်ပိုင်းဒေသမှာ ရေလုပ်ငန်းကို အဓိကအားထားအသက်မွေးဝမ်းကျောင်းပြုရတဲ့အတွက် ရာသီဥတုကို ကာကွယ်ရာရောက်မှာဖြစ်သလို ဒေသရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ရေလုပ်ငန်းအတွက်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ဒေသရဲ့ အကျိုးစီးပွား၊ ပြည်သူတွေရဲ့နေထိုင်မှုဘဝမှာ လုံခြုံစိတ်ချစွာ နေထိုင်ရန် အာမခံချက် အများကြီးရရှိလာမှာ ဖြစ်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

စီမံကိန်းနှင့်ပတ်သက်၍ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မြိတ်မြို့ Green Eyes ဟိုတယ်အစည်းအဝေးခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က တက်ရောက်ဖွင့်လှစ်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံများမှ စီမံကိန်းလုပ်ငန်းများ၊ ဒီရေတောထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများ၊ ပြည်သူလူထုနှင့် ဒီရေတောများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းလုပ်ငန်းစဉ်များ၊ ငါးသယံဇာတများ လျော့နည်းရခြင်း၏ ပတ်သက်ဆက်နွယ်မှုများ၊ ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျွန်းစုမြို့နယ်တွင် ဒီရေတောဧက ၃၃၅၈၂၉ ဧကရှိပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၃၃၁၂ ဧကကို ကျေးရွာ ၁၂ ရွာက ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ခုနစ်ရွာမှ ဒေသခံများကလည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် စီမံကိန်းပါ ဒီရေတောအဆိုပြု ကြိုးပြင်ကာကွယ်တောဧက ၂၃၃၇၀ ကို ကြိုးပြင်ကာကွယ်တောအဖြစ် ဆောင်ရွက်ရန် ဒေသခံပြည်သူများအား သစ်တောဦးစီးဌာနက ကွင်းဆင်း၍ ရှင်းလင်းဆွေးနွေးလျက်ရှိကြောင်း ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

ခိုင်ထူး(မြိတ်ပြန်/ဆက်)

ကြေးမုံ

ဒီမိုကရေစီအန္တရာယ်များ အထူးသတိထား

"ဒီမိုကရေစီရဲ့အန္တရာယ်များဆိုတာ ဒီမိုကရေစီ မလိုလားသူများ၊ ဒီမိုကရေစီ ကဖျက်ယဖျက်သမားများ၊ ဒီမိုကရေစီကို မယုံကြည်သူများ၊ ဒီမိုကရေစီကို ယုံကြည်သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားမလိုအားမရဖြစ်ပြီး မိမိသဘောနဲ့မိမိ လုပ်ချင်ရာလုပ်သည့်အတွက် အာဏာရှင်စနစ်ဆီသို့ ပြန်ပြီးအသက်သွင်းပေးသလို ဖြစ်သွားသူများ၊ ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အာဏာရှင်စနစ် တည်မြဲရေးအတွက် ဒီမိုကရေစီကို အလွဲသုံးစားလုပ်သူများ၊ ဒီမိုကရေစီကျင့်စဉ်နဲ့ မညီညွတ်တဲ့ နည်းလမ်းနဲ့ ပြည်သူ့အာဏာကို ရယူဖို့ ကြိုးစားသူများဟာ ဒီမိုကရေစီရဲ့အန္တရာယ်များဖြစ်ပါတယ်"ဟု အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြထားသည်။

နိုင်ငံသားအားလုံး မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို စုပေါင်းအင်အားဖြင့် တည်ဆောက်နေသော ကာလတွင် နိုင်ငံတော်သမ္မတကြီး ညွှန်ပြခဲ့သည့် ဒီမိုကရေစီအန္တရာယ်များကို တိုင်းရင်းသားပြည်သူအားလုံး အထူးအလေးအနက်ထား သတိပြုမိကြဖို့ လိုမည်ဖြစ်သည်။ အဆိုပါဒီမိုကရေစီအတုအယောင်များနှင့် အန္တရာယ်များကို မျက်ခြည်မပြတ် အထူးဂရုစိုက်၍ သတိထားကြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါအဖျက်အန္တရာယ်များ တစ်စတစ်စ အားကောင်းလာလျှင် နိုင်ငံသားအားလုံး၏ မျှော်လင့်ချက်များ ပျက်ပြားသွားနိုင်သောကြောင့်ဖြစ်သည်။

ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းနေသော မျက်မှောက်ကာလမှာ စစ်မှန်သောဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်နေသော ကာလဖြစ်၍ သက်တမ်းနုနယ်သေးသည်။ ရာစုနှစ်တစ်ဝက်မက အာဏာရှင်စနစ်အမြစ်တွယ်ခဲ့သော မြန်မာနိုင်ငံအဖို့ စစ်မှန်သောဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာ၊ အခက်အခဲများစွာ၊ အန္တရာယ်များစွာတို့ကို ရင်ဆိုင်ကြုံတွေ့ရမည်မှာ မလွဲမသွေဖြစ်သည်။ လက်ရှိတွင် ဒီမိုကရေစီလိုလားသူများက စစ်မှန်သောဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေချိန်တွင် ဒီမိုကရေစီ မလိုလားသူ အတုအယောင်များ၏ အန္တရာယ်နှင့် ကြုံတွေ့နေရသည်။

ဒီမိုကရေစီသက်တမ်းနုနယ်သေးသောနိုင်ငံအဖို့ တိုင်းပြည်က နုနုမုန်တိုင်းကထန်ထန် ဆိုသကဲ့သို့ ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်ထူပြောလှသည်။ အခန့်မသင့်လျှင် ဒီမိုကရေစီနှင့် အလှမ်းဝေးသွားနိုင်သည်။ ပြည်သူများ မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မျှော်လင့်ချက်များ ပျောက်သွားနိုင်သည်။ ထို့ကြောင့် အဆိုပါအန္တရာယ်များကို ဒီမိုကရေစီစနစ်ကို လိုလားသော ပြည်သူများက သတိမူမိကြလိမ့်မည်ဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း ဟူသည့် လောကပါလတရားများဖြစ်သည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ ချမ်းသာကြွယ်ဝမှု ကွာဟချက်နည်းပါးရေးကို ဦးတည်သည်။ ထို့အပြင် နိုင်ငံသူနိုင်ငံသားများ အသက်ရှင်သန်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ဝမ်းမြောက်ပျော်ရွှင်ခွင့်တို့အတွက် အာမခံချက်ပေးရသည်။ ကာယ၊ ဉာဏစွမ်းအားများအလိုက် အခွင့်အရေးသာတူညီမျှမှု၊ ဥပဒေညီမျှမှု စသည့်အခွင့်အရေးများ အပြည့်အဝရရှိကြသည်။ စစ်မှန်သောဒီမိုကရေစီစနစ်သည် နိုင်ငံသူနိုင်ငံသားအားလုံးကို အကျိုးပြုသောကြောင့် အဖိုးအနဂ္ဃထိုက်တန်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို အများပြည်သူတို့က လိုလားကြခြင်းဖြစ်သည်။ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သူတို့ကမူ မလိုလား၊ ကဖျက်ယဖျက်နှင့် အဖျက်အမှောင့်များပင် ပြုလုပ်ကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် ပေါ်ပေါက်နေသော ဒီမိုကရေစီအန္တရာယ်များကို တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက သတိမူပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်ဖြစ်သည့် ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး ဟူသည့်အတိုင်း ဒီမိုကရေစီလမ်းကြောင်း မပျောက်အောင် ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အင်္ဂပူမြို့တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

အင်္ဂပူ စက်တင်ဘာ ၁၅။ ။အောက်တိုဘာလ ၁ ရက်နေ့တွင်ကျရောက်မည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အင်္ဂပူမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဖားအောက်တောရဘုန်းတော်ကြီးကျောင်းဝင်းတွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး လမ်းညွှန်မှုဖြင့် မြို့မရဲစခန်းမှူး ဒု-ရဲမှူး ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများက ဖားအောက်တောရဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၊ အပြင်၌ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

☆ ရှေ့ဖုံးမှ

သတိပြုကြရမည်

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထုကချက်ချင်းအကောင်အထည်ပေါ်လာမှုကို မြင်တွေ့လိုကြသော်လည်း ဒီမိုကရေစီ၏ ပင်ကိုအခြေခံသဘောတရားအရ ချက်ချင်းအဖြေထွက်ရန်ထက် အချိန်ကာလကောင်းတစ်ခုယူရန် လိုအပ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စစ်မှန်သော ဒီမိုကရေစီစနစ်မှတစ်ပါး အခြားစနစ်မရှိကြောင်းကို ထပ်လောင်း ပြောကြားလိုပါကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်

ဒီမိုကရေစီစနစ် ပိုမိုအခြေခိုင်မာလာအောင် အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်း အဖြေရှာပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲများ မထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် မိမိတို့အားလုံး အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကိုလည်း မဖြစ်မနေဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ကြိုးပမ်းဆောင်ရွက်ကြရာတွင် မိမိတို့ကျရာအခန်းကဏ္ဍကနေပြီး နိုင်ငံတော်နှင့် ပြည်သူများအပေါ် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် ကိုယ်စီတာဝန်များ ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အနာဂတ်ကာလတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာရေးလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်မိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ဒီမိုကရေစီဟုဆိုလိုက်သည်နှင့် စည်းကမ်းနှင့် ဥပဒေဆိုသည်မှာ တစ်ခါတည်းပါလာပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီဆိုကတည်းကစည်းကမ်းနှင့် ဘောင်နှင့်နေကြရသည်ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ ထို့အတူ လွတ်လပ်မှုဆိုသည်မှာလည်း စည်းကမ်းနှင့်ဘောင်နှင့်ရှိသည်ကို သိမြင်ရန်လိုပါကြောင်း၊ ဒီမို

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နိဂုံးချုပ်အမှာစကား ပြောကြားစဉ်။

ကရေစီဆိုသည် လူသားများ၏ လွတ်လပ်ခွင့်များကို အကာအကွယ်ပေးထားသည့် အခြေခံယုံကြည်ချက်များနှင့် ဒီမိုကရေစီစနစ်၏ အောက်တွင် လိုက်နာရမည့် အရေးကြီးသော အခြားအချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် အားလုံးတန်းတူညီမျှရေးတို့ပင်ဖြစ်ပါကြောင်း။

မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရှင်သန်ခိုင်မာလာအောင် အားလုံးကပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီစိတ်ဓာတ်နှင့် အလေ့အကျင့်တို့ကို အရင်းခံကာ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှုများဖြင့် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ ပူးပေါင်းဆောင်ရွက်သွားကြရမည့် အချိန်အခါလည်း ဖြစ်နေပါကြောင်း။

သဝဏ်လွှာဖတ်ကြား

ပြည်သူလူထုတစ်ရပ်လုံးကလည်း ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာရေးဆီသို့ လျှောက်လှမ်းသည့်ခရီးတွင် နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပြီး ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်ဖြစ်သော "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေး"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီဝိုင်းဝန်း ဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အတွက် သဝဏ်လွှာကိုပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကလည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးကိုယ်စား WHO ကိုယ်စားလှယ် Mr.Stephen Jost က

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များနှင့်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် စာတမ်းများဖတ်ကြားခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ကျောင်းသား လူငယ်များ၏စာတမ်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စားပြုစာတမ်း၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၏စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ စာတမ်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ စာတမ်း၊ "ဝ" ဒီမိုကရက်တစ်ပါတီ၏စာတမ်း၊ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့၏စာတမ်း၊ လီဆူးအမျိုးသားတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ၏စာတမ်း၊ တအာင်း (ပလောင်) အမျိုးသားပါတီ၏စာတမ်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏စာတမ်း၊ ရခိုင်အမျိုးသားပါတီ၏ စာတမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏စာတမ်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စာတမ်းတို့ကို သက်ဆိုင်ရာကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ဒီမိုကရေစီစနစ်၏ အနှစ်သာရ

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီအကူးအပြောင်းကာလမှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တစ်ဆင့်ချင်းတက်လှမ်းလာခဲ့ရာ ပြည်သူသည်သာ အဓိကပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖတ်ကြားစဉ်။

အခြာအာဏာကို ပြည်သူလူထုကစုပေါင်းပိုင်ဆိုင်ခြင်း၊ ပြည်သူ့ဆန္ဒဖြင့် နိုင်ငံတော်ကိုအုပ်ချုပ်ခြင်းသည်သာ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်ပါကြောင်း။

ကာလရှည်ကြာအခြေခိုင်မာနေသော စနစ်ဟောင်းမှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းခဲ့ရာ ပြည်သူများသည် ယုံကြည်မျှော်လင့်ချက် ကြီးမားစွာထားရှိတတ်ပြီး ပြည်သူများ၏ ယုံကြည်မျှော်လင့်ခြင်းများစွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်သည် ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ပေးခဲ့သည့် မိမိတို့ကိုယ်စားလှယ်တော်များ၏ တာဝန်များပင် ဖြစ်လာခဲ့ပါကြောင်း၊ ပြည်သူ့ဆန္ဒများ၊ ယုံကြည်မျှော်လင့်ခြင်းများစွာကိုမည်မျှအထိ ဖြည့်ဆည်းပေးနိုင်သည်ဆိုသည့် ပမာဏဖြင့်တိုင်းတာပြီး မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပိုမိုအားကောင်းသောဒီမိုကရေစီစနစ်

ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူများကျင့်ကြံနေထိုင်မှသာ ပိုမိုအားကောင်းသော ဒီမိုကရေစီစနစ်ကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ ပြည်သူများသည် ဒီမိုကရေစီအကျင့်ကောင်းများဖြစ်သည့် အများစု၏ဆန္ဒကို အနည်းစုကလိုက်နာ၊ အနည်းစု၏ဆန္ဒကိုလည်း အများစုက အလေးထားစဉ်းစား၊ မိမိ၏ လွတ်လပ်မှုသည် အများအတွက် မထိခိုက်စေခြင်းနှင့် မျှော်မှန်းသလောက်ခရီးမရောက်နိုင်သော်ငြား စိတ်ရှည်သည်းခံခြင်းတို့ကို နိုင်ငံသားတိုင်း မြတ်နိုးစွာကျင့်ကြံကြိုးစားကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအရွေ့ကောင်းတစ်ခုကို အတူတကွ ပုံဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဥပဒေပြုလွှတ်တော်များအားကောင်းမှသာ ဒီမိုကရေစီစနစ်ပီပြင်စွာ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်စားလှယ်တော်ကြီးများ၏ အဓိကတာဝန်ဖြစ်သည့် ခေတ်စနစ်နှင့်ကိုက်ညီမည့် ဥပဒေပြုရေးတာဝန်များကို မြတ်နိုးဖွယ်တာဝန်ဟု မှတ်ယူပြီး ပြည်သူများဥပဒေ၏ အကာအကွယ်ကိုတန်းတူရရှိနိုင်ရန်၊ ပြည်သူ့အကျိုးကိုသာဖော်ဆောင်ပေးသည့် ဥပဒေများဖြစ်စေရန်၊ ပြည်သူများအမှန်တကယ် လိုက်နာနိုင်မည့်ဥပဒေများထုတ်ပြန်နိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်၏ ဆောင်ပုဒ်နှင့်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို WHO ကိုယ်စားလှယ် Mr.Stephen Jost ဖတ်ကြားစဉ်။

အညီ ပြည်သူ့အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစဉ်နှလုံးသွင်းဆောင်ရွက်ကာ မိမိတို့ထုတ်ပြန်သည့် ဥပဒေများသည် ပြည်သူ့အတွက် အမှန်တကယ် အကျိုးရှိ၊ မရှိ၊ လက်တွေ့ဘဝတွင် ပြည်သူ့အကျိုးကို ဥပဒေဘောင်အတွင်းမှ အကာအကွယ်ပေးနိုင်ခြင်း ရှိ၊ မရှိ လေ့လာစောင့်ကြည့်၊ ဝိုင်းဝန်းထိန်းညှိပြီး ပြည်သူတို့၏ အသံကိုအစဉ်နားစွင့်ကာ ပြည်သူတို့လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန်၊ ပြည်သူများဥပဒေ၏ အကာအကွယ်ဖြင့် အေးချမ်းလုံခြုံစွာ နေနိုင်ရန် မိမိတို့အားလုံး အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်သည် "Oversight" ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို

စာမျက်နှာ ၅ သို့ ❍

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး(၅/၂၀၁၈) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union- MPU) အစည်းအဝေး (၅/၂၀၁၈) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၊ ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်**(ယာပုံ)**က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly- AIPA) အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး မကြာမီကျင်းပမည့် နိုင်ငံတကာပါလီမန်များအဖွဲ့(Inter-Parliamentary Union- IPU)အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများသိရှိစေလိုပါကြောင်း၊ လွှတ်တော်များ၏နဝမပုံမှန်အစည်းအဝေးကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီး၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ(မူကြမ်း)ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏အကြံပြုချက်များနှင့်အချက်အလက်များကိုစုစည်း၍ အကောင်းဆုံးဖြစ်ရန် တစ်ဆင့်ပြီးတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့်ညှိနှိုင်းတိုင်ပင် ဝိုင်းဝန်းဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို ကူညီပံ့ပိုးရန် အမြဲအသင့်ရှိနေပါကြောင်း၊ လွှတ်တော်များရှိ ဝန်ထမ်းများအရည်အသွေးမြင့်မားရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၉) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA)အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အစည်းအဝေး(၄/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က လွှတ်တော်ဆိုင်ရာ အကြောင်းအရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် စွမ်းရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီး၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ (မူကြမ်း) ကိစ္စရပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထွေထွေဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆောင်ရွက်

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများက တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ခွင့်ပြုမိန့်နှစ်ခု၊ အတည်ပြုမိန့်တစ်ခု ခွင့်ပြု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် နှစ်ခုနှင့် အတည်ပြုမိန့် တစ်ခု ခွင့်ပြုရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပထမအကြိမ်မြောက် ကိုရီးယားရိုးရာဂီတပွဲတော် ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ပထမအကြိမ်မြောက် ကိုရီးယားရိုးရာဂီတပွဲတော်ကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

တက်ရောက်

ဂီတပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာလီစန်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရောက် ကိုရီးယားလူမျိုးများအသင်းမှ တာဝန်ရှိသူများနှင့် ကိုရီးယားနိုင်ငံသားများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ ကိုရီးယားရိုးရာဂီတအစည်းအရုံးဥက္ကဋ္ဌ မစ္စ ဟုန်ဆောင်းဒေါ့က မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့် မြန်မာနိုင်ငံရောက် ကိုရီးယားလူမျိုးများအသင်း ဥက္ကဋ္ဌ မစ္စတာ ဂျောင်းဆောင်းဟို တို့အား ဂုဏ်ပြုပန်းစည်းနှင့် အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့အား အမှတ်တရ ပန်းစည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး ပွဲတော်သို့ ကိုရီးယားနိုင်ငံမှ ပေးပို့လာသော သဝဏ်လွှာအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးက ဖတ်ကြားသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်များကိုစတင်ရာ ကိုရီးယားရိုးရာဂီတအသင်းမှ အနုပညာရှင်အကျော်အမော်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကအလှုများ၊ ရိုးရာအက၊ ရိုးရာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ယဉ်ကျေးမှု ဖလှယ်သည့်အနေဖြင့် အဆိုပါဂီတပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး ပွဲတော်ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံရှိ Korean Association ၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးတို့၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

ဒိုက်ဦး စက်တင်ဘာ ၁၅

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးသိန်းဇော်ဦးဆောင်သော တပ်ဖွဲ့ဝင်မိသားစုများက စက်တင်ဘာ ၁၅ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မင်းလမ်း ဒရယ်မီးရပ်ကွက် ရုံးကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော ဓမ္မရာဇိကအလိုတော်ပြည့် ရပ်တော်မူဘုရားရင်ပြင်တော်တွင် သဲဖို့ခြင်းနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ကြောင်း သိရသည်။

ကျော်ကျော်(မြန်/ဆက်)

○ စာမျက်နှာ ၃ မှ

တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲကာ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းဖြင့် ဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာစေပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ဦးတည်လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်စဉ်များနှင့်အတူ ဒီမိုကရေစီပန်းတိုင်သို့ မိမိတို့လျှောက်လှမ်းရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများစွာ၊ ပဋိပက္ခများစွာ၊ စိန်ခေါ်မှုများစွာတို့ကို မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယတို့ဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီ၏ လက္ခဏာကောင်းဖြစ်သည့် စုပေါင်းဆောင်ရွက်ခြင်းဖြင့် **“ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး”** ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ လိုလားတောင့်တလျက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရာတွင် မိမိတို့ဆုပ်ကိုင်ထားသော အတ္တမာနများကိုဖယ်ရှားကာ သူတစ်ပါးအတွက်၊ အများအတွက် မျှဝေခြင်းများဖြင့် မေတ္တာထားကြရန်၊ အသီးသီးသောမတူကွဲပြားခြားနားသည်များကိုလည်း တစုတစည်းတည်းဖြစ်စေပြီး တူညီသောစိတ်ဓာတ်များဖြင့် ယုံကြည်ခြင်းကိုသစ္စာပြုကာ နိုင်ငံသားများအားလုံး အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေချီးမြှင့်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဆောင်ပုဒ်သည် **“ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး(Oversight)”**ဆိုသည့် ဆောင်ပုဒ်ဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ သံတမန်များ၊ ကမ္ဘာ့ပါလီမန်များအဖွဲ့၊ ပါလီမန်များသမဂ္ဂ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လွှတ်တော်မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် သတင်းမီဒီယာဥပဒေပါအချက်များနှင့်အညီ သက်တမ်းကုန်ဆုံးတော့မည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် တာဝန်လွှဲပြောင်းလက်ခံပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အသစ်များဖြင့် ရွေးချယ်ဖွဲ့စည်းနိုင်ရန်၊ ဖွဲ့စည်းဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုနိုင်ရန်စသည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေမှုနှင့်အတူ အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိုင်ငံ၏အကျိုးစီးပွားနှင့် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)က သက်တမ်းကုန်ဆုံးတော့မည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတွင် ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ပြီး ဆောင်ရွက်မည့် အခြေအနေ၊ ကောင်စီအသစ်အနေဖြင့် နိုင်ငံ၏အကျိုးစီးပွားနှင့် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ရလဒ်ကောင်းများရရှိအောင်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် တာဝန်ထမ်းဆောင်ရမည့် ကာလအတွင်း ရလဒ်ကောင်းများရရှိအောင် ရည်မှန်းချက်ထားရှိပြီး နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ ညှိနှိုင်းဆောင်ရွက်မှုများတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း နိဂုံးချုပ်ပြောကြားသည်။

၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေအရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်ရာ လက်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ စက်တင်ဘာ ၈ ရက်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ၂၉ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရွေးချယ်တင်မြှောက်ထားသည့် ကောင်စီဝင်များ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်သွင်းရန်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းရန်၊ ထိုသို့ ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုရန် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သက်ကြီးသတင်းစာပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)က နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သက်ကြီးသတင်းစာပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ဒီပွဲကို အစဉ်အလာမပျက် ကျင်းပသွားနိုင်ဖို့ ကြိုတင်ပြင်ဆင်နေပါတယ်။ အနယ်အနယ် အရပ်ရပ်မှာရှိတဲ့ သက်ကြီးသတင်းစာဆရာကြီးတွေဆီ ချိတ်ဆက် စာရင်းပြုစုထားရှိပါတယ်။ အဓိကရည်ရွယ်ချက်က စတုတ္ထမဏ္ဍိုင်ပီသရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ လက်ဆင့်ကမ်းတိုက်ပွဲဝင်ခဲ့ကြတဲ့ သက်ကြီးသတင်းစာပညာရှင်တွေ ဆုံစည်းခွင့်ရဖို့ရယ်၊ ဒီပညာရှင်တွေကို ပူဇော်ကန်တော့တဲ့အတွက် ဆရာကြီး ဆရာမကြီးတွေလည်း ပီတိဖြစ်ကြမယ်။ သတင်းစာဆရာကြီးတွေရဲ့ ကျေးဇူးကို အသိအမှတ်ပြု လေးစားရာကြတဲ့အပြင် လက်ရှိသတင်းသမားတွေအတွက်ပါ အားဖြစ်စေဖို့ ရည်ရွယ်ပြုလုပ်ရခြင်း ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးသာဇော်က ပြောသည်။

ပဉ္စမအကြိမ်မြောက် သက်ကြီးသတင်းစာဆရာများ ပူဇော်ကန်တော့ပွဲတွင် အနယ်နယ်အရပ်ရပ်မှ သက်ကြီးသတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင်များအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက MJAရုံးဖုန်း ၀၁-၂၄၉၅၁၉၊ ဦးထွန်းနေစိုး ရန်ပုံငွေရှာဖွေရေးကော်မတီ ဖုန်း ၀၉-၅၀၀၉၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အသီးသီး၏ ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ (၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဆိုသည့် အမည်အောက်တွင် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း မြန်မာနိုင်ငံတွင် မရှိခဲ့ပါကြောင်း၊ ပထမဆုံးသော အဖွဲ့အစည်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အရေးကြီးသည့်တရားမျှတမှုကို ဖော်ဆောင်ပေးရေးသည် အဓိကရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့အစည်းအနေဖြင့် ဥပဒေဘောင်အတွင်းမှ ဖြစ်ရမည်ဖြစ်ပြီး တရားဥပဒေနှင့်လည်း ကိုက်ညီရမည်ဖြစ်ပါကြောင်း၊ ထိုဘောင်အတွင်းမှ အလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန်မျှမျှတတဖြင့် တရားစီရင်ရေးကို အကူအညီပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိတ်စေတနာကောင်းထားရန် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ထောက်ပံ့ရေးကိစ္စများကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် My Justice အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Ms. Caitlin Reiger က အမှာစကားပြောကြားပြီး My Justice အဖွဲ့မှ တရားမျှတမှုလက်လှမ်းမီရေးအကြံပေး Ms. Susan Lee က MyJustice Programme အကြောင်းကို မိတ်ဆက်ပေးသည်။

ယင်းနောက် My Justice အဖွဲ့မှ တာဝန်ရှိသူများက My Justice ၏ ဥပဒေအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်မှုပုံစံများနှင့် အလေ့အထများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဥပဒေအထောက်အကူပေးခြင်းများနှင့် တရားမျှတမှုစင်တာများ အပါအဝင် မြန်မာနိုင်ငံရှိ ဥပဒေအထောက်အကူပေးနေသော အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဥပဒေအထောက်အကူပေးရာတွင် စောင့်ကြည့်လေ့လာခြင်းနှင့် အရည်အသွေးထိန်းသိမ်းမှုကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များက စိတ်စေတနာအပြည့် မှန်မှန်ကန်ကန်ဖြင့် ဥပဒေနှင့်အညီ ပါဝင်ကူညီဆောင်ရွက်ပေးရေး ကိစ္စရပ်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ လုပ်ဆောင်ချက်များ၊ လုပ်ငန်းမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စင်ကာပူနိုင်ငံ၏ စာကြည့်တိုက်အကြောင်း တစေ့တစောင်း

ဒေါက်တာသန့်စင်(ရူပဗေဒ)

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးချကြရန်နှင့် စာကြည့်တိုက်များကလည်း နေ့စဉ်၊ လစဉ်ထုတ် သုတ၊ ရသစာအုပ်များအပြင် မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်များကို ပြည့်စုံစွာထားရှိသင့်ကြောင်း အကြံပြုရေးသားခြင်း၊ ပြောဆိုခြင်းများကို မကြာခဏကြားသိရသဖြင့် များစွာဝမ်းသာမိပါသည်။ ထုတ်ဝေသောစာအုပ်စာစောင်များ၏ ဈေးနှုန်းများမှာ ယနေ့လူငယ်အများစုအတွက် ဝယ်ယူဖတ်ရှုနိုင်ရန် ဈေးနှုန်းမြင့်မားနေသဖြင့် လူငယ်အများစုများမှာ နီးစပ်ရာ စာကြည့်တိုက်များတွင်သာ ငှားယူဖတ်ရှုနေရပါသည်။ စာရေးသူတို့ငယ်စဉ် ၁၉၆၉ ခုနှစ် ဝန်းကျင်ခန့်က ယခုကဲ့သို့ တီဗွီများ၊ လက်ကိုင်ဖုန်းများ မရှိသေးသဖြင့် ရေဒီယိုနားထောင်ခြင်းနှင့် စာအုပ်စာစောင်များကိုသာ ဖတ်ရှုခဲ့ရပါသည်။ ထိုစဉ်က ပြန်ကြားရေးစာကြည့်တိုက်များကို အားကိုးခဲ့ရပါသည်။

ယခုအခါတွင် သတင်းအချက်အလက်နည်းပညာ အလွန်တိုးတက်နေသဖြင့် လူအများသည် ရေဒီယိုနားထောင်ခြင်းထက် တီဗွီ၊ အင်တာနက်၊ ဖေ့စ်ဘွတ်ခ်၊ ဗိုက်ဘာ စသည့်လူမှုကွန်ရက်များကို အသုံးပြုကာ နေ့စဉ်သတင်းများ၊ စာပေဗဟုသုတများကို ဖတ်ရှုလာကြပါသည်။ စာအုပ်စာပေဖတ်ရှုမှု ကျဆင်းလာပါသည်။ လူသားတို့၏ နေ့စဉ်ဘဝအတွက် ရုန်းကန်ရန်အချိန်ပိုပေးရသဖြင့် စာအုပ်ဖတ်ခြင်းထက် ပိုမိုလွယ်ကူ စိတ်ဝင်စားစေသည့် ဖေ့စ်ဘွတ်ခ်ကို အသုံးပြုခြင်း များပြားလာပါသည်။

ခေတ်မီတိုးတက်သော နိုင်ငံတိုင်းတွင်ရှိသည့် တိုင်းသူပြည်သားများကို လေ့လာကြည့်ပါက အသိပညာမြင့်မားသူ များပါသည်။ သူတို့သည် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြပြီး စာကြည့်တိုက်ကို ကောင်းစွာအသုံးချကြသူများဖြစ်ပါသည်။ စာရေးသူ စင်ကာပူနိုင်ငံသို့ အလည်သွားစဉ် စာကြည့်တိုက်တချို့ကို လေ့လာကြည့်မိပါသည်။ စင်ကာပူအမျိုးသားစာကြည့်တိုက် (National Library)၊ YISHUN Public Library၊ Orchard Library တို့တွင် စာဖတ်သူများနှင့် စည်ကားနေသည်ကို တွေ့ရပါသည်။ စင်ကာပူအမျိုးသားစာကြည့်တိုက်တွင် အထပ် ၁၃ ထပ်ရှိပြီး စာအုပ်အမျိုးအစားများကို သက်ဆိုင်ရာအထပ်အလိုက် ခွဲခြားထားပါသည်။ ဥပမာ အထပ် ၇ တွင် Business Collection၊ Science and Technology Collection (စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ) စာအုပ်များရှိပါသည်။ အမျိုးသားစာကြည့်တိုက်တွင် စာဖတ်ခန်း၊ သီချင်းနှင့် အခြားဂီတများ နားထောင်ခန်း၊ ဗီဒီယို ကြည့်ရှုနိုင်သည့်အခန်း၊ အင်တာနက်အသုံးပြု၍ နိုင်ငံအသီးသီးမှ သတင်းစာများ နေ့စဉ်ဖတ်ရှုနိုင်သည့်အခန်း၊ ကလေးများအတွက် ကစားရင်းစာဖတ်နိုင်ရန် ပြုလုပ်ထားသည့်အခန်း၊ စာပေဆွေးနွေးပွဲများပြုလုပ်နိုင်သည့်အခန်း၊ ရည်ညွှန်းစာအုပ်များ သီးသန့်ဖတ်ရန်အခန်း၊ စာရွက်စာတမ်းများ မိတ္တူကူးသည့်အခန်း စသဖြင့် လူအများကို စိတ်ဝင်စားဖွယ် ဆွဲဆောင်ထားပါသည်။ စာကြည့်တိုက်ယဉ်ကျေးမှုသည် ပြောင်းလဲခဲ့ပါပြီ။ ယခင်က စာကြည့်တိုက်ဆိုသည်မှာ စာအုပ်များသာ ဖတ်ရန်အတွက်ထားရာမှ ယခုအခါ လူအများဘက်စုံပညာရနိုင်ရန်၊ စာအုပ်သာမက အင်တာနက်၊ ဗီဒီယို၊ ဂီတ၊ အနုပညာ ဟောပြောဆွေးနွေးပွဲများပါ ပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ထားပါသည်။

ထို့ပြင် စာအုပ်ငှားစနစ်၊ စာအုပ်ပြန်အပ်စနစ်၊ မိမိလိုချင်သည့်စာအုပ်ကို စာကြည့်တိုက်တွင် အခြားသူတစ်ဦးက ငှားရမ်းထားပါက ၎င်းစာအုပ်ပြန်အပ်သည့်အခါ ဆက်လက်ငှားရမ်းနိုင်ရန် အကြောင်းကြားပေးသည့်စနစ် စသည်များကို ခေတ်မီအီလက်ထရွန်နစ်စနစ် ILMS (Integrated Library Management System)ဖြင့် စီမံခန့်ခွဲထားပါသည်။ စာအုပ်များ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗီဒီယိုခွေ၊ ရှေးဟောင်းရှားပါးကျမ်းစာများကို RFID (Radio Frequency Identification)ခေါ် ရေဒီယိုလှိုင်းများဖြင့် စစ်ဆေးနိုင်သော တိပ်ပြားလေးများထည့်သွင်းထားသောကြောင့် ပြင်ပသို့ အငှားစာရင်းမသွင်းဘဲ ယူဆောင်သွားပါက အဝင်၊ အထွက်ဂိတ်မှ အချက်ပေးမြည်သံ ထွက်လာပါသည်။

စာအုပ်များကို ငှားရမ်းရာတွင် စာအုပ်ထားသည့်စင်တွင် စာအုပ်များကို လွတ်လွတ်လပ်လပ် ကြည့်ရှုကာ မိမိကြိုက်သည့်စာအုပ်များကို ယူဆောင်လာပြီး စာအုပ်ငှားသည့်စက် (e-kiosk)များတွင်တင်ပြီး စာကြည့်တိုက်ကတ်ပြားကို အသုံးပြုကာ RFID စနစ်ဖြင့်ပင် အလိုအလျောက် ကွန်ပျူတာစနစ်ဖြင့် ငှားရမ်းနိုင်ပါသည်။ ထိုစက်မှ ငှားရမ်းသည့် စာအုပ်အမည်၊ ပြန်အပ်ရမည့်နေ့၊ ငှားရမ်းသူ၏ စာကြည့်တိုက်ကတ်နံပါတ်ပါသည့် ပြေစာစာရွက် ထွက်လာပါသည်။ စာကြည့်တိုက်ဝန်ထမ်းကို အကြောင်းကြားရန်မလိုဘဲ ယူဆောင်သွားနိုင်ပြီဖြစ်ပါသည်။ စာအုပ်ပြန်အပ်ရာတွင်လည်း (24-hr Book drop)စာအုပ်အပ်သည့်စက်များရှိပြီး မိမိဖတ်ရှုပြီးသည့် စာအုပ်များကို စာကြည့်တိုက်ပြင်ပ(သို့) အတွင်းတွင်ထားရှိသော ထိုစက်၏ စာအုပ်ထည့်သည့် အပေါက်ငယ်အတွင်း ထည့်လိုက်ရုံဖြင့် အပ်ပြီးကြောင်းစာရွက် ထွက်လာပါသည်။

မိမိအားသည့်အချိန် ပြန်အပ်နိုင်ရန် ၂၄ နာရီဖွင့်ထားသည့် book drop များဖြစ်ပါသည်။ စာကြည့်တိုက်အချင်းချင်း အင်တာနက်ကွန်ရက်ချိတ်ဆက်ထားသောကြောင့် မိမိငှားလိုသည့်စာအုပ်ကို တခြားစာကြည့်တိုက်တွင်ရှိပါက အွန်လိုင်းမှ ရှာကြည့်ပြီး စာကြည့်တိုက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလည်း ပေးထားပါသည်။ စာကြည့်တိုက်ခန်းများတွင် သက်သောင့်သက်သာနှင့် အေးဆေးစွာစာဖတ်နိုင်ရန် လေအေးပေးစက်များ၊ လုံလောက်သော အလင်းရောင်များ ဖန်တီးပေးထားပါသည်။ မိမိအကြိုက်ဆုံးမှာ ကလေးများကို စာကြည့်တိုက်တွင် ပျော်ရွှင်ရင်းနှီးမှုရစေရန် စီမံထားခြင်းဖြစ်ပါသည်။ ကလေးစာကြည့်တိုက်ခန်းတွင် ကလေးများကစားနိုင်ရန် ပစ္စည်းငယ်များ၊ ပန်းချီဆွဲနိုင်သည့် စာရွက်များ၊ စိတ်ဝင်စားဖွယ်ကာတွန်းပန်းချီပုံများနှင့် အလွယ်တကူ ဖတ်ရှုနိုင်သော စာအုပ်စာစောင်များ ထားရှိပါသည်။ ထို့ကြောင့် ကလေးများသည် ပျော်ရွှင်ကာ စာဖတ်ခန်းကို အသုံးပြုနေကြပါသည်။ လိုက်ပို့သည့်မိဘများကလည်း လွတ်လပ်စွာ စာဖတ်နိုင်ပါသည်။

စင်ကာပူနိုင်ငံ အမျိုးသားစာကြည့်တိုက်တွင် ၂၀၁၇ ခုနှစ်တွင် စာကြည့်တိုက်အသင်းဝင်သူပေါင်း ၂ ဒသမ ၄ သန်းခန့်ရှိပြီး စာကြည့်တိုက်သို့ လာရောက်လည်ပတ်လေ့လာသူပေါင်း ၂၅ ဒသမ ၅ သန်းခန့်ရှိကြောင်းနှင့် မိုဘိုင်းတယ်လီဖုန်းအသုံးပြု၍ စာကြည့်တိုက်မှ စာအုပ်ဖတ်သူပေါင်း ၂၈ ဒသမ ၇ သန်းခန့်ရှိကြောင်း သိရသည်။

စာရေးသူ အခြားစာကြည့်တိုက်များကို ဆက်၍လေ့လာကြည့်ရာတွင် စာကြည့်တိုက်တချို့မှာ စူပါမားကက်များ၏ အပေါ်ဆုံးထပ်တွင်ရှိကြောင်း တွေ့ရပါသည်။ ဈေးဝယ်လာရင်း စာကြည့်တိုက်ဝင်ကာ အလွယ်တကူ အသုံးချနိုင်ရန် စီမံထားပါသည်။ ကျောင်းသား ကျောင်းသူလေးများသည် အဆိုပါစာကြည့်တိုက်တွင် ကျောင်းမှသင်ခန်းစာတချို့ကို စာအုပ်များတွင် ရှာဖွေကာ ဖြေဆိုနေသည်ကို တွေ့ရပါသည်။ ဈေးဝယ်လာသူအမျိုးသမီးတစ်ဦးမှာ ကလေးကို လက်တွန်းလှည်းအတွင်းထည့်ကာ (Collect Reservation) စာအုပ်ငှားရန် ကြိုတင်စာရင်းပေးထားသည့် စာအုပ်စင်ဘီရိုတွင်ရှိ အကန့်တစ်ကန့်ကို ၎င်း၏မိုဘိုင်းတယ်လီဖုန်းပေါ်မှ နံပါတ်ကို အသုံးပြု၍ဖွင့်ပြီး စာအုပ်ယူဆောင်သွားနိုင်သည်ကို တွေ့ရပါသည်။

> ❛စာကြည့်တိုက်ယဉ်ကျေးမှုသည် ပြောင်းလဲလာပြီဖြစ်ပါသည်။ စာကြည့်တိုက်များကို စာအုပ်များ လေ့လာရန်သာမက အခြားလူမှုရေး ဖျော်ဖြေမှု(ဂီတ၊ ဗီဒီယို၊ ဟောပြောပွဲ၊ ကလေးများကစားခြင်း၊ ပန်းချီဆွဲခြင်း၊ စာဖတ်ခြင်း) များပါ ပြုလုပ်နိုင်သည့် ဘက်စုံသုံးစာကြည့်တိုက်များ ဖြစ်လာပါသည်။ စာရေးသူတို့နိုင်ငံတွင်လည်း ထိုသို့ စာကြည့်တိုက်များ မြို့နယ်အနှံ့ ပေါ်ပေါက်လာစေရန် ကြိုးစားဆောင်ရွက်နေကြောင်း သိရပါသည်။ မကြာမီကာလတွင် မြန်မာနိုင်ငံသားများ၏ စာကြည့်တိုက်အသုံးပြုမှု၊ စာဖတ်မှုစွမ်းအားများ မြင့်မားလာမည်ဟု ယုံကြည်မိပါသည်❜

စာကြည့်တိုက်ယဉ်ကျေးမှုသည် ပြောင်းလဲလာပြီဖြစ်ပါသည်။ စာကြည့်တိုက်များကို စာအုပ်များလေ့လာရန်သာမက အခြားလူမှုရေး ဖျော်ဖြေမှု(ဂီတ၊ ဗီဒီယို၊ ဟောပြောပွဲ၊ ကလေးများကစားခြင်း၊ ပန်းချီဆွဲခြင်း၊ စာဖတ်ခြင်း) များပါ ပြုလုပ်နိုင်သည့် ဘက်စုံသုံး စာကြည့်တိုက်များ ဖြစ်လာပါသည်။ စာရေးသူတို့နိုင်ငံတွင်လည်း ထိုသို့စာကြည့်တိုက်များ မြို့နယ်အနှံ့ ပေါ်ပေါက်လာစေရန် ကြိုးစားဆောင်ရွက်နေကြောင်း သိရပါသည်။ မကြာမီကာလတွင် မြန်မာနိုင်ငံသားများ၏ စာကြည့်တိုက်အသုံးပြုမှု၊ စာဖတ်မှုစွမ်းအားများ မြင့်မားလာမည်ဟု ယုံကြည်မိပါသည်။ ။

ရန်ကုန်မြို့ရှိ စာသင်ကျောင်းများတွင် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မြို့တော်ဝန်ဆု ပြည်သူ့နီတိအသိပညာပေးစာမေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိစာသင်ကျောင်းများတွင် ယမန်နေ့နံနက် ၉ နာရီက တစ်ပြိုင်နက် ကျင်းပခဲ့ကြောင်း သိရသည်။

"အခုကျင်းပတာ ကျောင်းအဆင့်ပြိုင်ပွဲပါ။ နောက်ပိုင်း မြို့နယ်အဆင့်ပြိုင်ပွဲနဲ့ ဗဟိုအဆင့်ပြိုင်ပွဲတွေ ကျင်းပသွားမှာပါ။ ဒီနေ့ ကျောင်းအဆင့်ဖြေဆိုတာတွေကို ပြိုင်ပွဲကျင်းပရေးကော်မတီတွေက ကျောင်းတွေအထိ လိုက်လံကြည့်ရှုအားပေးတာ ဖြစ်ပါတယ်။ ကျောင်းအဆင့်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူတွေကို အတန်းအလိုက် မေးခွန်းနဲ့ ဖြေဆိုချိန်တွေ သတ်မှတ်ပေးထားပါတယ်။ ဥပမာ အထက်တန်းဆိုရင် ဖြေဆိုချိန် သုံးနာရီ သတ်မှတ်ပေးထားတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ဖြေဆိုမှုများကို အဖွဲ့လေးဖွဲ့ခွဲ၍ အရှေ့ပိုင်းခရိုင်ရှိ ကျောင်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ အနောက်ပိုင်းခရိုင်ရှိ ကျောင်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဒေါက်တာတိုးအောင်နှင့်အဖွဲ့ဝင်များကလည်းကောင်း၊ တောင်ပိုင်းခရိုင်ရှိ စာသင်ကျောင်းများကို စာရေးဆရာ ဦးကောင်းသန့်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ မြောက်ပိုင်းခရိုင်ရှိ စာသင်ကျောင်းများကို ဆရာဦးတင်လှိုင်နှင့် အဖွဲ့ဝင်များကလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြသည်။

"ဒီနေ့ ကျောင်းအဆင့်ဖြေဆိုတာတွေ လိုက်ကြည့်တာမှာ ကလေးတွေဖြေနိုင်တာကို တွေ့ရပါတယ်။ သုံးနာရီမေးခွန်းကို နှစ်နာရီနဲ့ ဖြေကြတယ်။ နှစ်နာရီမေးခွန်းကို တစ်နာရီနဲ့ ဖြေကြတယ်။ ဒါသူတို့ကြိုတင်လေ့လာထားလို့ ဖြေနိုင်တာပေါ့။ ကျောင်းအဆင့်မေးခွန်းကို ကျောင်းကဆရာတွေက ကျွန်တော်တို့ကျောင်းတွေကို ပေးထားတဲ့ စာအုပ်တွေကို အခြေခံပြီး မေးခွန်းထုတ်ထားတာပါ။ တော်တော်လေးလည်း အဆင့်မြင့်ပါတယ်။ မြို့နယ်အဆင့်နဲ့ ဗဟိုအဆင့်ကို ကျွန်တော်တို့ဆီက မေးခွန်းထုတ်မှာပါ" ဟု စာမေးပွဲကျင်းပရေးဗဟိုကော်မတီဝင် မြန်မာစာရေးဆရာကလပ်အသင်းဥက္ကဋ္ဌ စာရေးဆရာဦးကောင်းသန့်က ပြောသည်။

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိပြိုင်ပွဲကို ကျောင်းအဆင့်ပြိုင်ပွဲ၊ မြို့နယ်အဆင့်ပြိုင်ပွဲနှင့် ဗဟိုအဆင့်ပြိုင်ပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားခြင်းဖြစ်ပြီး မြို့နယ်အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်တွင်လည်းကောင်း၊ ဗဟိုအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းများကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျောင်းအဆင့်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများမှာ မြို့နယ်အဆင့်သို့ တက်လှမ်းကာ မြို့နယ်အဆင့် ဖြေဆိုရမည်ဖြစ်ပြီး ယင်းမြို့နယ်အဆင့်မှ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများမှာ ဗဟိုအဆင့်သို့ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဗဟိုအဆင့် ရေးဖြေပြိုင်ပွဲအား အထက(၂) လသာကျောင်းတွင် ကျင်းပကာ လူတွေ့စစ်ဆေးခြင်း(နှုတ်ဖြေ)ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ဇာနည်မောင်

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

မန္တလေး စက်တင်ဘာ ၁၅

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ အလှူငွေများလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းနှင့် တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် သီဟသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင်(မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)၊ ဦးအောင်တိုး-ဒေါ်လှလှဝင်း(စိန်ခြယ်အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေး စူပါဝမ်းဘီစကစ်မိသားစု)နှင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်းရွှေ(ပြည်သာကျောက်စိမ်း ကျောက်မျက်ရောင်းဝယ်ရေးမိသားစု)တို့က အလှူငွေကျပ်သိန်း ၁၀၀ စီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ(အဆင့်မြင့်ဒိုးပုံ့ဂျုံစက်မိသားစု)၊ မန်းရတနာ အမျိုးသမီးအလှူရှင်များအဖွဲ့နှင့် ဦးအောင်ဆန်းဝင်း-ဒေါ်အေးမော်စီ(အောင်သမာဓိ စိန်ရွှေရတနာဆိုင်မိသားစု)တို့က ငွေကျပ်သိန်း ၅၀ စီ၊ ကူမဲမြို့မှ ဒေါ်ခင်အုန်းမြင့်(သမာဓိရွှေဆိုင်နှင့် အောင်စိုးမိုးရောင်းဝယ်ရေးမိသားစု)၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်စုစုသန်းမိသားစုတို့က အလှူငွေကျပ်သိန်း ၃၀ စီ၊ ဦးစိုးနိုင်ထွန်း-သုဓမ္မသိင်္ဂီ ဒေါ်စံပယ်ကိုလေး (KLမျက်စိအထူးကုဆေးရုံမိသားစု)၊ ရွှေဘိုမြို့နေ ဦးစောထွန်း-သုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့(နဂါးသမီးရှော့ပင်းစင်တာမိသားစု)နှင့် မန္တလေးမြို့မှ ဒီဖိုင်နာ မျိုးမင်းစိုးတို့က အလှူငွေကျပ် ၂၅ သိန်းစီ၊ မန္တလေးမြို့နေ သုဓမ္မမဏိဇောတရေ ဦးစိုးလင်း-ဒေါ်အေးအေးကြိုင်မိသားစုက ကျပ်သိန်း ၂၀၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ဝေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေသဇင်မိသားစု၊ ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်နေ ဦးသောင်းညွှန့်-ဒေါ်အေးအေးမြိုင် မိသားစုနှင့် မန္တလေးမြို့ လက်မှုမျက်ပါး ရွှေဆိုင်းအဖွဲ့တို့က အလှူငွေကျပ်သိန်း ၁၀ စီ၊ ဦးထွန်းထွန်း-သုဓမ္မသိင်္ဂီဒေါ်ကေသီကို(၂၈ ရွှေလမင်းရွှေဆိုင်မိသားစု)၊ ဒေါက်တာလှကြွယ်သီဟ-သုဓမ္မသိင်္ဂီဒေါ်အေးအေးအောင်မိသားစုများက အလှူငွေကျပ်ငါးသိန်းစီနှင့် ဦးအောင်မျိုးလွင်-ဒေါ်မိုးမိုးတင် မိသားစုက အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဦးစိန်မြင့်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ(ဒိုင်းမွန်းစတားကုမ္ပဏီနှင့်ဒိုးပုံ့အဆင့်မြင့်ဂျုံစက်)မိသားစုက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သင်ကြားစီမံဆရာတော်များနှင့် သင်တန်းသားသံဃာတော်များအတွက် ဆွမ်းပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာ့ခရီးသွားလုပ်ငန်း အမှတ်တံဆိပ်အသစ် မိတ်ဆက်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Pullman Yangon Centrepoint Hotel ၌ ပြုလုပ်သည့် မြန်မာ့ခရီးသွားလုပ်ငန်းအမှတ်တံဆိပ် အသစ်ဖြစ်သော Myanmar:Be Enchanted(စွဲမက်ဖွယ်ရာပြည်မြန်မာ) မိတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ခရီးသွားလုပ်ငန်းသည် နည်းပညာပြောင်းလဲမှုများနှင့်အတူ ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်မှုများသည်လည်း ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြု၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ အမှတ်တံဆိပ်ဖြစ်သည့် Myanmar:Let the Journey Begin ကို ၂၀၁၃ ခုနှစ်တွင်စတင်အသုံးပြုခဲ့ပါကြောင်း၊ ထို့ပြင် ယခုမျက်မှောက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အစပြုနေဆဲအဆင့်မဟုတ်ဘဲ အရှိန်ရလာပြီဖြစ်၍ အမှတ်တံဆိပ်အသစ်ဖြင့် ပြန်လည်မြှင့်တင်နိုင်ရန်ဆောင်ရွက်ခဲ့ရာ

ယနေ့သည် အမှတ်တံဆိပ်အသစ်ကို ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ပုဂ္ဂိုလ်များအားလုံးကို အသိပေးမိတ်ဆက်သည့် အခမ်းအနားဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာကော်မတီများ၊ ညီနောင်အသင်းများအနေဖြင့်လည်း ယခုမိတ်ဆက်သည့်တံဆိပ်အသစ်ကို အသုံးပြုရန်နှင့် မြှင့်တင်ကြော်ငြာရန်ဆောင်ရွက်သွားကြစေလိုကြောင်း၊ လာမည့် JATA Tourism Expo 2018 တွင်လည်း တံဆိပ်အသစ်ကို နိုင်ငံတကာသို့ မြှင့်တင်ကြော်ငြာခြင်းဖြင့် ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ခရီးသွားလုပ်ငန်း အမှတ်တံဆိပ်အသစ်ဖြစ်သည့် Myanmar:Be Enchanted အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်အသစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့်ဧည့်သည်များနှင့် စာနယ်ဇင်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပူတာအိုမြို့နယ် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများ ထောက်ပံ့လှူဒါန်း

ပူတာအို စက်တင်ဘာ ၁၅

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စုနှင့် ပူတောင်းကျေးရွာအုပ်စုတို့တွင် စက်တင်ဘာ ၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် Snowland Hotel မိသားစုက ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၄ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပါတိတ်ချောင်းရေကြီးမှုကြောင့် ရေတိုက်စားသဖြင့် အိမ်ပြောင်းရွှေ့ဖျက်သိမ်းခဲ့ရသည့် မန်စေကျေးရွာအုပ်စု အထက်ဆန်ဂေါင်ကျေးရွာနေ အိမ်ထောင်စု လေးစုအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်၊ ခရိုင်လဝကမှူး ဦးဘုန်းမော်မိုးနှင့် တာဝန်ရှိသူများက ရေဘေးသင့်ခဲ့သည့် ဦးခေါ်ဒုဒီးအွမ်း၊ ဦးခေါ်ဒုဆင်ရမ်၊ ဒေါ်ငွါးမာဒါး၊ ဦးငွါးဇာဖိမိသားစုတို့အား ကယ်ဆယ်ရေးပစ္စည်းမျိုးစုံနှင့် ဆန်ရိက္ခာအတွက် စုစုပေါင်း ၅၈၈၀၀ ကျပ်နှင့် အိမ်ဆောက်ပစ္စည်း တစ်သိန်းဖိုးစီ စုစုပေါင်း လေးသိန်းတို့ကို ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့သည်။

အလားတူ စက်တင်ဘာ ၉ ရက်က ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မန်စေကျေးရွာအုပ်စုနှင့် ပူတောင်းကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ပြည်သူများအား စက်တင်ဘာ ၁၄ ရက်တွင် Snowland Hotel ဦးရယ်ဒမ်းတန်နှင့် ဇနီး ဒေါ်နန်ဆိုင်း(လပြည့်ဝန်းကုမ္ပဏီ) မိသားစုနှင့်အတူ မြို့နယ်ဒုတိယဦးစီးမှူး ဦးခါလ်ဒမ်းဂျုံခေါ်နှင့် ဝန်ထမ်းများပူးပေါင်းဆောင်ရွက်မှုဖြင့် ပူတောင်းကျေးရွာအုပ်စုရှိ ပူတောင်း၊ မုဒုံ-၁၊ မုဒုံ-၂ ကျေးရွာ၊ မန်စေကျေးရွာအုပ်စုရှိ မန်စေ၊ဝါဆား၊ လုံမူဒမ်း၊ ဖန်ခိုင်-၁၊ ဖန်ခိုင်-၂၊ မုံငိုရှိ COCအသင်းတော်များ၊ ရဝမ်နှစ်ခြင်းအသင်းတော်၊ ဦးရင်ထန်ဖုန်ဝမ်၊ ဦးခေါ်ဒုဒီးအွမ်း၊ ဦးခေါ်ဒုဆင်ရမ်၊ ဒေါ်ငွါးမာဒါး၊ ဦးငွါးဇာဖိ၊ COCအသင်းတော်(လီဆူ)တို့အတွက် ဆန် ၆၄ အိတ်၊ ထောက်ပံ့ငွေစုစုပေါင်း ကျပ် ၇၃၀၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

ဆွာရေဘေးသင့်ပြည်သူများအတွက် သီဟဖောင်ဒေးရှင်းက ဆန်အိတ် ၂၂၀ သွားရောက်လှူဒါန်း

ပဲခူး စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီးရှိ ဆွာရေကာတာကျိုးပေါက်မှုကြောင့် ဆွာ၊ ရေတာရှည်နှင့် ဖြူးမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် မန္တလေးမြို့ သီဟဖောင်ဒေးရှင်းက ဆန်အိတ် ၂၂၀ ကို စက်တင်ဘာ ၁၄ ရက်တွင် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် အမှန်တကယ်လိုအပ်နေသည့် ကျေးရွာများကို ရွေးချယ်ကာ စက်လှေများဖြင့် သွားရောက်၍ အိမ်ထောင်စုလူဦးရေအလိုက် ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်း သီဟဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောသည်။

အဆိုပါဖောင်ဒေးရှင်းက မြို့နယ် သုံးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ တွင်ရှိသည့် ရေဘေးရှောင်စခန်းများနှင့် ယင်းကျေးရွာများတွင် နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၂၀ နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေး ညှိနှိုင်းအစည်းဝေးတို့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြန်လည်ဆွေးနွေး

အစည်းအဝေးတွင် မြန်မာ့စွယ်စုံကျမ်းများ ထုတ်ဝေရေး ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အချက်အလက်ခိုင်မာမှန်ကန်ရေး၊ တာဝန်ခံစာတည်းအဖွဲ့နှင့် သုခမိန်အဖွဲ့ဖြည့်စွက်ဖွဲ့စည်းရေး၊ လုပ်ငန်းအချိန်ဇယားလျာထား သတ်မှတ်ဆောင်ရွက်ရေးတို့ကို ပြန်လည်ဆွေးနွေးမှာကြားသည်။

ယခုအခါ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရေးအတွက် စာအုပ်ပုံစံ အကြမ်းဖွဲ့စည်းနိုင်ခဲ့ပြီး ၎င်းကျမ်း ပထမတွဲပါ စာမူများအပေါ် ပညာရှင် ၂၆ ဖွဲ့၏ အကြံပြုချက်များနှင့် စာတည်းအဖွဲ့၏ ထောက်ညွှန်ချက်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ စာစဉ်ထုတ်ဝေရေးဆိုင်ရာ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ)က ဝတ္ထုရှည် ပထမတွဲ၊ ဒုတိယတွဲနှင့် တတိယတွဲများ ထွက်ရှိနိုင်ရန် ဆောင်ရွက်ထားမှု အခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်၊ ဝတ္ထုရှည်ကဏ္ဍအတွက်ကနဦးသုံးတွဲကိုတစ်ပြိုင်တည်းထုတ်ဝေနိုင်ရန် အချိန်ဇယားလျာထားသတ်မှတ်ခြင်း၊ ဆက်လက်ထွက်ရှိမည့် အတွဲများတွင် ပါဝင်မည့် ဝတ္ထုရှည်များ ရွေးချယ်အတည်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

လျာထားဆောင်ရွက်

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် ပထမတွဲတွင် ဂျိမ်းစ်လှကျော်၏ "မောင်ရင်မောင် မမယ်မ"၊ ဝန်စာရေး ဦးကြီး၏ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း"၊ မအေးခင်၏ "ချစ်ရိုးအမှန်" တို့ဖြင့်လည်းကောင်း၊ ဝတ္ထုရှည် ဒုတိယတွဲတွင် ဦးလတ်၏ "ရွှေပြည်စိုး"၊ ရွှေဥဒေါင်း၏ "ရတနာပုံ"၊ မောင်ဘသန်း၏ "ဘီအေ မောင်ဘလွင်" တို့ဖြင့်လည်းကောင်း၊ ဝတ္ထုရှည်တတိယတွဲတွင် ပီမိုးနင်း၏ "နေရီရီ"၊ ဦးလတ်၏ "တနန်းပျော် ရင်သွေးတော်"၊ သခင်ကိုယ်တော်မှိုင်း၏ "မှာတော်ပုံ"တို့ဖြင့်လည်းကောင်း ပါဝင်ဖွဲ့စည်းထားပြီး လာမည့် ဒီဇင်ဘာလဆန်းတွင် ထွက်ရှိနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည်အတွဲများ ဆက်လက်ထွက်ရှိနိုင်ရန်အပြင် ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာ၊ အက်ဆေး၊ စာပဒေသာ စသည့် စာစဉ်တွဲများ ထွက်ရှိနိုင်ရန်အတွက်လည်း ၎င်းစာစဉ် ထုတ်ဝေရေးဆိုင်ရာကော်မတီဝင်များ၊ ပညာရှင်များနှင့် စာပေဗိမာန် စာတည်းအဖွဲ့ဝင်များက ညှိနှိုင်းပေါင်းစပ်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ Broadcasting Governing Body (BGB) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၅/၂၀၁၈ ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ကျင်းပရာ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် တရားမဝင် ဂြိုဟ်တုစလောင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ယခင်အစည်းအဝေး ၄/၂၀၁၈ ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့မှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဝင်များက တရားမဝင် ဂြိုဟ်တုစလောင်းကိစ္စ၊ အွန်လိုင်းတီဗွီကိစ္စ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးကြသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာန ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းဆင်း၊ အလုပ်အကိုင်တစ်ပါတည်း ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ် (၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က တိုင်းရင်းသူ အမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၅ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၈၃၇၃၇ ဦးအနက် ၂၃၈၇ ဦးကို ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းများသင်ကြားပေးခဲ့ပြီး အထည်ချုပ်စက်ရုံ ၂၈ ရုံ၌ ၂၃၁၆ ဦး ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တိုင်းရင်းသူ ၁၄၀ အား ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ အခမဲ့လေ့ကျင့် သင်ကြားပေးပြီး သင်တန်းဆင်း တိုင်းရင်းသူ ၁၃၂ ဦးကို အထည်ချုပ်စက်ရုံ နှစ်ရုံသို့ စနစ်တကျခွဲဝေ၍ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသို့ သင်တန်းဆင်း တိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးခဲ့သည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အလုပ်သမား အသိအမှတ်ပြုကတ်ပြားများအား သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ပြီး အထည်ချုပ်စက်ရုံများမှ သင်တန်းဆင်း တိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် သင်တန်းဆင်း တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရဲတပ်ဖွဲ့ဝင်များ ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့ရွာသန့်ရှင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေသောင်းအမှူးပြုသော တိုင်း/ခရိုင်/မြို့နယ်များမှ ရဲအကူတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့၊ လူကုန်ကူးတားတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့တို့သည် ယနေ့ နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိ ပုသိမ်မြို့ အမှတ် ၈ နယ်မြေ မဟာတဂေါင်းဘုရားဝင်းရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ တိုင်းဒေသကြီးခုတင် ၅၀၀ ပြည်သူ့ဆေးရုံကြီး၌ ရေစီးရေလာမြောင်းများ၊ ပုပ်သိုးစွန့်ပစ်အမှိုက်များ စုပေါင်းရှင်းလင်းခြင်း အစရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ပုသိမ်လှကြည်

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြို့နယ်စာရေးဆရာအသင်းများမှ ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ ကိုယ်စားလှယ်များသည် စက်တင်ဘာ ၂၇ ရက်တွင်လည်းကောင်း၊ နယ်မှကိုယ်စားလှယ်များသည် စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲမှစ၍ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းအမှတ် (၁၇၃/၁၇၅) (၇ လွှာနှင့် ၈ လွှာ) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်ရှိ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီသို့ သတင်းပို့ကြရန် ဖြစ်သည်။

ကိုယ်စားလှယ်များကြိုဆိုပွဲနှင့် အကြိုညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ ၈ လွှာ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ညီလာခံကိုယ်စားလှယ်များ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးအတွက် အလှူငွေလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖုန်း ၀၁- ၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြန်မာနိုင်ငံစာရေးဆရာအသင်း**

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကုန်သွယ်မှုကတော့ နံပါတ်တစ်ပါ၊ ကုန်သွယ်မှုစုစုပေါင်းဘီလီယံ ၃၀ ကျော်မှာ တရုတ်နဲ့ ကုန်သွယ်မှုတန်ဖိုးက ၁၁ ဘီလီယံကျော်ပါတယ်

ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည့် ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဖော်ပြလိုက်ပါသည်-

သတင်းအဖွဲ့

မေး။ ။ ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံကလုပ်ငန်းရှင်များ ပါဝင်ပြသမှုနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို နှစ်တိုင်းပါဝင်ပြသပါတယ်။ အခုဆိုရင် ၁၅ ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးခြားတာက ကုန်စည်ပြခန်းဆောင်နဲ့ပတ်သက်ပြီး ပြခန်းအများဆုံး ပြသနိုင်တဲ့နှစ်ဖြစ်ပါတယ်။ အရင်နှစ်တွေက ပြခန်းပေါင်း ၁၁၀၊ ၁၁၅ ခန်းလောက်ပဲပြနိုင်ခဲ့ပြီး ဒီနှစ်မှာတော့ ပြခန်းပေါင်း ၁၆၈ ခန်းအထိ ပြသနိုင်ပါတယ်။ နောက်ထပ်ပြခန်းမှာ ပြသချင်တဲ့လုပ်ငန်းရှင်တွေ ရှိသေးပေမယ့် ပြခန်းနေရာ အကန့်အသတ်ရှိနေတဲ့အတွက် ဒီလောက်ပဲနေရာပေးနိုင်ခဲ့ပါတယ်။ ပြသတဲ့ပစ္စည်းတွေနဲ့ ပတ်သက်ရင်လည်း ပစ္စည်းအမျိုးအစားများစွာ စုံလင်လာပါတယ်။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ သစ်တောထွက်ပစ္စည်းတွေ၊ ကျောက်မျက်ရတနာတွေ၊ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ပြခန်းတွေ၊ ကုန်သည်အသင်းတွေရဲ့ ပြခန်းတွေကို ပြသနိုင်ခဲ့ပါတယ်။ နောက်ပြီး အမျိုးသားပြခန်းဆောင်နဲ့ပတ်သက်လို့ ဒီနှစ်မှာကျွန်တော်တို့ရဲ့ (City of Charm) နှစ်လိုဖွယ်ရာမြို့အဖြစ် ကရင်ပြည်နယ် ဘားအံမြို့ကိုရွေးချယ်ထားတယ်။ ဘားအံမြို့ကို ရွေးချယ်ထားတဲ့အတွက် ဘားအံမြို့ပတ်ဝန်းကျင်အလှအပတွေကို အမျိုးသားပြခန်းမှာ လှလှပပဒီဇိုင်းတွေနဲ့ ခင်းကျင်းပြသထားပါတယ်။ လာရောက်လေ့လာသူတွေကိုလည်း ကရင်ပြည်နယ်က လက်ရွေးစဉ်အကအဖွဲ့နဲ့ ကရင်ရိုးရာအကတွေကို ကပြဖျော်ဖြေတယ်။ လာရောက်လေ့လာကြသူတွေ အနေနဲ့လည်း အထူးစိတ်ဝင်စားကြပါတယ်။ ဒါကြောင့် ဒီနှစ်ကအောင်မြင်တဲ့နှစ်လို့ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကုန်သွယ်မှုကတော့ နံပါတ်တစ်ပါ။ ကုန်သွယ်မှု စုစုပေါင်းဘီလီယံ ၃၀ ကျော်မှာ တရုတ်နဲ့ ကုန်သွယ်မှုတန်ဖိုးက ၁၁ ဘီလီယံကျော်ပါတယ်။ အများဆုံးကုန်သွယ်တဲ့ နယ်စပ်ကုန်သွယ်ရေးနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှာ နယ်စပ်ကုန်သွယ်ရေးက သိသိသာသာတိုးတက်နေသလို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလည်း တိုးတက်နေပါတယ်။ သစ်သီးဝလံနဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို အများကြီးတင်ပို့နိုင်တယ်။ ဆက်လက်ပြီး လယ်ယာထွက်ကုန်ကို အခြေခံတဲ့ ပို့ကုန်ပစ္စည်းသစ်တွေ တင်ပို့နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။

> **ကျွန်တော်တို့နိုင်ငံမှာ ပစ္စည်းတွေများစွာရှိပေမယ့် အရည်အသွေးက တန်းမမီဘူး။ သူတို့ကိုအာမခံတဲ့ Certificate တွေ ထုတ်မပေးနိုင်ဘူး။ ပို့ကုန်တစ်ခု အောင်မြင်ဖို့အတွက် ပြည့်စုံရမယ့်အချက်တွေ အများကြီးလိုအပ်ပါတယ်။ ဒါတွေအားလုံးကို ဝိုင်းဝန်းဖြည့်ဆည်းမှ အောင်မြင်မှာဖြစ်ပါတယ်။ စျေးကွက်ရှိပြီးသား ပစ္စည်းတွေကို ထိထိရောက်ရောက် ထုတ်လုပ်နိုင်ဖို့သက်ဆိုင်ရာဌာနတွေနဲ့ လုပ်ငန်းရှင်တွေက အရည်အသွေးတက်အောင်၊ ထုတ်လုပ်မှုနှုန်းတိုးတက်အောင် ဆောင်ရွက်ရပါမယ်**

ကျွန်တော်တို့ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အဆင့်ဆင့် ဖြေလျှော့ပေးတာတွေ ရှိပါတယ်။ အရင်ကဆိုရင် လိုင်စင်ထုတ်ပေးတဲ့အခါမှာ စျေးနှုန်းတွေစိစစ်တယ်။ အခုဆိုရင် စျေးနှုန်းကန့်သတ်တာတွေ၊ စိစစ်တာတွေ မရှိတော့ပါဘူး။ ကုန်သည်တွေတင်ပြထားတဲ့ စျေးနှုန်းတွေအတိုင်း ခွင့်ပြုတယ်။ နောက်ပြီး လိုင်စင်လိုအပ်ချက်တွေကိုလည်း လျှော့ချထားတယ်။ ပို့ကုန်၊ သွင်းကုန်တွေမှာ ပစ္စည်းအမယ်ပေါင်း ၅၀ ရာခိုင်နှုန်းကျော် လိုင်စင်မလိုတော့ဘဲ ပို့လို့သွင်းလို့ရနေပြီဖြစ်ပါတယ်။ အွန်လိုင်းလိုင်စင်စနစ်ကိုလည်း တတ်နိုင်သလောက် ကျင့်သုံးနေတယ်။ အထည်ချုပ်လိုမျိုးဆိုရင် ရာနှုန်းပြည့်ကျင့်သုံးလို့ရပြီ။ ဒါတွေကို တဖြည်းဖြည်းမြှင့်တင်ရင်း အပြည့်အဝအွန်လိုင်းလိုင်စင်စနစ်ကို ကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ အဆင်ပြေအောင် ဘက်ပေါင်းစုံက ဆောင်ရွက်ပေးနေပါတယ်။ နောက်တစ်ဖက်ကလည်း လုပ်ငန်းရှင်တွေရဲ့ ကုန်ပစ္စည်းတွေကို စျေးကွက်မှာနေရာရလာအောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

အခုလိုကုန်စည်ပြပွဲတွေ ကျင်းပတာလည်း အရောင်းမြှင့်တင်ခြင်းတစ်မျိုးဖြစ်ပါတယ်။ နှစ်စဉ် တရုတ်ပြည်နဲ့ ပတ်သက်ပြီး နန်နင်းမြို့မှာတစ်ပွဲ၊ ကူမင်းမှာတစ်ပွဲ ပါဝင်ပြသပါတယ်။ နယ်စပ်မြို့တွေဖြစ်တဲ့ ရွှေလီနဲ့ မူဆယ်မြို့တွေမှာလည်း အလှည့်ကျ ကုန်စည်ပြပွဲတွေ ဆောင်ရွက်တယ်။ အခြားသောတရုတ်ပြည်က ဖိတ်ကြားတဲ့ပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။ အခြားနိုင်ငံတွေက ပြပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။

မေး။ ။ မြန်မာနိုင်ငံရဲ့ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုကို သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်စည်တွေ ကမ္ဘာ့စျေးကွက်မှာ နေရာရလာအောင် အရောင်းမြှင့်တင်မှုတွေ ဆောင်ရွက်နေသလို ပြည်တွင်းမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ Trade Centre တွေဖွင့်လှစ်ပြီးတော့ သတင်းအချက်အလက်တွေဖြန့်ဝေပေးတယ်။ ထုတ်လုပ်မှုသတင်းတွေရယူတယ်။ နိုင်ငံကိုးနိုင်ငံမှာ ဖြန့်ထားတဲ့ ကျွန်တော်တို့ရဲ့ စီးပွားရေးသံမှူးတွေဆီကနေလည်း စျေးကွက်သတင်းအချက်အလက်တွေ ရယူဖလှယ်တယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အရေးကြီးတဲ့ သတင်းအချက်အလက်တွေရရှိနိုင်စေဖို့အတွက် ဝက်ဘ်ဆိုက်အသစ်တစ်ခုကို ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအတွက် အရေးကြီးတဲ့ စျေးကွက်သတင်းတွေ အလွယ်တကူ ရရှိအောင်၊ ကိုယ့်ပစ္စည်းတွေကိုလည်း အွန်လိုင်းမှာ တင်ပြီးတော့ ကမ္ဘာ့စျေးကွက်မှာ တင်ပို့ရောင်းချနိုင်အောင်နဲ့ တစ်ဖက်ကလုပ်ငန်းရှင်တွေလည်း သိရှိအောင်ရည်ရွယ်တာဖြစ်ပါတယ်။ ဒီလိုနည်းတွေနဲ့ လုပ်ငန်းရှင်တွေအပေါ်မှာ ဖြေလျှော့မှုတွေရော အရောင်းမြှင့်တင်မှုတွေကိုပါ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမြင့်ဆုံးရရှိတာကတော့ ၃၃ ဒသမ ၄ ဘီလီယံလောက် ရရှိပါတယ်။ ပထမဆုံးနှစ်မှာဆိုရင် ၂၃ ဒသမ ၂ ဘီလီယံလောက်ပဲရတယ်။ တစ်နှစ်ပြီးတစ်နှစ် တက်လာပါတယ်။ ပို့ကုန်ကလည်းတက်ပါတယ်။ ကုန်သွယ်မှုပိုင်းကတော့ သိသိသာသာတိုးတက်နေတယ်။ ပို့ကုန်နှုန်းကတိုးတက်နေတယ်။ သွင်းကုန်လိုအပ်ချက်ကတော့ များပြားဆဲဖြစ်တဲ့အတွက် သွင်းကုန်ကတော့များပြားနေတယ်။ ဒါပေမယ့် ကုန်သွယ်မှုလိုငွေကို တဖြည်းဖြည်းချင်း လျှော့ချလာတဲ့အတွက် နှစ်တိုင်းနှစ်တိုင်းကုန်သွယ်မှုလိုငွေက လျော့လာပါတယ်။

ကျွန်တော်တို့ လုပ်ဆောင်နေပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် နည်းနေသေးပါတယ်။ ဘာကြောင့်ဒီလိုဖြစ်လဲဆိုတော့ သူတို့နိုင်ငံတွေမှာ ရေရှည်စီမံကိန်းတွေနဲ့ အားကောင်းတဲ့ အဓိကပို့ကုန်တွေကို အရှိန်အဟုန်ရအောင် လုပ်ခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဒီလိုဆောင်ရွက်ဖို့ လိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အလားအလာကောင်းတဲ့ ပစ္စည်းတွေရှိတယ်။ အဓိကကတော့ မြေသယံဇာတ၊ ရေသယံဇာတစတာတွေ ကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေးက အဓိကဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်တွေကို လက်လွှတ်လို့မဖြစ်ပါဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း စားသုံးမှုမြင့်မားတဲ့ နိုင်ငံကြီးတွေရှိတယ်။ အဲဒီတော့ နံပါတ်တစ်အနေနဲ့ ကျွန်တော်တို့ဆီမှာ ထုတ်လုပ်မှုတက်ဖို့လိုအပ်တယ်။ ထုတ်လုပ်မှုတက်မှ ကုန်သွယ်မှုက တက်လို့ရမှာဖြစ်တယ်။ ဒါကြောင့် ထုတ်လုပ်မှုလုပ်တဲ့ ကဏ္ဍတွေက ဒီလိုအရည်အသွေးရှိတဲ့ ပစ္စည်းတွေကို အရေအတွက်ရော အရည်အသွေးပါ တိုးတက်ကောင်းမွန်စေဖို့ တစိုက်မတ်မတ် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဒီလိုအရည်အသွေးရှိတဲ့ပစ္စည်းတွေကို စျေးကွက်ရှာပေးဖို့က ကျွန်တော်တို့ရဲ့တာဝန်တွေဖြစ်ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး

ပို့ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်ရင် တစိုက်မတ်မတ်လုပ်တဲ့ စီမံကိန်းတွေလိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမျိုးသားပို့ကုန် မဟာဗျူဟာဆိုပြီးတော့ ငါးနှစ်စီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်ရေးဆွဲထားပြီး ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်နေတယ်။ စျေးကွက်ကိုလေ့လာပြီးတော့ ဘယ်ပစ္စည်းတွေက အလားအလာရှိတယ်ဆိုပြီး အဓိကပို့ကုန်ပစ္စည်းတွေကို သတ်မှတ်ထားပါတယ်။ ဒီလိုအဓိကပို့ကုန်တွေကို အောင်မြင်စွာထုတ်လုပ်နိုင်စေဖို့ အားပေးမြှင့်တင်မယ့် ဝန်ဆောင်မှုတွေ အထောက်အကူတွေလည်း လိုအပ်ပါတယ်။ ငွေကြေးအရင်းအနှီးတွေ၊ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ကုန်သွယ်မှုသတင်းအချက်အလက်တွေ လိုအပ်ပါတယ်။ နောက်တစ်ခုက ပစ္စည်းတစ်ခုကို စျေးကွက်မှာ မယှဉ်ပြိုင်နိုင်တာ စျေးနှုန်းကြောင့် သို့မဟုတ် အရည်အသွေးကြောင့် မယှဉ်ပြိုင်နိုင်တာလားဆိုပြီးရှိတယ်။ ဒါဆိုရင် ရောင်းလို့မရဘူး။ စျေးနှုန်းကြီးရခြင်းရဲ့အကြောင်းက Logistic က အဓိကပါ။ ဒါကြောင့် Logistic က အရေးကြီးတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပစ္စည်းတွေများစွာရှိပေမယ့် အရည်အသွေးက တန်းမမီဘူး။ သူတို့ကို အာမခံတဲ့ Certificate တွေ ထုတ်မပေးနိုင်ဘူး။ ပို့ကုန်တစ်ခု အောင်မြင်ဖို့အတွက် ပြည့်စုံရမယ့်အချက်တွေ အများကြီးလိုအပ်ပါတယ်။ ဒါတွေအားလုံးကို ဝိုင်းဝန်းဖြည့်ဆည်းမှ အောင်မြင်မှာဖြစ်ပါတယ်။ စျေးကွက်ရှိပြီးသားပစ္စည်းတွေကို ထိထိရောက်ရောက် ထုတ်လုပ်နိုင်ဖို့သက်ဆိုင်ရာဌာနတွေနဲ့ လုပ်ငန်းရှင်တွေက အရည်အသွေးတက်အောင်၊ ထုတ်လုပ်မှုနှုန်းတိုးတက်အောင် ဆောင်ရွက်ရပါမယ်။ ဒီဘက်ကလည်း စျေးကွက်ရှာမယ်ဆိုရင် ပို့ကုန်ကတက်လာမှာဖြစ်ပါတယ်။ ပို့ကုန်တက်လာရင် ကုန်သွယ်မှုလိုငွေက လျော့လာပြီး မြန်မာငွေတန်ဖိုးကျမှုတွေလည်း လျော့ပါးသွားမယ်။ ဒါကြောင့် ကိုယ့်နိုင်ငံရဲ့ထုတ်ကုန်တွေကို ထိထိရောက်ရောက် ထုတ်လုပ်ရောင်းချနိုင်ဖို့က အရေးကြီးတယ်။ ဒီကိစ္စကိုအားလုံးက တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မယ်လို့ ပြောချင်ပါတယ်။

မေး။ ။ အာဆီယံ-တရုတ် ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက သဘာဝထွက်ကုန်တွေ ပြသတဲ့အခြေအနေက ဘယ်လိုရှိပါသလဲ သိချင်ပါတယ်။

ဖြေ။ ။ အာဆီယံ-တရုတ် ကုန်စည်ပြပွဲမှာ သဘာဝထွက်ကုန်နဲ့ပတ်သက်ပြီးတော့ မြန်မာပြခန်းမှာ နာမည်ကြီးတာ ကျောက်မျက်၊ ကျောက်စိမ်းဖြစ်ပါတယ်။ ကျောက်စိမ်းပြခန်းတွေကိုလည်း ဝေဝေဆာဆာပြသနိုင်ပြီး အရည်အသွေးလည်းကောင်းမွန်တဲ့အတွက် ကျောက်စိမ်းပြခန်းတွေက လာရောက်ဝယ်ယူသူတွေကို အဓိကလွှမ်းမိုးထားနိုင်တယ်။ သစ်သီးဝလံတွေ၊ လက်မှုပစ္စည်းတွေကိုလည်း အဓိကပြသကြတယ်။ ပစ္စည်းအသစ်အနေနဲ့ ပြသအောင်မြင်နေတာကတော့ လက်ဖက်ခြောက်၊ လက်ဖက်စိုပေါ့။ လက်ဖက်ခြောက် အင်မတန်ပေါများတဲ့ နိုင်ငံမှာတောင် မြန်မာနိုင်ငံက လက်ဖက်ခြောက်ကို လက်ခံလာကြတယ်။ အထူးသဖြင့် ကိုးကန့်ဘက်က လက်ဖက်ခြောက်တွေက အရည်အသွေး မြင့်မားတယ်။ စျေးလည်းရတယ်။ နှစ်စဉ် လက်ဖက်ရောင်းတဲ့ ကုန်သည်တွေတိုးလာပြီး အော်ဒါတွေလည်းရတယ်။ လက်ဖက်ရည် (Tea) ကိုလည်း ပြသတော့ ကြိုက်ကြတယ်။ ကော်ဖီတွေလည်း တိုးပြီးပြပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း ဒီလို အရည်အသွေးရှိတဲ့ ထုတ်ကုန်အသစ်တွေကို လာရောက်ပြသကြဖို့ ဖိတ်ခေါ်ပါတယ်။

အဓိကကုန်စည်ပြပွဲတွေ ပြတယ်ဆိုတာ ပြသရင်း ပစ္စည်းတွေကို ကြိုက်နှစ်သက်တယ်ဆိုရင် အော်ဒါတွေ၊ အမှာစာတွေပေးကြတယ်။ တချို့က စီးပွားရေးမိတ်ဖွဲ့တွေ ရသွားကြတယ်။ ဒီလိုအဆက်အသွယ်တွေရသွားပြီး ထုတ်လုပ်မှုတိုးချဲ့မယ်၊ စျေးကွက်တိုးချဲ့နိုင်မယ်။ ဒီလိုနည်းနဲ့ အောင်မြင်လာကြတာဖြစ်တယ်။ ဒါကြောင့်လည်း တစ်နှစ်ပြပြီးတဲ့သူက နှစ်စဉ်လိုက်ပါပြသနိုင်ဖို့ ကြိုးစားတယ်။ တစ်နှစ်လာတိုင်းလည်း ဖောက်သည်တွေတိုးပြီးရပါတယ်။ နောက်နှစ်တွေမှာ ဒီထက်နေရာပိုမိုရဖို့ တောင်းဆိုပြီး ပြသသွားမှာဖြစ်ပါတယ်။

ဒီပွဲမှာ NationalPromotion Conference တစ်ခု လုပ်တယ်။ ပို့ကုန်တွေကို promotion လုပ်တဲ့ ဆွေးနွေးပွဲပါ။ ဒုတိယသမ္မတ တက်ရောက်ချီးမြှင့်သလို အခြားတရုတ်နိုင်ငံက လူကြီးတွေလည်း တက်ရောက်ကြတယ်။ တရုတ်-မြန်မာ လုပ်ငန်းရှင်တွေ တက်ရောက်ကြပြီး မြန်မာနိုင်ငံထုတ်ကုန်တွေကို ရှင်းလင်းကြမယ်။ အဲဒီမှာ တရုတ်-မြန်မာ လုပ်ငန်းရှင်တွေအချင်းချင်း ချိတ်ဆက်မှုတွေရသွားမှာဖြစ်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၂၆ ရာခိုင်နှုန်းလောက်က တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုက လက်ရှိမှာ အမြင့်ဆုံးဖြစ်နေပြီး နောက်ထပ်အလားအလာတွေလည်း အများကြီးရှိပါတယ်။ ထုတ်လုပ်မှုကဏ္ဍအားလုံးမှာ နိုင်ငံတော်အနေနဲ့ မလွယ်နိုင်ပါဘူး။ ဒါကြောင့် အမှန်တကယ် အဓိကပို့ကုန်အဖြစ် မြှင့်တင်မယ့် ပို့ကုန်အမယ်ပစ္စည်းတွေ ထုတ်လုပ်နေတဲ့သူတွေကို ထိထိရောက်ရောက် ကူညီအားပေးမယ်ဆိုရင် ပိုမိုထိရောက်လာမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာတဲ့ စီးပွားရေးပတ်ဝန်းကျင်ရှိဖို့ လိုပါတယ်။ ဒါကြောင့် ဒီလိုစီးပွားရေးပတ်ဝန်းကျင်မျိုးကို လုပ်ဆောင်ပေးနိုင်မယ်ဆိုရင် ထုတ်လုပ်မှုလည်းတက်မယ်၊ လုပ်ကိုင်ရတာလည်း လွယ်မယ်၊ စျေးကွက်ကလည်း ရှိမယ်ဆိုရင် တိုးတက်မှုမြန်ဆန်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဓိကလှုံ့ဆော်မြှင့်တင်ပေးရတဲ့ ဌာနဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဒီတာဝန်ကို ကျေပွန်အောင် အထူးကြိုးစားနေပါတယ်။ အခုလိုကျင်းပတဲ့ ကုန်စည်ပြပွဲတွေမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုတဲ့လုပ်ငန်းရှင်တွေ လွယ်ကူစွာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်အောင် ကြိုးစားပေးနေပါတယ်။ အခြားသော ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း အဘက်ဘက်က ဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံကုန်သွယ်မှု တိုးတက်အောင်ဆောင်ရွက်ပေးကြဖို့ အသိပေးတိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသက်န်းကပ်ရန် ငြမ်းစေတီလုပ်ငန်းစတင်

ရန်ကုန် စက်တင်ဘာ ၁၅
လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသက်န်းကပ်လှူခြင်းအတွက် ငြမ်းစေတီလုပ်ငန်း စတင်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် အထက်ပစ္စယံ တနင်္ဂနွေထောင့်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြပြီး ရွှေသက်န်း ကပ်လှူပူဇော်ရန်အတွက် နတ်ဒေဝါများအား ဖိတ်ကြားတိုင်တည်ခွင့်တောင်းခြင်းနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော် နာယူခြင်းအခမ်းအနားများကို ကျင်းပသည်။

“ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ရွှေသက်န်းကပ်လှူပူဇော်နိုင်ဖို့ ငြမ်းစေတီလုပ်ငန်းကိုလည်း ဒီကနေ့ စတင်ပါတယ်။ ငြမ်းလုပ်သား ၁၀၀ နဲ့ တစ်လကြာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကြာမှောက်၊ ကြာလှန်နဲ့ ငှက်ပျောဖူးမှာရှိတဲ့ ရွှေပြားတွေစစ်ဆေးပြုပြင်ဖို့၊ ထီးတော်မှာ ချိတ်ဆွဲထားတဲ့ ခေါင်းလောင်းလေးတွေ အသံမြည်အောင်ပြန်လုပ်ဖို့ အတွက် ငြမ်းလုပ်ငန်းကို ငှက်ပျောဖူးအထိ လုပ်သွားဖို့ ရှိပါတယ်။ ရွှေပြားတွေစစ်ဆေးခြင်းလုပ်ငန်းကို စက်မှု

ဝန်ကြီးဌာနက ပညာရှင်တွေနဲ့ စစ်ဆေးသွားမယ်လို့ သိရပါတယ်။ ငှက်ပျောဖူးနေရာအထိ ဖြုတ်ပြီးတော့ ၁၀ ချပ်ကို စမ်းသပ်စစ်ဆေးသွားမှာဖြစ်ပါတယ်”ဟု ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက ပြောသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကပ်လှူပူဇော်ထားသော ရွှေသက်န်းမှာ သုံးမျိုးရှိကြောင်း၊ Gold Plate, Gold Coating နှင့် မျက်ပါး ရွှေသက်န်းများဖြစ်ကြောင်း၊ Gold Plate မှာ ခြောက်ကျပ်သား ရွှေသားစစ်စစ် ရွှေပြားများဖြစ်ပြီး ငှက်ပျောဖူးပိုင်းတွင် ကပ်လှူပူဇော်ထားကြောင်း၊ Gold Coating မှာ ကြေးပြားပေါ်တွင် တစ်ကျပ်သား ရွှေပြားများကို အပူပေးကပ်ထားခြင်းဖြစ်ပြီး ရွှေသားမှာ အလွန်ပါးလွှာသည့်အတွက် ရာသီဥတုဒဏ်ကြောင့် ကွာကျနိုင်ကြောင်း၊ ၎င်း Gold Coating များကို ကြာမှောက်၊ ကြာလှန်နှင့် ခေါင်းလောင်းရစ်ကြီးအောက် အဝိုင်းကြီး ငါးခုတွင် ကပ်လှူပူဇော်ထားကြောင်း၊ မျက်ပါး ရွှေသက်န်းမှာ ကြေးပြားပေါ်တွင် စစ်စေးသုတ်လိမ်းပြီး ရွှေမျက်ပါးကို ကော်ဖြင့်ကပ်ကာ စေတီတော်အောက်ခြေပိုင်း နေရာများတွင် ကပ်လှူပူဇော်ထားကြောင်း ၎င်းက ထပ်လောင်းရှင်းပြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ ငါးနှစ်တစ်ကြိမ် ရွှေသက်န်းကပ်လှူပူဇော်လေ့ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရွှေရောင်မှိန်လာသည့်အတွက် ရောင်တော်ဖွင့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကြာမှောက်၊ ကြာလှန်နေရာတွင် အရည်အသွေးကျဆင်းလာသည့်အတွက် လိုအပ်သော စစ်ဆေးမှုများပြုလုပ်နိုင်ရန် နှစ်စော၍ ရွှေသက်န်းကပ်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

မြန်မာအမျိုးသားလေကြောင်းလိုင်း နှစ် ၇၀ ပြည့် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅
မြန်မာအမျိုးသားလေကြောင်းလိုင်း နှစ် ၇၀ ပြည့် နှစ်ပတ်လည် အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာအမျိုးသားလေကြောင်းလိုင်းသည် အာရှ-ပစိဖိတ်ဒေသတွင် တတိယအစောဆုံးပေါ်ပေါက်ခဲ့သည့် လေကြောင်းလိုင်းဖြစ်ကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်အတွင်း တိုးတက်မှုများ ရရှိခဲ့သော်လည်း နှစ် ၇၀ ပြည့်မှ ဆက်လက်အောင်မြင်မှုများ ရရှိအောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ကော်ပိုရေးရှင်းအသွင်ဖြင့် နိုင်ငံပိုင်လေကြောင်းလိုင်းကို အောင်မြင်အောင် ဆောင်ရွက်ရသည်မှာ အခက်အခဲများရှိသော်လည်း အားလုံးက ပူးပေါင်းဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

အခမ်းအနားတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းကလည်း ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာအမျိုးသားလေကြောင်းကို ၁၉၄၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့(ယူဘီအေ)ဟူသော အမည်ဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအခါ နှစ် ၇၀ ပြည့်မြောက်ပြီဖြစ်ကြောင်း၊ လေကြောင်း၏ အမည်ကိုလည်း လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း(ဘီအေစီ)၊ မြန်မာ့လေကြောင်း(အမ်အေ)၊ မြန်မာအမျိုးသားလေကြောင်း(အမ်အဲန်အေ) စသည်ဖြင့် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ်အထိ ဒေသတွင်းနိုင်ငံများသို့ ပြေးဆွဲခဲ့သော်လည်း ၁၉၉၂ ခုနှစ်မှစ၍ ပြည်တွင်းသာပြေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ်ရောက်မှ ဘိုးရင်းလေယာဉ်သစ်များဖြင့် နိုင်ငံတကာသို့ ပြန်လည်ပြေးဆွဲခဲ့ကြောင်း၊ လက်ရှိတွင် ပြည်တွင်းလေဆိပ် ၂၈ ခုသို့ ပြေးဆွဲလျက်ရှိသည့်အပြင် စင်ကာပူ၊ ဘန်ကောက်၊ ဟောင်ကောင်၊ ချင်းမိုင်နှင့် ဗုဒ္ဓဂယာသို့ ပြေးဆွဲနေကြောင်း၊ ယခုနှစ်အတွင်း တရုတ်နိုင်ငံ ချန်ဒူး၊ ဂူဟမ်းမြို့များသို့ တိုးချဲ့ပြေးဆွဲရန်စီစဉ်နေကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ကော်ပိုရေးရှင်း အသွင်ကူးပြောင်းချိန်မှစ၍ လေကြောင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများကြောင့် တစ်နှစ်ထက်တစ်နှစ် ခရီးသည်များ တိုးမြှင့်သယ်ဆောင်နိုင်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ငါးသိန်း၊ ၂၀၁၆ ခုနှစ်တွင်တစ်သန်း၊ ၂၀၁၇ ခုနှစ်တွင် တစ်သန်းခွဲရရှိပြီး ယခုနှစ်တွင် နှစ်သန်းခန့် ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **မြင့်မောင်**

နတ်တလင်းမြို့တွင် ကျောင်းပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

နတ်တလင်း စက်တင်ဘာ ၁၅
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျောင်းပေါင်းစုံ မီနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ပြိုင်ပွဲကို နတ်တလင်းမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို နတ်တလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှေ့မှ စတင်တာလွှတ်၍ ရန်ကုန်-ပြည်ကားလမ်းမအတိုင်း ရွာသာကုန်းကျေးရွာအထိပြေး၍ ပြန်လှည့်ပြီး မူလတာလွှတ်ရာကျောင်းရှေ့သို့ ပြန်လည်ပန်းဝင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများကို သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမြင့်(နတ်တလင်း)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ် (၁၅-၉-၂၀၁၈)

စဉ်	ဘေးဖြစ်ဒေသ	ရေဝင်မပြောင်း		ရေဝင်ပြောင်းရွှေ့		မျော ပါ/ ပျက်စီး အိမ်ခြေ	စခန်း အရေ အတွက်	သေ ဆုံး	ဒဏ် ရာ ရ	ဝန်ကြီးဌာနမှ ထောက်ပံ့မှု(ကျပ်)							သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု	ဝန်ကြီးဌာန + ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း	မှတ်ချက်
		အိမ် ထောင်စု	လူဦးရေ	အိမ် ထောင်စု	လူဦးရေ					ဆန်စိုက္ကာ	အိမ်ဆောက်/ ကျောင်း ဆောက် ပစ္စည်း	အခြား	သေဆုံး	ဒဏ်ရာရ	ကဆေး ပစ္စည်း (တန်ဖိုး)	ပေါင်း			
	စခန်းများ ပိတ်သိမ်းပြီး																		
၁	ပြည်ထောင်စုနယ်မြေ နေပြည်တော်			၁၅၈	၆၈၃			၁		၁၄၄၄၃၀၀			၃၀၀၀၀၀			၁၇၄၄၃၀၀		၁၇၄၄၃၀၀	
၂	ကယားပြည်နယ်			၄၄	၁၇၁			၁		၃၅၉၁၀၀						၃၅၉၁၀၀		၃၅၉၁၀၀	
၃	စစ်ကိုင်းတိုင်းဒေသကြီး			၈၈	၃၆၈		၁	၁		၇၇၂၈၀၀			၃၀၀၀၀၀		၈၅၂၆၀၀	၁၉၂၅၄၀၀		၁၉၂၅၄၀၀	
၄	တနင်္သာရီတိုင်းဒေသကြီး			၁၇၁၁	၈၅၄၉	၂၆	၁၉	၅		၁၇၁၀၆၃၀၀	၄၀၀၀၀၀၀	၁၀၉၄၀၀၀	၉၀၀၀၀၀		၉၄၁၅၇၂	၂၄၀၄၁၈၇၂		၂၄၀၄၁၈၇၂	
၅	မန္တလေးတိုင်းဒေသကြီး			၉	၃၃	၉				၆၉၃၀၀	၉၀၀၀၀၀				၂၉၁၇၇	၁၂၆၀၄၇၇		၁၂၆၀၄၇၇	
၆	မွန်ပြည်နယ်	၃၂၅၇	၁၅၅၉၈	၅၄၃၀	၂၄၁၃၉	၈၇	၇၃	၆		၁၅၅၇၃၆၀၀	၅၃၅၀၀၀၀	၇၀၇၂၆၆	၁၈၀၀၀၀၀		၁၆၈၉၁၄၅	၃၁၄၈၅၇၁၅	၁၀၀၀၀၀၀၀၀	၁၃၁၄၈၅၇၁၅	
၇	ရန်ကုန်တိုင်းဒေသကြီး			၅၆၈	၂၃၆၇	၅	၁၀			၄၉၀၇၇၀၀	၁၂၀၀၀၀၀				၆၈၅၇၀၄၂	၁၂၉၆၄၇၄၂		၁၂၉၆၄၇၄၂	
၈	ရှမ်းပြည်နယ်	၇၈	၃၄၅	၂၂၇	၉၉၆		၃	၁		၂၈၀၆၀၀၀			၃၀၀၀၀၀		၅၆၄၅၅၅၀	၈၇၆၀၆၅၀		၈၇၆၀၆၅၀	
၉	ဧရာဝတီတိုင်းဒေသကြီး	၁၂၂	၅၂၆	၆၄၅	၂၄၇၀	၁၃၅	၂			၃၅၇၀၀၀၀	၈၅၀၀၀၀၀	၃၀၀၀၀			၄၄၅၅၃၀၃	၁၆၆၅၅၃၀၃		၁၆၆၅၅၃၀၃	
	ပေါင်း	၃၄၅၇	၁၆၄၆၉	၈၈၈၀	၃၉၁၅၆	၂၆၂	၁၀၈	၁၅		၄၆၆၀၉၂၀၀	၁၉၉၅၀၀၀၀	၈၀၉၆၆၆၀	၃၆၀၀၀၀၀		၂၀၈၃၃၃၇၇	၉၉၁၈၈၅၃၇	၁၀၀၀၀၀၀၀၀	၁၉၉၁၈၈၅၃၇	
	စခန်းများဖွင့်လှစ်ဆဲ																		
၁၀	ကရင်ပြည်နယ်			၈၀၅၁	၃၈၇၉၆	၂	၈၆	၄		၅၃၂၈၉၄၀၀	၄၀၀၀၀၀	၅၀၇၄၃၂၀၀	၉၀၀၀၀၀		၁၁၀၆၇၀၅၆	၁၁၆၄၃၉၆၅၆	၁၀၀၀၀၀၀၀၀	၂၁၆၄၃၉၆၅၆	
၁၁	ပဲခူးတိုင်းဒေသကြီး	၂၅၈၈၈	၁၁၇၆၁၁	၂၈၅၇၀	၁၄၄၆၂၄	၅၃၉	၃၀၇	၁၁		၃၅၉၅၂၆၀၀	၃၉၁၆၀၀၀၀	၆၆၁၅၄၀၇၂	၃၀၀၀၀၀၀		၁၉၉၄၁၅၇၆	၄၈၇၇၇၈၂၄၈	၁၅၃၀၀၀၀၀၀	၆၄၀၈၈၇၈၂၄၈	
၁၂	မကွေးတိုင်းဒေသကြီး			၃၈၆	၁၃၄၅	၅	၈	၃		၂၈၂၄၅၀၀	၁၆၀၀၀၀၀	၂၈၄၅၀၀	၉၀၀၀၀၀		၃၈၀၃၇၅	၅၉၉၈၈၇၅		၅၉၉၈၈၇၅	
	ပေါင်း	၂၅၈၈၈	၁၁၇၆၁၁	၃၇၀၀၇	၁၈၄၇၆၅	၅၆၆	၄၀၁	၁၈		၄၁၅၆၃၂၅၀၀	၄၁၁၆၀၀၀၀	၁၁၇၁၈၀၇၇၂	၄၈၀၀၀၀၀		၃၁၄၉၉၀၀၇	၆၁၀၇၂၂၁၇၉	၂၅၃၀၀၀၀၀၀	၈၆၃၇၂၂၁၇၉	
	စုစုပေါင်း	၂၉၃၄၅	၁၃၄၀၈၀	၄၅၈၈၇	၂၂၃၉၂၁	၈၂၈	၅၀၉	၃၃		၄၆၂၂၄၁၇၀၀	၆၁၁၁၀၀၀၀	၁၂၅၂၇၇၄၃၂	၈၄၀၀၀၀၀		၅၂၃၃၂၃၈၄	၇၀၉၉၁၀၇၁၆	၃၅၃၀၀၀၀၀၀	၁၀၆၂၉၁၀၇၁၆	

မှတ်ချက်။ **စခန်းပိတ်သိမ်းမှု အခြေအနေ**
-ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိစခန်းများအားလုံး ပိတ်သိမ်းပြီးဖြစ်ပါသည်။
'- စုစုပေါင်း စခန်း (၅၀၉)ခု ဖွင့်လှစ်ခဲ့သည့်အနက် (၄၉၇)ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။
(၁၅-၉-၂၀၁၈)နေ့ရှိ စခန်းများ အခြေအနေ
- စုစုပေါင်း စခန်း(၁၂)ခုတွင် အိမ်ထောင်စု (၆၄၂)စု၊ လူဦးရေ(၂၅၆၃)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။ - ပဲခူးတိုင်းဒေသကြီးတွင် စခန်း(၄)ခု အိမ်ထောင်စု (၁၆၃)စု၊ လူဦးရေ(၇၇၇)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
-ကရင်ပြည်နယ်တွင် စခန်း(၁)ခု အိမ်ထောင်စု (၁၇၈)စု၊ လူဦးရေ(၇၇၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။ - မကွေးတိုင်းဒေသကြီးတွင် စခန်း(၇)ခု အိမ်ထောင်စု (၃၀၁)စု၊ လူဦးရေ(၁၀၁၁)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ရခိုင်အမျိုးသားပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   စက်တင်ဘာ   ၁၅

ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်

လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများရှင်-

ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်မကတော့ ရခိုင်အမျိုးသားပါတီ ဒု-ဥက္ကဋ္ဌ ဒေါ်အေးနုစိန် ဖြစ်ပါတယ်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီ Arakan National Party(ANP) ဟာ ရခိုင်လူမျိုးနဲ့ ရခိုင်မျိုးနွယ်စုဝင် တိုင်းရင်းသားများကို ကိုယ်စားပြုပြီး ဖွဲ့စည်းထားတဲ့ ပါတီဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ၂၀၁၀ ရွေးကောက်ပွဲရဲ့ လွှတ်တော်အသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ် ၃၅ နေရာ အနိုင်ရရှိခဲ့တဲ့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) နဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် ၁၁ နေရာ အနိုင်ရရှိပြီးတော့ ၂၀၁၂ မှာ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် Arakan League for Democracy(ALD) တို့ ရခိုင်အမျိုးသားတစ်ရပ်လုံး စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ပူးပေါင်းတည်ထောင်လာကြရာမှ ပေါ်ပေါက်လာတဲ့ပါတီ ဖြစ်ပါတယ်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ အခြေခံမူဝါဒသုံးရပ်ကတော့-

(က) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး- (ဆိုလိုတဲ့သဘောက- ရခိုင်လူမျိုးတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နဲ့ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတွေအားလုံး တန်းတူအခွင့်အရေးရရှိရေးကို အာမခံတဲ့ "လူမျိုးကို အခြေခံသော ပြည်နယ်များ"နဲ့ ဖွဲ့စည်းတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန် ဖြစ်ပါတယ်။)

(ခ) ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အခြားတိုင်းရင်းသားအားလုံးတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရေးနဲ့ အဆိုပါအကျိုးစီးပွားတွေကို အစဉ်ကာကွယ်စောင့်ရှောက်သွားရေး။

(ဂ) ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများရှင်-

ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့်လည်းကောင်း တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း ၇၀ ကျော် ခါးစည်းခံစားခဲ့ရတယ်။ ယနေ့ထက်တိုင်လည်း ခံစားနေကြရဆဲလည်း ဖြစ်ပါတယ်။ ယနေ့အထိ အမျိုးသားလွတ်မြောက်ရေးတောင်းဆိုတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်လျက်ရှိနေကြပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းရင်းဟာ တိုင်းရင်းသားလူမျိုးများအချင်းချင်း တန်းတူရည်တူအခွင့်အရေး မရရှိသေးခြင်း၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့် မရသေးခြင်းတို့ကြောင့်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ကျွန်မတို့ဟာ သဘောထားကြီးစွာနဲ့ ရဲရဲဝံ့ဝံ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံပြီးတော့ ဒီမိုကရေစီစနစ်ကိုလည်း အာမခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ ပေါ်ပေါက်လာရေးအတွက်လည်း ကျွန်မတို့အားလုံး လက်တွဲဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါတဲ့ မဲဆန္ဒရှင် ပြည်သူများရှင်-

ကျွန်မတို့ ရခိုင်အမျိုးသားပါတီဟာ ရခိုင်လူမျိုးတစ်မျိုးတည်းကို အခြေခံတဲ့ပါတီမဟုတ်ဘူးဆိုတာကို ကျွန်မတို့ပါတီရဲ့ ပါတီဝင်ဖြစ်မှုဆိုင်ရာ မူဝါဒမှာ တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ရခိုင်နဲ့ ရခိုင်မျိုးနွယ်စုတွေအပါအဝင် ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုထဲက အခြားတိုင်းရင်းသားမျိုးနွယ်စုဝင် မည်သူမဆို ပါတီဝင်အဖြစ် လျှောက်ထားနိုင်ကြပါတယ်။ ပါတီအနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးအတွက် ရပ်တည်တိုက်ပွဲဝင်သွားမှာဖြစ်သလို ပြည်ထောင်စုတစ်ခုလုံးရဲ့ အရေးမှာလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်းပဲ ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ် ၁၈ ရပ်ကို ပါတီဖွဲ့စည်းပုံမှာ တိတိကျကျ ပြဋ္ဌာန်းဖော်ပြထားရှိပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြပါတယ်။ လုပ်ငန်းစဉ် ၁၈ ရပ်ကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခွင့်အလမ်းများ တိုးတက်မြင့်မားလာစေဖို့ အလုပ်သမားသမဂ္ဂများ၊ လယ်သမားသမဂ္ဂ ပေါ်ပေါက်လာစေဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာသည့် စီမံကိန်းကြီးများမှာ ရခိုင်အမျိုးသားလုပ်ငန်းရှင်များက ပါဝင်လုပ်ပိုင်ခွင့်ရရှိရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့် အကျိုးစီးပွားများနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များကို တိုင်းရင်းသားများ အပြည့်အဝရယူခံစားနိုင်ရေး၊ နေရပ်စွန့်ခွာပြီး အလုပ်အကိုင်ရှာဖွေရင်း ရခိုင်ပြည်နယ်ပြင်ပကို ရောက်ရှိနေကြတဲ့ ရခိုင်တိုင်းရင်းသားများ နေရပ်ပြန်လည်ရောက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရေး ကြိုးပမ်းရန်တို့အပြင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများရဲ့ အခွင့်အရေးရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရန်စသဖြင့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိပါတယ်။

လေးစားအပ်ပါတဲ့ မဲဆန္ဒရှင် ပြည်သူများရှင်-

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲဟာ ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်သော်ငြားလည်း ကျွန်မတို့ ရခိုင်ပြည်သူပြည်သားများအတွက် အရေးပါတဲ့ခြေလှမ်းအဖြစ် ကျော်ဖြတ်ကြရမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ အခုကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမယ့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂ နေရာဟာ ယခင်က ရခိုင်အမျိုးသားပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးဦးဖိုးမင်း(ရခိုင်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ)ကွယ်လွန်သွားတဲ့အတွက် လစ်လပ်ပေါ်ပေါက်လာတဲ့နေရာ ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲရလဒ်တွေအရ ရခိုင်ပြည်နယ်လွှတ်တော်မှာ ကျွန်မတို့ ရခိုင်အမျိုးသားပါတီက လွှတ်တော်ကိုယ်စားလှယ်နေရာအများဆုံး အနိုင်ရရှိခဲ့ပေမယ့် လက်ရှိတည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခက်အခဲများကြောင့် ရခိုင်ပြည်နယ်အစိုးရကို ဖွဲ့စည်းခွင့်မရရှိခဲ့သော်လည်း ရခိုင်ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ထားနိုင်တဲ့အနေအထားနဲ့ ရှေ့ဆက်ပြီးတော့ ချီတက်ခဲ့ကြပါတယ်။

ရခိုင်အမျိုးသားပါတီက လွှတ်တော်ကိုယ်စားလှယ်များဟာ ရခိုင်အမျိုးသားအကျိုးစီးပွားအတွက် ရခိုင်ပြည်နယ်လွှတ်တော်မှာ အဆိုများတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဥပဒေပြုခြင်းစသည်တို့ကို ဆောင်ရွက်ကြပြီးတော့ ရခိုင်ပြည်နယ်အစိုးရရဲ့ လုပ်ငန်းစဉ်များကိုလည်း စောင့်ကြည့်ထိန်းကျောင်းခြင်းများကိုလည်း အစဉ်တစိုက် လုပ်ဆောင်ရင်း ရခိုင်အမျိုးသားပါတီရဲ့ မူဝါဒ လုပ်ငန်းစဉ်များကို ဆောင်ရွက်နေကြပါတယ်။

ထင်ရှားတဲ့သာဓကအနေနဲ့ ဖော်ပြရမယ်ဆိုရင် မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်အရေးစုံစမ်းစစ်ဆေးရေးကော်မရှင်ကိစ္စနဲ့ပတ်သက်လို့ ကန့်ကွက်မှုအတွက် ပြည်ထောင်စုလွှတ်တော်နှစ်ရပ်မှာ မအောင်မြင်ခဲ့ပေမယ့် ရခိုင်ပြည်နယ်လွှတ်တော်မှာ အဆိုတင်သွင်းအောင်မြင်ခဲ့တဲ့ကိစ္စကို မဲဆန္ဒရှင်ပြည်သူများအနေနဲ့ သိရှိကြပြီးဖြစ်ပါတယ်။

ဒါကြောင့် အခု ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် အမှတ် ၂ မဲဆန္ဒနယ်ဟာ ရခိုင်ပြည်နယ်လွှတ်တော်မှာ ရခိုင်အမျိုးသားပါတီ အင်အား ပိုမိုတောင့်တင်းရေးအတွက် အရေးပါတဲ့နေရာဖြစ်လို့ အနိုင်ရရှိဖို့ အရေးကြီးပါတယ်။

ခေတ်အဆက်ဆက်မှာ ရခိုင်လူမျိုးတွေဟာ မိမိတို့ရဲ့ ဆုံးရှုံးနေတဲ့ အမျိုးသားအခွင့်အာဏာတွေကို ရရှိလာစေဖို့အတွက် နည်းမျိုးစုံနဲ့ သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြသလို ကျွန်မတို့ ရခိုင်အမျိုးသားပါတီအနေနဲ့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်ထဲက အစွမ်းကုန်ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။

အခုဒီကြားဖြတ်ရွေးကောက်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်မှုဟာလည်း ရခိုင်အမျိုးသားရေးကြိုးပမ်းအားထုတ်မှုတွေထဲက တစ်ရပ်ကို ပီပြင်စွာ ဝင်ရောက်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ယခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်နေရာကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာမှာ ရခိုင်အမျိုးသားပါတီကိုယ်စား ရခိုင်အမျိုးသားပါတီ ဗဟိုကော်မတီဝင် ရသေ့တောင်မြို့နယ်ပါတီ အတွင်းရေးမှူး ရသေ့တောင်မြို့ ဒေသခံ ဦးမောင်လှမြင့်က ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီဟာ ရခိုင်ပြည်သူများ ဘေးဥပဒ်အန္တရာယ်ဒုက္ခအကျပ်အတည်းတွေကြုံတိုင်း မိမိပါတီဝင်များနှင့်လည်းကောင်း၊ ရခိုင့်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြတဲ့ အခြားအဖွဲ့အစည်းများနှင့်သော်လည်းကောင်း အတူတကွရှေ့တန်းက မားမားမတ်မတ် ကူညီဆောင်ရွက်ရင်း ပြည်သူနဲ့တစ်သားတည်း အစဉ်ကြိုးပမ်းဆောင်ရွက်နေတဲ့ ပါတီဖြစ်ကြောင်း ပြည်သူများအသိပင် ဖြစ်ပါတယ်။

ပြည်ထောင်စုသားချင်းများ ဖြစ်ကြတဲ့ လက်ပံတောင်းတောင်အရေးကိစ္စကြောင့် ဒုက္ခရောက်သူများကိုလည်း ကျွန်မတို့ပါတီက သွားရောက်ကူညီမှုများ ပြုလုပ်ခဲ့ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပြည်သူတစ်ရပ်လုံးဟာ ရခိုင်ကိုယ်စားပြုပါတီဖြစ်တဲ့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) နဲ့ အတူရပ်တည်ခဲ့ကြတဲ့အတွက် RNDP ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တတိယအများဆုံး အနိုင်ရပါတီအဖြစ် မော်ကွန်းစိုက်ထူနိုင်ခဲ့သလို ၂၀၁၅ ရွေးကောက်ပွဲမှာလည်း ရခိုင်အမျိုးသားပါတီဟာ စုစုပေါင်း ၇၇ နေရာ ယှဉ်ပြိုင်ခဲ့တဲ့အနက် ၄၅ နေရာ အနိုင်ရပြီးတော့ တတိယအများဆုံးအနိုင်ရတဲ့ပါတီအဖြစ် ထပ်မံရပ်တည်လာခဲ့ပါတယ်။ ဒီလိုသမိုင်းမှတ်တိုင် စိုက်ထူနိုင်မှုကြောင့် ရခိုင်တိုင်းရင်းသားအားလုံးရဲ့ "အမျိုးသားရေးစိတ်ဓာတ်"ကို မြန်မာနိုင်ငံအစိုးရနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံတကာအစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကပင် အသိအမှတ်ပြုခဲ့ကြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၈ နိုဝင်ဘာ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မယ့် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် အမှတ် ၂ နေရာမှာ ရခိုင်အမျိုးသားပါတီ (ANP) အပြတ်အသတ်အောင်ပွဲရရှိစေဖို့ဟာ ရခိုင်ပြည်သူတွေရဲ့ သမိုင်းပေးတာဝန်ဖြစ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

လေးစားအပ်ပါတဲ့ မဲဆန္ဒရှင် ပြည်သူများရှင်-

ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ ရည်မှန်းချက်သုံးရပ်ထဲမှာ နံပါတ်တစ် ရည်မှန်းချက်ဖြစ်ပြီး အရေးအကြီးဆုံးလည်းဖြစ်တဲ့ "စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး"ဆိုတဲ့ ရည်မှန်းချက်ကို အတိမ်းအစောင်း အလျှော့မပေးစတမ်း ဆက်လက်လျှောက်လှမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးမှာ ကျွန်မတို့ပါတီက ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရပ်တည်ထားတဲ့ ကျွန်မတို့လိုလားတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘယ်လိုဖက်ဒရယ်ပြည်ထောင်စုမျိုးလဲဆိုတာကို စာတမ်းဖတ်ကြား တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများရှင်-

ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးစော်ကားပြီး ဖိအားပေးတဲ့လုပ်ရပ်တွေ၊ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လိုတဲ့လုပ်ရပ်တွေကို ဒီနှစ်ပိုင်းတွေအတွင်းမှာ တွေ့ကြုံနေရတာတွေကို အမျိုးသားရေးခံယူချက်၊ ရပ်တည်ချက်၊ အမျိုးသားရေးသတိတွေနဲ့ ကာကွယ်ရပ်တည်ဆောင်ရွက်သွားကြဖို့ ပြည်သူတစ်ရပ်လုံးမှာ တာဝန်ရှိပါတယ်။ ရခိုင်ပြည်မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များသည် ရခိုင်ပြည်သူများ၏ ဘဝလုံခြုံရေးကို ထိပါးလျက်ရှိပြီးတော့ ရခိုင်အမျိုးသားပါတီအနေဖြင့် ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲရင်ဆိုင်ဖြေရှင်းသွားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ပါတီခေါင်းဆောင်များ၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများအနေနဲ့ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များနှင့် အခြားမီဒီယာများတွင်လည်း တွေ့မြင်နေကြရမှာဖြစ်ပါတယ်။

ခေတ်မီတိုးတက်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အောင်မြင်စွာရပ်တည်နိုင်ရေးအတွက် အနာဂတ်အင်အားအဖြစ် လူငယ်မျိုးဆက်သစ်များကို စနစ်တကျပြုစုပျိုးထောင်ပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်ဖို့ကိစ္စရပ်ဟာလည်း အထူးအရေးကြီးပါတယ်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီဟာ လွန်ခဲ့တဲ့ ဩဂုတ်လအတွင်းက လူငယ်တွေ့ဆုံပွဲတစ်ရပ်ကျင်းပပြုလုပ်ပြီးတော့ ရခိုင်အမျိုးသားနိုင်ငံရေးမှာ လူငယ်မျိုးဆက်သစ်အင်အားစုတစ်ရပ် စနစ်တကျပေါ်ထွန်းလာစေဖို့ အရည်အချင်းပြည့်ဝတဲ့ လူငယ်နိုင်ငံရေးအင်အားစုတစ်ရပ်ဟာ ရခိုင့်နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး ဇာတ်ခုံအသီးသီးမှာ ကမ္ဘာ့နိုင်ငံရေးရေချိန်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်စွာ တည်ဆောက်ဖြတ်သန်းနိုင်ကြဖို့ ရခိုင်အမျိုးသားပါတီရဲ့ မူဝါဒရည်ရွယ်ချက် လုပ်ငန်းစဉ်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ လူငယ်မျိုးဆက်သစ်နိုင်ငံရေးအင်အားစု တည်ဆောက်ရေးကိစ္စရပ်ဟာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမယ့် လုပ်ရပ်ဖြစ်တယ်လို့လည်း ကျွန်မတို့ ရခိုင်အမျိုးသားပါတီက ခံယူထားပါတယ်။

ဒါကြောင့် ကျွန်မတို့ ရခိုင်အမျိုးသားပါတီကို မဲထည့်ခြင်းဖြင့် ရွေးချယ်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

မဲဆန္ဒရှင်ပြည်သူအားလုံး အန္တရာယ်ခပ်သိမ်း ပပျောက်ငြိမ်းကြပါစေ၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံးပေါ်ထွန်းလာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

အင်ဒိုနီးရှားတွင် ကူးတို့ရေယာဉ်တစ်စင်း မီးလောင်နစ်မြုပ်၊ လူ ၁၀ ဦးသေဆုံးပြီး ၁၁ ဦးပျောက်ဆုံးနေ

ဂျကာတာ စက်တင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းတွင် စက်တင်ဘာ ၁၄ ရက်က ခရီးသည် ၁၄၇ ဦး လိုက်ပါသွားသည့် ကူးတို့ရေယာဉ်တစ်စင်းသည် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက် နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၀ ဦးသေဆုံးပြီး ၁၁ ဦးပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှား အစိုးရတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဖန်ကာပါမာတာ ၅ အမည်ရှိ ကူးတို့ရေယာဉ်သည် ဆူလာဝေဆီပြည်နယ် အရှေ့တောင်ပိုင်း ဘူးဘူးမြို့ဆိပ်ကမ်းမှ မာလာကူပြည်နယ်မြောက်ပိုင်း ဆာနာနာမြို့ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေစဉ် ဆူလာဝေဆီပြည်နယ် အလယ်ပိုင်းကမ်းလွန်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ပင်လယ်ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားရေးမှူးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အဆိုပါ ကူးတို့ရေယာဉ်သည် စက်တင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်၌ နစ်မြုပ်သွားကြောင်း ၎င်းက ပြောကြားသည်။

သင်္ဘောနစ်မြုပ်ရာသို့ ကယ်ဆယ်ရှာဖွေရေးသမားများ ည ၇ နာရီမိနစ် ၃၀ တွင်ရောက်ရှိပြီး ပင်လယ်ရေလှိုင်းများ မြင့်မားနေစဉ်အတွင်းမှာပင် လူပေါင်း ၁၂၆ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းကူးတို့ရေယာဉ် မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းအရင်းကိုမူ မသိရှိရသေးပေ။ **ကျော်ဒို**

အိန္ဒိယပိုင် ကက်ရှ်မီးယား၌ ခရီးသည်တင်ကား ချောက်ထဲကျ၊ လူ ၁၇ ဦး သေဆုံးပြီး ၁၆ ဦးဒဏ်ရာရ

ဆရီနာဂါ စက်တင်ဘာ ၁၅

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသော ကက်ရှ်မီးယားပြည်နယ်တွင် စက်တင်ဘာ ၁၄ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် တောင်ကုန်းတောင်တန်းထူထပ်သော လမ်းပိုင်း၌ ဘီးချော်မှုဖြစ်ပွားပြီး ချောက်တစ်ခုအတွင်း ထိုးကျခဲ့ရာ လူ ၁၇ ဦးထက်မနည်း သေဆုံးပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယထိန်းချုပ်ထားသော ကက်ရှ်မီးယားပြည်နယ်မြို့တော် ဆရီနာဂါ၏ တောင်ဘက် ၂၁၇ ကီလိုမီတာအကွာရှိ ကစ်ရှ်ဂါခရိုင် သာကရီမြို့အနီး၌ ယင်းမတော်တဆမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းဘတ်စ်ကားချောက်တွင်း ထိုးကျမှု၌ ထိခိုက်ဒဏ်ရာရရှိသူများအား အစိုးရပိုင်ဆေးရုံများသို့ တင်ပို့ကာ ဆေးဝါး ကုသမှုများ ပြုလုပ်ပေးနေကြောင်း ကတ်ရှ်ဝါခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး အန်ဂရက်စ်ဆင်းရာနာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူ ၁၁ ဦးအား ဂျမူးမြို့ဆေးရုံသို့ လေကြောင်းဖြင့် ပို့ဆောင်ပေးကာ အထူးကုသမှု ခံယူစေခဲ့ကြောင်းနှင့် အခြားသူများအား ကတ်ရှ်ဝါမြို့၌ ဆေးကုသနေကြောင်း ၎င်းက ပြောကြားသည်။

ယင်းခရီးသည်တင် ဘတ်စ်ကားသည် မတော်တဆဖြစ်ချိန်၌ ခရီးသည် အဆမတန်တင်ဆောင်ထားသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ လမ်းမများပေါ်၌ ယာဉ်မတော်တဆမကြာခဏဖြစ်ပွားခြင်းမှာ လမ်းအနေအထားဆိုးရွားခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်းနှင့် ယာဉ်နှင့်မမျှအောင် လူနှင့်ကုန်များ အဆမတန် တင်ဆောင်မှုတို့ကြောင့်ဖြစ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ

နယ်စပ်မြို့ ဂျာဇန်အား ဦးတည်ပစ်ခတ်သည့် ပဲ့ထိန်းဒုံးကျည်ကို ဆော်ဒီလေတပ်မှ ကြားဖြတ်ပစ်ချ

ရီယာ့ဒ် စက်တင်ဘာ ၁၅

စက်တင်ဘာ ၁၄ ရက်က ယီမင်နိုင်ငံတွင်းမှ ဆော်ဒီအာရေဗျနိုင်ငံ နယ်စပ်မြို့ ဂျာဇန်အား ပစ်ခတ်ခဲ့သော ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဆော်ဒီအာရေဗျလေတပ်မှ ကြားဖြတ်ပစ်ချခဲ့ကြောင်း ဆော်ဒီအစိုးရသတင်းဌာနမှ ဖော်ပြသည်။

ယင်းဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားအပြီးတွင် ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးတာကီအယ်လ် မာလီကီက ပြောကြားရာတွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံပိုင်နက်နယ်မြေ အတွင်းသို့ ယီမင်နိုင်ငံတွင်းမှ ဒုံးကျည်ပေါင်းများစွာ ပစ်လွှတ်ခဲ့ရာ ဒုံးကျည် ၁၉၅ စင်း ကျရောက်ခဲ့ပြီး လူ ၁၂၂ ဦး သေဆုံးကာ ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

ယီမင်နိုင်ငံတွင်းရှိ အီရန်၏ ထောက်ခံအားပေးမှု ရရှိထားသည့် ဟူသီသူပုန်များက ယင်းဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များက ဟူသီသူပုန်များကို ပစ်မှတ်ထားတိုက်ခိုက်သွားရန် အခိုင်အမာဆုံးဖြတ်ထားပြီး ၎င်းတို့နှင့် ထိုက်တန်သော ပြစ်ဒဏ်များ ရရှိစေရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယီမင်အစိုးရအား အကူအညီပေးရန်နှင့် ဒေသတွင်း၌ လုံခြုံရေးအရ တည်ငြိမ်မှုကင်းမဲ့စေရေးအတွက် အီရန်၏ ကြိုးပမ်းမှုများကို ရပ်တန့်နိုင်ရန် ယီမင်ပြည်တွင်းစစ်တွင် ဟူသီသူပုန်များအား စစ်ရေးအရတိုက်ခိုက်မှုကို ဆော်ဒီအာရေဗျနိုင်ငံက ၂၀၁၅ ခုနှစ်ကတည်းက ဦးဆောင်ပါဝင်ခဲ့သည်။ **ဆင်ဟွာ**

အမေရိကန်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဝါရင့်သတင်းထောက် ဒန်ရာသာအား တွေ့ဆုံမေးမြန်း

ဝါရှင်တန် စက်တင်ဘာ ၁၅

အမေရိကန်ပြည်ထောင်စု၏ နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲသည် နောင်လာမည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေးအခြေအနေပြောင်းလဲမှုကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် အဆိုပါရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဝါရင့် သတင်းထောက် ဒန်ရာသာအား သူ၏ထင်မြင်ချက်များကို အင်န်အိတ်ချ်ကေ သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

သမ္မတထရန့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့သည် အာဏာရှင်ဆန်ကြောင်း ဝါရင့်သတင်းထောက် ဒန်ရာသာက သူ၏ထင်မြင်ချက်ကို ပြောကြားခဲ့သည်။ ထို့ပြင် ယခုအချိန်သည် အမေရိကန်သတင်းမီဒီယာများအနေဖြင့် အလွန်အန္တရာယ်များသော အခြေအနေကို ရင်ဆိုင်နေရကြောင်း ဒန်ရာသာက ဆက်လက်ပြောကြားခဲ့သည်။

လာမည့်ရွေးကောက်ပွဲသည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးအခြေအနေကို ပြောင်းလဲပစ်နိုင်သော အရေးပါသည့် ရွေးကောက်ပွဲများဖြစ်သည့်အတွက် အလေးပေး အာရုံစိုက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဒန်ရာသာက ဆိုသည်။

အကယ်၍ ရီပတ်ဘလစ်ကန်ပါတီက ဆန္ဒမဲအသာရရှိပါက ဒေါ်နယ်ထရန့်သို့မဟုတ် အခြားရီပတ်ဘလစ်ကန်ပါတီအဖွဲ့ဝင်တစ်ဦးကို ၂၀၂၀ ပြည့်နှစ်အထိ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ဒန်ရာသာက ပြောကြားခဲ့သည်။

တစ်ဖက်ကလည်း ဒီမိုကရက်တစ်ပါတီက ဆန္ဒမဲအနိုင်ရရှိပါက ဒေါ်နယ်ထရန့်အား သမ္မတအဖြစ်မှ ဖြုတ်ချနိုင်ဖွယ်ရှိကြောင်း ဒန်ရာသာက ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲရလဒ်ထွက်ပေါ်မှုနှင့် ပတ်သက်ပြီး အချိန်စောသေးသည့်အတွက် ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်သေးကြောင်း ဒန်ရာသာက ဆိုသည်။

အင်န်အိတ်ချ်ကေ

အေစီမီလန်နှင့် တရုတ်ကလပ်များက ပစ်မှတ်ထားနေသော်လည်း မိုနာကိုအသင်းက ဖယ်လ်ကာအိုအား အသင်းတွင်ဆက်ရှိရေး ကြိုးပမ်းသွားမည်ဟုဆို

ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသည် တိုက်စစ်မှူး ဖယ်လ်ကာအိုအား အေစီမီလန်အသင်းနှင့် တရုတ်ကလပ်အသင်းများက ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း အသင်းတွင် ဆက်ရှိရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဖယ်လ်ကာအိုသည် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့တွင် ကစားခဲ့ရာတွင် ခြေစွမ်းပျောက်ဆုံးခဲ့ရသူဖြစ်ပြီး လက်ရှိကလပ် မိုနာကိုအသင်းတွင်မူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ ပြင်သစ်ပထမတန်းကလပ်မိုနာကိုအသင်းတွင် ပွဲပေါင်း ၅၅ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၃၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်စစ်မှူး ဖယ်လ်ကာအိုအနေဖြင့် မိုနာကိုအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းနှင့် တရုတ်စူပါလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မိုနာကိုအသင်းအနေဖြင့် နောက်ထပ် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဖယ်လ်ကာအိုသည် ပေါ်တိုအသင်းနှင့်အတူ ၅၁ ပွဲတွင် ၄၁ ဂိုး၊ အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ၆၈ ပွဲတွင် ၅၂ ဂိုး စသည်ဖြင့် သွင်းယူပေးခဲ့ပြီး ကိုလံဘီယာအသင်းနှင့်အတူ ၇၉ ပွဲတွင် ၃၁ ဂိုးသွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

ဟယ်ရီကိန်း၏ ခြေစွမ်းနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်မရှိဟု စပါးအသင်းနည်းပြ ပိုချက်တီနို ပြောကြား

တိုက်စစ်မှူး ဟယ်ရီကိန်း၏ ယခုနှစ်ဘောလုံးရာသီ ခြေစွမ်းနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်မရှိကြောင်း စပါးအသင်းနည်းပြ ပိုချက်တီနိုက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပြီးခဲ့သည့်တစ်ပတ်က စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ခြေစွမ်းကျဆင်းခဲ့ခြင်းကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသူဖြစ်သည်။

သို့ရာတွင် စပါးအသင်းတွင် တိုက်စစ်မှူး ဟယ်ရီကိန်းအနေဖြင့် ပရီမီယာလိဂ်လေးပွဲကစားအပြီးတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူထားနိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဟယ်ရီကိန်းမှာ အခြားသောကစားသမားများထက် ခြေစွမ်းပိုင်းပိုမိုကောင်းမွန်နေသည်ကို ယုံကြည်ထားကြောင်း စပါးအသင်းနည်းပြ ပိုချက်တီနိုက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၀၀၉ ခုနှစ်မှ စတင်ကာ စပါးအသင်းတွင် ပါဝင်ကစားခဲ့ပြီး လက်ရှိအချိန်တွင် စပါးအသင်းအတွက် ပွဲပေါင်း ၁၅၄ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၁၀ အထိ သွင်းယူပေးထားနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဟယ်ရီကိန်းအနေဖြင့် လက်ရှိတွင် စပါးအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ပရီမီယာလိဂ်ဒုတိယနေရာတက်လှမ်းခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားတွင် အင်္ဂလန်နှင့်အတူ ဆီမီးဖိုင်နယ်တက်နိုင်ခဲ့သည်။

မြို့နယ်ဂုဏ်ဆောင် လက်ဝှေ့အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရရှိခဲ့သော အင်းစိန်မြို့နယ်ဂုဏ်ဆောင်လက်ဝှေ့အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ချီးမြှင့်ခြင်းနှင့် တံခွန်စိုက်ဆုဖလားကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌထံ ပြန်လည်အပ်နှံသည့် အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၁)၊ (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်၊ ဦးဝေဖြိုးဟန်နှင့် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး(မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ) ဦးဝင်းအောင်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

လက်ဝှေ့အားကစားပြိုင်ပွဲများတွင် ပထမတံခွန်စိုက်ဆုရရှိခဲ့သော မြို့နယ်ဂုဏ်ဆောင်လက်ဝှေ့အားကစားအဖွဲ့များမှ အားကစားသမားများအား တစ်ဦးချင်းအလိုက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကာ မြို့နယ်တံခွန်စိုက်ဆုဖလားကို မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်၊ မြို့နယ် လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ဂုဏ်ဆောင်အားကစားသမားများက မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

၆၈၄

မြန်မာဝူရှူးအဖွဲ့ယှဉ်ပြိုင်မည့် World Cup Taolu 2018 ပြိုင်ပွဲကို နိုဝင်ဘာလ တတိယပတ်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာဝူရှူးအဖွဲ့ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်မည့် World Cup Taolu 2018 ပြိုင်ပွဲကို နိုဝင်ဘာလ တတိယပတ်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာဝူရှူးအဖွဲ့သည် ယင်းပြိုင်ပွဲအပါအဝင် ယခုနှစ်ကုန်ပိုင်းတွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြန်လည်ပြုလုပ်နေပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် စန္ဒီဦး

မြန်မာဝူရှူးအဖွဲ့သည် ယင်းပြိုင်ပွဲတွင် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် လက်ရွေးစင် ကစားသမားများနှင့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ကစားသမားများဖြင့် ပေါင်းစပ်ယှဉ်ပြိုင်မည် ဖြစ်သည်။ ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်သည် World Cup Taolu 2018 ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာဝူရှူးအဖွဲ့မှာမူ ယခုအကြိမ်မှသာ စတင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲမှာ ထောက်လု(သရုပ်ပြ)ပြိုင်ပွဲ တစ်မျိုးတည်းကိုသာ သီးခြားကျင်းပသည့် ပြိုင်ပွဲဖြစ်သောကြောင့် ဆန်းဆို(အတိုက်)ပြိုင်ပွဲများ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ၂၀၀၄ ခုနှစ်တွင် အာရှ ဝူရှူးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး နောက်ပိုင်း နှစ်ပေါင်း ၁၄ နှစ်အကြာတွင် နိုင်ငံတကာပြိုင်ပွဲတစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့သည် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ထောက်လုကစားသမား ခုနစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငြိမ်းချမ်းကိုကိုက အမျိုးသား ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် ကြေးတံဆိပ်တစ်ခု ရယူနိုင်ခဲ့သည်။

မြန်မာဝူရှူးအဖွဲ့သည် ယခုနှစ်ကုန်ပိုင်းတွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေရပြီး ဩဂုတ်လတွင် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပြီး နိုဝင်ဘာလတွင် World Cup Taolu 2018 ပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်ရမည် ဖြစ်သည်။

သတင်း- ရှိုင်းထက်ဇော်
ဓာတ်ပုံ- စိုးညွန့်

❋ ဇွဲကပင်မှ

မကွေးအသင်းကို တောက်လျှောက်ဖိအားပေးနိုင်ခဲ့သည်။ GFA အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး သုံးမိနစ်တွင် အီမန်နျူရယ်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ မကွေးအသင်းသည် မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသောကြောင့် တိုက်စစ်အားမြှင့်လာပြီး ၁၄ မိနစ်တွင် တိုက်စစ်မှူး အောင်မြင့်ထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် GFA အသင်းက ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့ပြီး အီမန်နျူရယ်၏ကန်သွင်းချက်ဘားထိထွက်ခဲ့သလို မန်ထိပ်ပေါင်၏ အနီးကပ်ကန်သွင်းမှုမှာလည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများလည်း အပြန်အလှန်ရခဲ့သည်။ မကွေးအသင်း၏ တိုက်စစ်ဆင်မှုများမှာ GFA အသင်းနောက်တန်း၏ အလွယ်တကူ ဖျက်ထုတ်ခြင်းခံခဲ့ရသည်။ GFA အသင်းသည် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် အနိုင်ဂိုးရခဲ့ပြီး ထောင်လျပ်ထန်က သွင်းယူခဲ့သည်။ ထောင်လျပ်ထန်သည် လူစားဝင်ပြီး တစ်မိနစ်မပြည့်မီမှာပင် အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက ဧရာဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် အဝေးကွင်းတွင် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရပြီး ဧရာဝတီအသင်းမှာမူ အိမ်ကွင်း၌ကစားရသော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် ရန်ကျော်ထွေး၊ မိနစ် ၆၀ တွင် ကင်မ်၊ ၆၂ မိနစ်တွင် စိုင်းမင်းထွန်း၊ မိနစ် ၉၀ တွင် စစ်မုန်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၆ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း- ရှိုင်းထက်ဇော်
ဓာတ်ပုံ- စိုးညွန့်

(၇၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ ဦးစီးသော နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့၊ ဥတ္တရခရိုင်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်တွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်းတို့ ဆောင်ရွက်စဉ်။ ကိုကိုရှုပ(နေပြည်တော်)

ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၄၀ သည် စက်တင်ဘာ ၁၅ ရက်တွင် ဝေါမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ သန့်ဇင် (ပဲခူး)

သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းဦးစီးသည့် တပ်ဖွဲ့ဝင်၊ မိသားစုဝင်များ၊ သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ရထားရဲ(သထုံ)မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်တွင် သထုံမြို့ ရွှေစာရံဘုရားဝင်းအတွင်း၊ အပြင်၌ အမှိုက်များ၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်တော်ပေါ်တွင် တံမြက်စည်းလှဲခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

လှိုင်ထွန်းအောင်

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ယာယီရဲမှူးဝင်းဇော်ဦး ဦးစီးပြီး တပ်ဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၅ ရက်က မြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံတွင် စုပေါင်းလုပ်အားပေးဆောင်ရွက်စဉ်။

ခွန်းဆက်နေ

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ရှစ်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်က ဆေးရုံကြီး၏ အရေးပေါ်ဌာနရှေ့နှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ကိုရဲ

ဇမ္ဗူသီရိမြို့နယ်တွင် ကားခိုးယူသူတစ်ဦးအား နာရီပိုင်းအတွင်း ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၁၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ ဌာနပိုင်ယာဉ်ငယ်တစ်စီး ခိုးယူမောင်းနှင်သွားသူအား နယ်မြေခံရဲတပ်ဖွဲ့က နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဌာနပိုင် NPW 9B/--- Toyota Corola ယာဉ်သည် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက သုခသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၄၂၀၂) တွင် ရပ်ထားရာမှ ပျောက်ဆုံးခဲ့သည်။

အဆိုပါမော်တော်ယာဉ် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှု၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အမှတ်(၉) နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ထွက်ပြေးနိုင်သည့်လမ်းကြောင်းများတွင် သတင်းစုံစမ်းခြင်း၊ CCTV မှတ်တမ်းများအား စစ်ဆေးကြည့်ရှုခြင်းများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ယာဉ်ခိုးသွားသူ အောင်သူရအား နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် ကျွန်းရွှေဝါလမ်းနှင့် စန္ဒာမြိုင်လမ်းထောင့်တွင် နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။ ခိုးယူမှုနှင့်ပတ်သက်၍ အောင်သူရအား အမှတ်(၉)နယ်မြေရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုပေါက်(ဥတ္တာမြေ)

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၉၀၊ သွင်းကုန် ၅၈၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် အစီး ၂၁၀ တို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

တရားမဝင်သယ်ဆောင်လာသော ခဲဟုယူဆရသော သတ္တုအမှုန့်အိတ်၊ ပိတောက်စားရွှေ ခွဲသားနှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့်ယာဉ်များကို တွေ့ရစဉ်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်လဖိုး ငွေကျပ် ၆၉ ဒသမ ၉၆၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၈၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၅၄၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် စက်တင်ဘာ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင် ယာဉ်တစ်စီးပေါ်၌ ခဲဟုယူဆရသော သတ္တုအမှုန့် ၂၅ အိတ်၊ Mazda Titan ခြောက်ဘီးယာဉ်နှင့် Hino Dutro ခြောက်ဘီးယာဉ်တို့ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်စားရွှေ ခွဲသား ၄ ဒသမ ၃၄၄၂ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၀၃၂ သန်း ခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အလုံမြို့နယ်၌ ယာဉ်နှစ်စီး တိုက်မှုဖြစ်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့ အလုံလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း အောင်ပြည့်ဇော် မောင်းနှင်လာသော 6J/ --- ပရိုဘောက်အဖြူရောင်အငှားယာဉ်သည် စက်တင်ဘာ ၁၅ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်ခန့်က အောက်ကြည့်မြင်တိုင်လမ်းဆုံအရောက် ဖြတ်သန်းမောင်းနှင်စဉ် အောက်ကြည့်မြင်တိုင်လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း ကိုဇာဇာမင်း မောင်းနှင်သော 7D/--- ပရိုဘောက် အငှားယာဉ်အား တိုက်မိသဖြင့် 7D/---- ယာဉ်မှာ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်ပါသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့တွင် ဒဏ်ရာများရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။ ယာဉ်မောင်း အောင်ပြည့်ဇော်အား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်ဦး (အလုံ)

ကြည့်မြင်တိုင် အရိုးကုဆေးရုံဂိတ် ၃ ၌ ကွန်တိန်နာယာဉ်တစ်စီး မီးလောင်

ရန်ကုန် စက်တင်ဘာ ၁၅

ကြည့်မြင်တိုင်မြို့နယ် သရက်တောမြောက်ရပ်ကွက် ဟံသာဝတီလမ်း အရိုးကုဆေးရုံဝင်းအတွင်းရှိ ဂိတ်အမှတ် ၃ ၌ စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က ကွန်တိန်နာယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အလုံမြို့နယ် MIP ဝင်းအတွင်းမှ ပစ္စည်းများတင်ဆောင်၍ ကမ်းနားလမ်းအတိုင်း သက်ထွန်းဦး မောင်းနှင်လာသော 4D/....၂၂ ဘီး ပေ ၄၀ ကွန်တိန်နာယာဉ်သည် ကြည့်မြင်တိုင်အရိုးကုဆေးရုံဝင်းအတွင်း ဂိတ်အမှတ် ၃ သို့ရောက်ရှိစဉ် ဗို့အား ၄၀၀ ရှိ လျှပ်စစ်ကြိုးနှင့် ကားခေါင်မိုးထိမိပြီး ကားခေါင်မိုးပေါက်ရာမှ မီးဖွားများ ကွန်တိန်နာဘောက်အတွင်းရှိ ဂျပ်စက္ကူပြား၊ ထုပ်ပိုးပလတ်စတစ်ပြားပေါ်သို့ကျပြီး မီးစတင်လောင်ရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်သော အုပ်ချုပ်ရေးယာဉ်နှင့်အတူ ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်းမြို့နယ်တို့မှ မီးငြိမ်းသတ်ရေးယာဉ်များ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ကွန်တိန်နာယာဉ်ပေါ်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်းသိရပြီး ယာဉ်မောင်း သက်ထွန်းဦးကို ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

ရွှေတိုင်- ဘိုတောက်

သင့်ကြောင့် မီးမလောင်ပါစေနဲ့

မြန်မာ့ရုပ်မြင်သံကြား

၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	Breakfast News
၇း၃၅	လေ့လာစရာစုံလင် အမိမြန်ပြည် တစ်ခွင်"ကြည်နူးဖူးမြော် မိုးကုတ်ဆရာတော်" (သံဝေဇနိယအမရပူရ)
၈း၃၅	တရုတ်ကာတွန်း"တောပျော် မျောက်ကလေးကျွမ့်ကျွမ့်" (အပိုင်း-၆)
၉း၂၀	ဇာတ်လမ်းအတိုအထွာပြုံးစရာ "နောက်တီးနောက်တောက်" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ စန်းစန်းမော်) (ဒါရိုက်တာ-ဆလိုင်းလွမ်း)
၉း၄၀	MRTV Travelogue
၁၀း၀၀	Sunday Talk
၁၀း၃၀	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၀၀	လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၀၅	ကဗျာရိပ်မြုံ"အရုပ်ဈေး"
၁၁း၂၅	ကျန်းမာရေးမဂ္ဂဇင်း"သားဆက်ခြားခြင်းအကြောင်းသိကောင်းစရာ"
၁၂း၃၀	This Week's Special Interest
၁၂း၅၀	မြန်မာဂန္ထဝင်ရုပ်ရှင်"လိုရာဆန္ဒ ပြည့်ပါစေ"(အောင်အောင်၊ မေဝင်းမောင်)(ဒါရိုက်တာ- သက်မောင်မောင်)
၁၄း၄၅	Sunday Talk

ညပိုင်း

၁၅း၄၅	Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southem Myanmar FC Vs Sagaing United FC)
၁၈း၂၀	လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင်"မြန်မာ့ပုလဲထုတ်လုပ်ပုံ အဆင့်ဆင့်နှင့်ရောင်းချခြင်း"
၁၈း၄၅	"ကျန်းမာရေးအတွက်ဗဟုသုတများစွာလေ့လာရှာဖွေမှတ်သားပါ"
၁၉း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၂၃)
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅	၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ" -In & Out "China ခရီးစဉ်" (အပိုင်း-၃)(လေးဖြူနှင့်အဖွဲ့) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၂၁) -ပြည်သူ့နီတိ"မိုးခါးရေ" (ဇော်ဦး၊ဒေါ်အေးမြင့်၊ ရတနာခိုင်) (ဒါရိုက်တာ-မိုးဇော်ကို) -အစီအစဉ်ပြီး၏။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း မြားပစ်သင်တန်းဖွင့်ပွဲ တက်ရောက်

ပဲခူး စက်တင်ဘာ ၁၅

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် ၂၀၁၈ခုနှစ် အခြေခံမြားပစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အခြေခံမြားပစ်သင်တန်းကို တက်ရောက်သင်ယူမည့် သင်တန်းသားမောင်မယ်များအနေဖြင့် အချိန်ကုန်၊ ငွေကုန်အကျိုးမရှိမဖြစ်ရအောင် စိတ်ပါဝင်စားစွာ သင်ကြားပို့ချမှုကို ခံယူပြီး တိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇေသီဟက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် (အားကစား) ဦးကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဇေကမ္ဘာကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌက အလှူငွေကျပ် ၁၀ သိန်းအား ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က အားကစားပစ္စည်းများပေးအပ်လှူဒါန်းကာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် အားကစားသမားများက မြားပစ်၍ သရုပ်ပြသကြသည်။

အခြေခံမြားပစ်သင်တန်းကို ပဲခူးတိုင်းဒေသကြီး၌ ၁၉၉၇ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ် ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းမှ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အတွက် ထူးချွန်အားကစားသမားများဖြစ်ကြသည့် မြတ်ဇော်ထွန်း၊ ဇာခြည်ဝင်းနှင့် သိမ့်သိမ့်မိုးတို့သုံးဦးကို ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံမြားပစ်သင်တန်းအား ပဲခူးမြို့တွင် စက်တာဘာ ၁၄ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ တက်ရောက်

ဟားခါး စက်တင်ဘာ ၁၅

ချင်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO) တို့ ကြီးမှူးကျင်းပသော အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်ဗဟုသုတများပိုမိုသိရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ရရှိစေရန် ရည်ရွယ်၍ ချင်းပြည်နယ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair 2018)ကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ခေတ်တွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု ပြဿနာသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည့် အလျောက် နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေးအတွက် အလုပ်လုပ်ကိုင်နိုင်သူတိုင်း အလုပ်အကိုင်ရရှိရန်နှင့် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး ကိစ္စများသည်လည်း အဓိကအခန်းကဏ္ဍဖြစ်ကြောင်း၊ ပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်ကြီးများ မဖွင့်လှစ်နိုင်သေးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ တွင် အလုပ်လိုချင်သူများနှင့် အလုပ်သမားလိုအပ်နေသူများ တစ်နေရာတည်း၌ ရရှိနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းများ ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ လာရောက်ဖွင့်လှစ်ပြသပေးသည့် ကုမ္ပဏီများနှင့် အလုပ်လာရောက်လျှောက်ထားကြသည့် လူငယ်လူရွယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးတမူးမြို့မြန်မာ - အိန္ဒိယနယ်စပ်အမှတ်(၁)နှင့် အမှတ်(၂)ဂိတ်ကြားဗိုလ်နိုင်ဝင်းလမ်း ပဲတန်းပေါက်အနီး လမ်းဘေး ဝဲ၊ ယာတို့တွင် ချုံနွယ်များနှင့် လမ်းဘေး ဝဲ၊ ယာရှိ အမှိုက်များကို တမူးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စက်တင်ဘာ ၁၅ ရက်က စုပေါင်း၍ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်စဉ်။ **ထွန်းမင်းအောင်(ကဘော်မြေ)**

အနုပညာ

နယူးယော့ခ်ဖက်ရှင်သီတင်းပတ်နှင့် အလှဆုံးဝတ်စုံများ

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ကျင်းပခဲ့တဲ့ နယူးယော့ခ်ဖက်ရှင်သီတင်းပတ်အတွင်း လမ်းပေါ်မှာ ဝတ်ဆင်သွားလာနိုင်တဲ့ ပေါ့ပေါ့ပါးပါးဝတ်စုံတွေကို ဝတ်ဆင်ပြသခဲ့ရာမှာတော့ နာမည်ကျော် မော်ဒယ်လ်တွေများစွာ ပါဝင်လျှောက်လှမ်းခဲ့ကြပါတယ်။ ဒီအထဲကမှ အလှဆုံးသော ဝတ်စုံတွေအဖြစ် အီးအွန်လိုင်းဒေါ့ကွန်းက ရွေးချယ်ဖော်ပြခဲ့သည်များကို ပြန်လည်မျှဝေလိုက်ရပါတယ်။

ပရီယင်ကာချိုပရာ

ဘောလိဝုဒ်ကြယ်ပွင့်အဖြစ်မှသည် ဟောလိဝုဒ်အထိပါ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့တဲ့ မင်းသမီး ပရီယင်ကာချိုပရာဟာလည်း ဟောလိဝုဒ်လောကမှာ ဖက်ရှင်နဲ့ပတ်သက်ပြီး ကျော်ကြားသူတစ်ဦးပါ။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက နယူးယော့ခ်ဖက်ရှင်ပြပွဲ မှာတော့ ပရီယင်ကာချိုပရာလည်း ပါဝင်လျှောက်လှမ်းခဲ့တာ တွေ့ရပါတယ်။ ဒီပွဲမှာတော့ ချိုပရာဟာ ဂါဝန်ရှည်ကို ဆွဲဆောင်မှုရှိရှိ ဝတ်ဆင်လျှောက်လှမ်းခဲ့တာကိုလည်း တွေ့ရပါတယ်။ သူ့ရဲ့ဝတ်စုံကတော့ မကြာမီကျရောက်တော့မယ့် ဆောင်းရာသီအတွက် သင့်တော်တဲ့ဝတ်စုံဖြစ်တယ်လို့ ဆိုရမှာပါ။

ကန်ဒဲလ်ဂျန်နာ

နာမည်ကျော် မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကန်ဒဲလ်ဂျန်နာ မပါဝင်တဲ့ ဖက်ရှင်ပြပွဲတစ်ခုဟာ ပြည့်စုံမှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နယူးယော့ခ်မှာ ပြုလုပ်ခဲ့တဲ့ ဖက်ရှင်ပြပွဲမှာတော့ စူပါမော်ဒယ်လ်ဟာ ခရမ်းရောင်တောက်တောက် ဝတ်စုံကို ဝတ်ဆင်လျှောက်လှမ်းခဲ့ကာ အများအကြား ထင်းနေအောင်လှနေတာကိုလည်း တွေ့ရပါတယ်။ ဗစ်တိုးရီးယားစီးကရက်ထ်ဖက်ရှင် ပြပွဲတွေမှာ နှစ်စဉ်ပါဝင်လျှောက်လှမ်းလေ့ရှိတဲ့ ကန်ဒဲလ်ဂျန်နာရဲ့ ဒီဝတ်စုံဟာဖြင့် နွေရာသီနဲ့ အင်မတန်လိုက်ဖက်တဲ့ ဝတ်စုံလည်းဖြစ်ပါတယ်။

ဝ- အေးပြည့် - စုစည်းသည် -ဝ

ကမ်ကန်ဝူးကို ရုပ်ရှင်သစ်တွင် ဗီလိန်အဖြစ် တွေ့မြင်ရမည်

တောင်ကိုရီးယားရဲ့ နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ကန်ဝူးရဲ့ ရုပ်ရှင်သစ်ကို မကြာမီ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာတော့ မင်းသားဟာ ယခင်ကနဲ့မတူဘဲ ဗီလိန်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ကြောင်း ဟန်စင်းနီးမား ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီရုပ်ရှင်သစ်ကိုတော့ "Item" လို့ အမည်ပေးထားတာဖြစ်ပြီး ဒီရုပ်ရှင်မှာ ပါဝင်သွားကြမယ့် အဓိကဇာတ်ဆောင်တွေကို အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအထဲကမှ မင်းသား ကမ်ကန်ဝူးကတော့ ဗီလိန်တစ်ဦးအဖြစ် ပါဝင်သွားမှာလည်း ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာတော့ ကွင်းဆက်လူသတ်မှုတွေလည်း ပါဝင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

"Item" မှာ ကမ်ကန်ဝူးပါဝင်ထားတဲ့ ဇာတ်ကောင်အမည်ကတော့ ချိုဆယ်ဟန်းလို့ သိရပါတယ်။ သူဟာ အလွန်ကို ချစ်ခင်ဖွယ်ကောင်းသူတစ်ဦးဖြစ်ပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်ပြန်ပါတယ်။ သူ့ရဲ့ အရည်အချင်းတွေ၊ ကြွယ်ဝမှုတွေ နောက်ကွယ်မှာတော့ သူဟာ တကယ့်ကို ရက်စက်တဲ့ လူသတ်သမားတစ်ဦးလည်း ဖြစ်နေပါတယ်။ သူဟာ သူ့ရဲ့ ကြွယ်ဝမှုတွေနဲ့ စွမ်းရည်တွေကို အသုံးချပြီး ပြစ်မှုကျူးလွန်ဖို့အတွက် အရေးပါတဲ့အချက်အလက်တွေကို စုဆောင်းခဲ့တယ်လို့လည်း သိရပါတယ်။

ဟမ်ချန်းရဲ့အမှု အစိုးရရှေ့နေတွေဆီ လွှဲပြောင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "B. A. P"မှ အဖွဲ့ဝင်တစ်ဦးဟာ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေပြုခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး လက်ရှိမှာတော့ စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရတာဖြစ်တယ်လို့ သိရပါတယ်။ ဒီသတင်းတွေ ထွက်ပေါ်လာခဲ့ရာ အစပိုင်းမှာ စွပ်စွဲခံခဲ့ရတဲ့ အဖွဲ့ဝင်ရဲ့အမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ နောက်ပိုင်းမှာတော့ အဖွဲ့ရဲ့ အေဂျင်စီက စွပ်စွဲခံရသူမှာ ဟမ်ချန်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

ဟမ်ချန်းရဲ့ စွပ်စွဲခံထားရတဲ့ အမှုနဲ့ပတ်သက်ပြီး လက်ရှိမှာတော့ ဒီအမှုကို အစိုးရရှေ့နေတွေဆီ လွှဲပြောင်းပေးခဲ့ပြီဖြစ်ကြောင်း အေဂျင်စီက နောက်ဆုံးအနေနဲ့ ထုတ်ဖော်ပြောကြားထားတာ ဖြစ်ပါတယ်။ ဒီကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုတွေကိုလည်း ဆက်လက်လုပ်ဆောင်နေတာဖြစ်တယ်လို့ သိရပါတယ်။

ဇူလိုင် ၂၄ ရက်က သွားခဲ့တဲ့ခရီးစဉ်အတွင်းမှာ ဟမ်ချန်းဟာ သူနဲ့အတူသွားခဲ့တဲ့ အသက် ၂၀ ဝန်းကျင် မိန်းကလေးတစ်ဦးကို လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုခဲ့ကြောင်း စွပ်စွဲခံထားရတာပါ။ ဒီခရီးစဉ်အတွင်းမှာတော့ ဟမ်ချန်းနဲ့ စွပ်စွဲသူ မိန်းကလေးအပြင် အခြားသော အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးလည်း အတူ လိုက်ပါခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။

ဒီခရီးစဉ်အဆုံးမှာတော့ ဟမ်ချန်းစွပ်စွဲခံခဲ့ရတာဖြစ်ပြီး အေဂျင်စီကလည်း ဒီသတင်းအပေါ် ချက်ချင်းတုံ့ပြန်ခဲ့ပါတယ်။ အေဂျင်စီက ထုတ်ဖော်ပြောကြားလာချိန်မှာတော့ ဒီလိုစွပ်စွဲခံရတာဟာ စွပ်စွဲသူ မိန်းကလေးနဲ့ ဟမ်ချန်းတို့အကြား နားလည်မှုလွဲခြင်းသာ ဖြစ်ကြောင်းလည်း တစ်ပါတည်း ပြောကြားခဲ့ပါတယ်။

လက်ရှိမှာတော့ ဟမ်ချန်းဘက်က သူ့အပေါ် စွပ်စွဲမှုတွေကို ငြင်းဆိုထားပြီး ဒေသရဲတွေကတော့ ဒီကိစ္စကို စုံစမ်းနေဆဲဖြစ်ကြောင်း ပြောကြားပါတယ်။ ဒါ့အပြင် လက်ရှိမှာ နှစ်ဦးနှစ်ဖက် ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း ပြီးခဲ့တဲ့ စက်တင်ဘာ ၁၀ ရက်မှာ အောကေပေ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၁၁ ရက်မှာတော့ ဒီကိစ္စကို အစိုးရရှေ့နေတွေဆီ လွှဲပြောင်းခဲ့ပြီဖြစ်ကြောင်း တရားဝင်အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။

ကုန်သွယ်ရေး အရွဲ့အစောင်း သောင်းသောင်းညံညံ

ဓာတ်ပုံ- အေအက်ဖ်ပီ

ကိုရင်ညြ

နှစ်နိုင်ငံ ကုန်သွယ်ရေးဆွေးနွေးပွဲ ကျင်းပရန် အမေရိကန်ပြည်ထောင်စု၏ ကမ်းလှမ်းချက်ကို တရုတ်နိုင်ငံက စက်တင်ဘာ ၁၃ ရက်တွင် ကြိုဆိုလိုက်ကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်ရေးဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းဖြင့် ကမ္ဘာ့အင်အားအကြီးဆုံး စီးပွားရေးတည်ရာ နိုင်ငံနှစ်နိုင်ငံအနေဖြင့် မီးကုန်ယမ်းကုန် တိုက်ခိုက်ကြမည့် ကုန်သွယ်ရေးစစ်ပွဲကြီး ပေါ်ပေါက်လာခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည့် သတင်းတစ်ပုဒ်မှာ ကမ္ဘာ့ကုန်သွယ်ရေးလောကအတွင်း အံ့အားသင့်မှုဖြစ်ကြရလေသည်။

လက်စားချေတိုက်ခိုက်

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်စားချေတိုက်ခိုက်မှုကို လပေါင်းအတန်ကြာမျှ ပြုလုပ်လာခဲ့ကြပြီးနောက် ကုန်သွယ်ရေးဆွေးနွေးပွဲပြုလုပ်ကြရန် ဦးတည်လာကြခြင်းဖြစ်သည်။

ကုန်သွယ်ရေးကိစ္စရပ်နှင့်ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရန် တရုတ်အစိုးရ တာဝန်ရှိသူများကို ဖိတ်ခေါ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်အမ်နူချင်က စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးပဋိပက္ခကြီးထွားလာခြင်းသည် တရုတ်နိုင်ငံအတွက်ရော၊ အမေရိကန် ပြည်ထောင်စုအတွက်ပါ အကျိုးယုတ်စေနိုင်သည်ဟု မိမိတို့ယုံကြည်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကောင်ဖန်းက ပုံမှန်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

တရုတ်နိုင်ငံမှ တင်သွင်းသော ဒေါ်လာဘီလီယံ ၅၀၀ တန်ဖိုးရှိ ကုန်ပစ္စည်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန် တိုးမြှင့်ကောက်ယူမည်ဟု သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်ပြောဆိုအပြီး ရက်သတ္တတစ်ပတ်ပင် မရှိသေးချိန်တွင် အမေရိကန်၏ ကမ်းလှမ်းချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

မကြာမတင်ပြုလုပ်မည်ဟု မျှော်လင့်ရသော ကုန်သွယ်ရေး ဆွေးနွေးပွဲတွင် ထုတ်ကုန်ပစ္စည်း အမျိုးအမည်ပေါင်း ထောင်ပေါင်းများစွာနှင့် ပတ်သက်၍ ကုန်သွယ်စည်းကြပ်ခွန် အပေးအယူ အလျှော့အတင်းပြုလုပ်နိုင်ရေးအတွက် အကြိတ်အနယ် ညှိနှိုင်းကြရဖွယ်ရှိလေသည်။

ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအထောက်အကူပြု ပစ္စည်းကိရိယာများမှသည် ဟင်းခတ်အမွှေးအကြိုင်များအထိ တရုတ်နိုင်ငံက အမေရိကန်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အခွန်အတုပ်မြင့်တက်လာခြင်းဖြင့် တရုတ်နိုင်ငံမှ တင်သွင်းသော ကုန်ပစ္စည်းများမှာ အမေရိကန် သုံးစွဲသူများအတွက် ပိုမိုဈေးကြီးကြီးပေး၍ ဝယ်ယူလာကြရသည်။

ထိုစဉ်အတွင်း တရုတ်နိုင်ငံက လက်စားချေ တုံ့ပြန်သည့်အနေဖြင့် အသား၊ ကော်ဖီ၊ ပရိဘောဂနှင့် မော်တော်ယာဉ်ပစ္စည်းများ အပါအဝင် အမေရိကန်၏ ပို့ကုန် နောက်ထပ်ဒေါ်လာ ဘီလီယံ ၆၀ တန်ဖိုးရှိ ကုန်ပစ္စည်းများအပေါ် ကြီးလေးစွာ အခွန်ကောက်ယူမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ အငယ်တန်းအဆင့် တာဝန်ရှိသူများသည် လွန်ခဲ့သည့်လက ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြလင့်ကစား သဘောတူညီချက်မရရှိဘဲ ပြီးဆုံးသွားခဲ့သည်။

ထိခိုက်လာရဖွယ်

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း အရှိန်အဟုန်လျော့ကျလာနေချိန်တွင် ကုန်သွယ်စည်းကြပ်ခွန် တိုးမြှင့်ကောက်ယူမည်ဆိုသော သမ္မတထရန့်၏ ခြိမ်းခြောက်မှုကြောင့် တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်လုပ်ငန်းကဏ္ဍကြီးတစ်ရပ်လုံး ထိခိုက်ရမည့် အခြေအနေဖြစ်ပေါ်လျက်ရှိသည်။ ကုန်သွယ်ရေးစစ်ပွဲ၏ ဂယက်မှာ တရုတ်ဘဏ္ဍာရေး ဈေးကွက်များအပေါ် ရိုက်ခတ်ခဲ့ရသေးသည်။

ထိုစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကုန်သွယ်စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းမှ ရှောင်လွှဲနိုင်စေရေး နည်းလမ်းတစ်ရပ်အဖြစ် တရုတ်ကုမ္ပဏီများသည် ယင်းတို့၏ ထုတ်လုပ်ရေးလုပ်ငန်းများ အခြေစိုက်မှုကို တရုတ်နိုင်ငံမှ ဗီယက်နမ်၊ ဆားဘီးယားနှင့် မက္ကဆီကိုတို့ကဲ့သို့သော ကမ္ဘာ့နိုင်ငံများသို့ ရွှေ့ပြောင်းမှုတိုးမြှင့်ပြုလုပ်လာနေကြသည်။

ယခုနှစ် နွေရာသီမှအစပြု၍ ဒေါ်လာဘီလီယံ ၅၀ တန်ဖိုးရှိ တရုတ်ထုတ်ကုန်ပစ္စည်းများအပေါ် အကောက်ခွန်နှုန်းထားများ ၂၅ ရာခိုင်နှုန်းအထိ စည်းကြပ်ကောက်ခံရန် သမ္မတထရန့်က ညွှန်ကြားခဲ့ပြီးနောက် ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲမှုမှာ လပေါင်းအတန်ကြာမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။

စက်ဘီးမှသည် မော်တော်ကား တာယာအထိ၊ ပလတ်စတစ်မှသည် အထည်အလိပ်အထိ ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်လျက်ရှိကြသော တရုတ်ကုမ္ပဏီများသည် အမေရိကန်ပြည်ထောင်စုသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် ကုန်သွယ်စည်းကြပ်ခွန် ပိုမိုတိုးမြှင့်ကောက်ခံမှုနှင့် တွေ့ကြုံလာနေရချိန်တွင် ယင်းတို့၏ တပ်ဆင်ထုတ်လုပ်ရေးစက်ရုံများကို ပြည်ပသို့ ရွှေ့ပြောင်းကြခြင်းဖြင့် "တရုတ်နိုင်ငံတွင် ထုတ်လုပ်သည်" ဟူသော စာတန်းကို ဖယ်ရှားကာ အမေရိကန်၏ ကြီးလေးသော အခွန်အတုပ်ကောက်ယူမှုမှ ရှောင်လွှဲနိုင်ရန် ကြိုးပမ်းလာကြကြောင်း ဈေးကွက်သုတေသနအချက်အလက်များအရ သိရသည်။

အမေရိကန်က တရုတ်နိုင်ငံ၏ ထုတ်ကုန်များအပေါ် အခွန်ကောက်ယူမှုကို တိုးမြှင့်ပြုလုပ်လာခြင်းကြောင့် တရုတ်ကုမ္ပဏီများသည် ယင်းတို့၏ ကမ္ဘာတစ်လွှား ထောက်ပံ့ရေးကွန်ရက်များကို ပြန်လည်သုံးသပ်လေ့လာရန် အကြောင်းဖန်လာသည်။

တရုတ်နိုင်ငံ၌ လုပ်အားခဈေးတက်လာခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရာတွင် ကုန်ကျစရိတ်ကြီးလေးလာခြင်းတို့ကြောင့် မကြာသေးမီ နှစ်များမှစ၍ ပြည်တွင်းကုမ္ပဏီများသည် ပြည်ပသို့ ထုတ်လုပ်ရေးလုပ်ငန်းများကို စတင်ရွှေ့ပြောင်းခဲ့ကြကြောင်း၊ ယခုအခါ အမေရိကန်က ကုန်သွယ်ခွန်များ ပိုမိုတိုးမြှင့်ကောက်ခံလာခြင်းကြောင့် ယင်းကဲ့သို့သော ရွှေ့ပြောင်းမှုကို အရှိန်အဟုန်ပိုမိုရရှိစေကြောင်း ကုန်သွယ်ရေး သတင်းအချက်အလက် လေ့လာဆန်းစစ်သူများက ပြောကြားကြသည်။

တော်ပါတော့ဗျို့

ထိုစဉ်အတွင်း တရုတ်နိုင်ငံရှိ အမေရိကန် စီးပွားရေးလုပ်ငန်းအုပ်စုများအနက် အကြီးဆုံးအုပ်စုဖြစ်သော တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်းက ကုန်သွယ်ရေးစစ်ပွဲကို ချက်ချင်းရပ်ဆိုင်းပေးရန် သမ္မတထရန့်အား မေတ္တာရပ်ခံသည့် ပန်ကြားလွှာကို ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံရှိ အမေရိကန်ကုမ္ပဏီများ အထိနာစေသော ကုန်သွယ်ရေးပဋိပက္ခဖြစ်သဖြင့် ကုန်သွယ်ရေးစစ်ပွဲကြီး 'တော်ပါတော့ဗျို့' ဟု ဗျို့ဟစ်လိုက်ခြင်းအဖြစ် ရှုမြင်ကြရလေသည်။

ကုန်သွယ်ရေးစစ်ပွဲအတွင်း အကျအဆုံးနည်းနိုင်သမျှ နည်းစေရေးအတွက် တရုတ်နိုင်ငံရှိ ဒေသခံကုမ္ပဏီများက ပြည်ပသို့ ပြောင်းရွှေ့ဖွင့်လှစ်လာကြချိန်တွင် ယင်းနိုင်ငံအခြေစိုက် အမေရိကန်ကုမ္ပဏီများမှာ ကုန်သွယ်ရေးစစ်ပွဲ၏ ဒဏ်ကို တွေ့ကြုံခံစားလာကြရကြောင်း တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်းက ဆိုသည်။

တရုတ်နိုင်ငံရှိ အမေရိကန်ကုမ္ပဏီများ၏ ထုတ်လုပ်မှု စရိတ်စကများ တက်လာရချိန်တွင် ယင်းကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများ ဝယ်လိုအားကျလာသည်ကို ထူးထူးခြားခြား တွေ့မြင်လာကြရသည်။

ဤသို့ဖြင့် တရုတ်နိုင်ငံအခြေစိုက် အမေရိကန်ကုမ္ပဏီအချို့မှာ ယင်းတို့၏ စက်ရုံများကို ဌာနေသို့ ပြန်လည်ပြောင်းရွှေ့ရေးကိုပင် စဉ်းစားလာကြရသည်။

ပြန်လည်စဉ်းစားစေလို

ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် နောက်ထပ်အခွန်ကောက်ယူရေး အဆိုပြုချက်နှင့်ပတ်သက်၍ သမ္မတထရန့်က ပြန်လည်စဉ်းစားသုံးသပ်ပေးရန် အမေရိကန် စီးပွားရေးလုပ်ငန်း အကြီးအမှူးများက လိုလားလျက်ရှိကြကြောင်း တရုတ်နိုင်ငံဆိုင်ရာ အမေရိကန် ကုန်သည်ကြီးများအသင်းက ပြောကြားသည်။

ထိုစဉ်အတွင်း တရုတ်နိုင်ငံက ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ဆန့်ကျင်တိုက်ဖျက်ကြရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းနှိုးဆော်ခဲ့သည်။

ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်း၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် တရုတ်ဒုတိယဝန်ကြီးချုပ် ဟူချွန်းဟွာက ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနှင့် တစ်ဖက်သတ် ပြုမူဆောင်ရွက်ရေးဝါဒတို့ ပြန်လည်ခေါင်းထောင်ထလာနေပြီဟု ညွှန်းဆိုခဲ့သည်။

အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများ အရှိန်အဟုန်မြင့်တက်လာသည့် နောက်ခံအကြောင်းတရားများအရ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်လာရန် ကြိုးပမ်းလျက်ရှိနေပုံကို တွေ့မြင်ရသည်။

စက်တင်ဘာ ၁၂ ရက်က မြို့တော်ပေကျင်းတွင် ဝန်ကြီးချုပ်လီခချန်းနှင့် ဂျပန်စီးပွားရေးလုပ်ငန်းများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဟရိုးအာ့ကီနာကာ့နီရှိတို့သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရန် သဘောတူညီခဲ့ကြသည်။ ယင်းမှာ ကုန်သွယ်ရေးစစ်ပွဲကို အကြောင်းပြု၍ တရုတ်နှင့် ဂျပန်အကြား ပိုမိုနီးကပ်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်သည်ဟု ယူဆရသည်။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့်သာမက ရုရှားနိုင်ငံနှင့်ပါ စီးပွားရေးဆက်ဆံမှု တိုးမြှင့်နိုင်ရန်လည်း ဦးတည်လှုပ်ရှားလာသည်ကို တွေ့ရပြန်သည်။

ရုရှားအရှေ့ဖျားဒေသရှိ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပသော စတုတ္ထအကြိမ် အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ်သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုနှင့် အပြန်အလှန် ယုံကြည်မှုတို့ကို အားသစ်လောင်းပေးနိုင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ခြေလှမ်းများဖြစ်စေလိမ့်မည်။

ကမ္ဘာ့အင်အားအကြီးဆုံး စီးပွားရေးတည်ရာ နိုင်ငံကြီးနှစ်နိုင်ငံတို့၏ ကုန်သွယ်ရေး ဆွေးနွေးပွဲတွင် အပြည့်အဝ သဘောတူညီချက် မရပါက ကုန်သွယ်ရေးစစ်ပွဲမှာ အရှိန်အဟုန် မြင့်တက်လာနိုင်သည်။

သို့ရာတွင် ဆွေးနွေးညှိနှိုင်းမှု မပြုလုပ်ဘဲ နေခြင်းထက် ဆွေးနွေးညှိနှိုင်းခြင်းက သာလွန်ကောင်းမွန်ပေလိမ့်မည်။

သောင်းသောင်းညံညံ

ကျင်းပလတ္တံ့သော ကုန်သွယ်ရေး ဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် တူညီမျှတသော ဖြေရှင်းချက် ပေါ်ထွက်လာပါမည်လောဟု သံသယများ ထွေပြားဝေဝါးနေဆဲဖြစ်ပုံကို သတိမူကြရမည်။ လက်တလောအနေအထားအရ စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားများ ကာလကြာရှည်ထိခိုက်နစ်နာရမှု မရှိရေးဘက်မှ ရပ်တည်သူများက တစ်ဖက်၊ ကုန်သွယ်ရေးစစ်ပွဲတွင် မိမိနိုင်ငံ အနိုင်ရရှိရေးကို ဦးတည်ပြီး အလျှော့ပေးလိုက်လျောမှု ပြုလုပ်လိုခြင်း မရှိသူများက တစ်ဖက် ဒွန်တွဲလွန်ဆွဲနေကြဆဲဖြစ်သည်ကို တွေးတောမိရင်း "ကုန်သွယ်ရေး အရွဲ့အစောင်း သောင်းသောင်းညံညံ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
China welcomes US offer of talks as tariffs loom on $200 billion of goods. (CNN)

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)
RAKHINE DEVELOPMENT CORPORATION LIMITED (PUBLIC COMPANY)
ပဉ္စမအကြိမ်နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပရန် ကြေညာခြင်း

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက် (အများနှင့် သက်ဆိုင်သောကုမ္ပဏီ) (RAKHINE DEVELOPMENT CORPORATION LIMITED)(PUBLIC COMPANY)သည် "ပဉ္စမအကြိမ်နှစ်ပတ်လည် စုံညီအစည်းအဝေး 5th Annual General Meeting" ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

(ဖိတ်စာမရရှိသူများသည် ဤကြော်ငြာအား ဖိတ်စာအဖြစ်မှတ်ယူ၍မပျက်မကွက်တက်ရောက်ကြပါရန်)

နေ့ရက် - ၂၉-၉-၂၀၁၈(စနေနေ့)
အချိန် - မွန်းလွဲ (၂း၀၀)နာရီ
နေရာ - Room 203, 1st floor, Main Building, MICT Park အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)
အမှတ် (ယ/၂၂)၊ "ယ" ကွင်းသစ်၊ ပဒုတ္တာလမ်းနှင့် မိတ္တီလာလမ်းကြား လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-420090856, 09- 260274205

ဖခင်အမည်မှန်
ဘုတလင်မြို့၊ "မိုး" ပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း မတင်ဇာလင်း(ဒသမတန်း)၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင်[၅/ဒပယ(နိုင်)၁၄၃၇၇၁]ဖြစ်ပါသည်။

ဖခင်အမည်မှန်
ဘုတလင်မြို့၊ "မိုး" ပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း မနွယ်နီဝင်း(ဒသမတန်း)၏ ဖခင်အမည်မှန်မှာ ဦးစံဝင်း[၅/ဘတလ(နိုင်)၀၀၆၈၀၅]ဖြစ်ပါသည်။

ဖခင်အမည်မှန်
ဘုတလင်မြို့၊ "မိုး" ပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း မမေနယုန် (ဒသမတန်း)၏ ဖခင်အမည်မှန်မှာ ဦးမောင်သန့်[၅/ဘတလ(နိုင်)၀၅၃၃၈၅]ဖြစ်ပါသည်။

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ မိုးကောင်း အထကကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မစန်းအိမွန်၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင်[၅/ကနန(နိုင်)၁၂၂၈၉၅]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဘုတလင်မြို့၊ "မိုး"ပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း မသူဇာအေး(ဒသမတန်း)၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး[၅/ဘတလ(နိုင်)၀၈၉၆၃၅] ဖြစ်ပါသည်။

ဖခင်အမည်မှန်
ဘုတလင်မြို့၊ "မိုး" ပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း မဝင်းဝင်းနွယ်(ဒသမတန်း)၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်း[၅/ဘတလ(နိုင်)၀၅၃၇၀၃] ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ်(၆၁၄)ဟုခေါ်တွင်သော ဒေါ်မူမူဌေး အမည်ပေါက် ဂရန်မြေကွက်အမျိုးအစားဖြစ်ပြီး မြေဧရိယာအကျယ်အဝန်း ပေ(၄၀. ၆×၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝဏ္ဏ[၁၂/မဂဒ(နိုင်)၀၁၆၇၄၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
Social Justice LAW FIRM
ဦးဇော်မျိုးအောင်(LL.B,D.I.L) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၂)**
ဦးတင်အောင်မိုး(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၁၀)**
တိုက်(၁၀၆)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

နိုင်ငံတကာသတင်းဂျာနယ်
အမှတ်စဉ်-၁၁၇၈

- နိုင်ငံ့သမိုင်း၌ အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုကြီး ရုရှားပြုလုပ်
- ဥရောပတိုက်ကိုရိုက်ခတ်နေသော အမျိုးသားရေးဝါဒလှိုင်း
- အမေရိကန်သည် ကမ္ဘာ့နံပါတ်တစ်နေရာမှ လျှောကျသွားနိုင်သလော
- ဘင်စတက်အဖွဲ့၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ
- ဒုက္ခသည်များအပေါ် သမ္မတဒေါ်နယ်ထရမ့်၏ သဘောထား ရှင်းလင်းသွားပြီလား
- အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းထားမှုနှင့် အကျိုးဆက်များ
- ဆီးရီးယားပြည်တွင်းစစ်၏ နောက်ဆုံးတိုက်ပွဲလော
- ၂၁ ရာစု ပိုးလမ်းမ အကျိုးစီးပွားများ မျှဝေခံစားနိုင်ရေး
- ပါကစ္စတန်နဲ့ ပြင်ပ
- အေးတစ်လှည့် နွေးတစ်လှည့်

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာတိုက်ဖြန့်သူများ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း - ၀၁-၃၉၇၃၃၀ ၊ ၀၁-၂၉၂၈၃၀
Gmail - internationaljournalmm@gmail.com

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီးလမ်းမတော်မြို့နယ် မြေတိုင်းရပ်ကွက် (22 Y²)၊ မြေကွက်အမှတ်-V ၇၉၊ ဧရိယာ(၂၅ပေ×၅၀ပေ) (၀. ၀၂၉)ဧက ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၉)လမ်းအမှတ် (၁၄)ရှိနှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိအကျယ်အဝန်းပေ(၂၅×၅၀) ရှိ(၆)ထပ်တိုက်လုံးချင်း အားယခုလက်ရှိအမည်ပေါက်ပိုင်ဆိုင်သော ဦးသိန်းနိုင်(ခ)ဦးဝါဝင်း (၁၂/မရက(နိုင်)၁၀၆၁၃၈၅)ဦးစန်းနိုင်(၁၂/လမတ (နိုင်) ၀၁၇၈၁၈)၊ ဦးမြတ်သူ(၁၂/လမတ(နိုင်)၀၁၇၈၂၄)တို့ထံမှကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဝင်း(ခ) တန်ရောအိမ် (၁၂/ပဇတ(နိုင်)၀၂၇၀၇၈)ဦးနိုးသက်ညှည်(ခ)ဦးမြဝင်း(၁၄/ဘကလ(ပြ)၀၀၀၁၀၉)တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး အမွေအားအမွေခံမှစ၍ ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက် အထား (မူရင်း) များနှင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စေမီလှိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၉၁)
အမှတ် ၄၈၊ ပ-ထပ် (၅) လမ်း လမ်းမတော်မြို့နယ်။
ဖုန်း-၀၉ ၄၂၀၀၉၄၆၃ ၀၉ ၇၉၀၂၇၀၃၉။

ရန်ကုန်တိုင်းဒေသကြီးပုဇွန်တောင်ဈေး၊ဈေးချို(၃)ဆိုင်ခန်း အမှတ်(၄၆)နှင့်စပ်လျဉ်း၍ဒေါ်သင်းသင်းနွယ်(၇/ပတန(နိုင်)၀၄၄၃၁၅) နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ယဉ်ယဉ်မြ(၁၂/စခန(နိုင်)၀၉၇၃၉)သည် အထက်ဖော်ပြပါဆိုင်ခန်းအား လက်ရှိထားပိုင်ဆိုင်သူတစ်ဦးဖြစ်ပြီး ဒေါ်သင်းသင်းနွယ်ထံသို့ အပေါင်အာမခံအဖြစ် ဆိုင်အငှားချထားခြင်းခံရသူ၏မှတ်ပုံတင်စာအုပ်မူရင်း(၁၅.၁၀.၂၀၀၂)ရက်စွဲပါနှစ်ဦးသဘောတူဆိုင်ခန်းအရောင်းအဝယ်စာချုပ်မူရင်းများအားပေးအပ်ထားခြင်းဖြစ်ပါသည်။ ဒေါ်သင်းသင်းနွယ်ထံသို့လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်ထံသို့ရောင်းချထားခြင်း၊ လက်ရောက်ပေးအပ်ထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါဆိုင်ခန်းနှင့်စပ်လျဉ်း၍ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ပါရန် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားအချက်အရ
ဦးဇော်ဝင်းလှိုင်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၁၅၁၉)
အမှတ်(၅၀)၊ဒုတိယထပ်၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉

"ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်-(၁၈၅/၁၉၀)၊ အခန်း-(၉၀၂)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော **Diesel King Co., Ltd.** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

(IV-၅၈၁၈/၂၀၀၂)

SUPER
MOSQUITO COIL

(IV-၅၈၁၇/၂၀၀၂)

Diesel King Co., Ltd. သည် အထက်တွင်ကပ်နှိပ်ဖော်ပြထားသော **" Godzilla ဂေါ်ဇီလာ "** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အရည်အသွေးမီ **" ခြင်နိုင်ဆေးခွေ၊ ခြင်နိုင်ဆေး၊ ခြင်နိုင်ဆေးဖျန်းဘူး၊ ခြင်နိုင်လိမ်းဆေး၊ ခြင်နိုင်ဆေးရည်"**ကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး၊ **" SUPER Mosquito Coil (စူပါခြင်နိုင်ဆေးခွေ)"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ **"ခြင်နိုင်ဆေးခွေ၊ ခြင်နိုင်ဆေး၊ ခြင်နိုင်ဆေးဖျန်းဘူး၊ ခြင်နိုင်လိမ်းဆေး၊ ခြင်နိုင်ဆေးရည်"** ကို ထုတ်လုပ်ပြီး၊ ဈေးကွက်အတွင်းမကြာမီဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ကောင်းသောနာမည်ကောင်းကို အခွင့်ကောင်းယူ၍ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်အောင် ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ဆင်တူတုပ၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသွင်ဇာနည်ဦး(အထက်တန်းရှေ့နေ) (စဉ်-၄၈၄၇၄) **ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)**
YE NOOS & ASSOCIATES (Law Firm)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅ ၊ ၂၉၆၁၃၂။

မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ မိုးကောင်းအထကကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မစန်းအိမွန်၏မိခင်အမည်မှန်မှာ ဒေါ်ကြူကြူမာ[၅/ကနန(နိုင်)၁၂၃၀၁၆] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ တပေါင်းအထကကျောင်းခွဲ၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မအေးသီရိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုး[၅/ကနန(နိုင်)၀၅၆၈၀၉]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြောင်မြို့နယ်၊ တွင်းကြီး၊ အထက၊ ဒသမတန်းမှ မဇင်မာခိုင်(က/၁၄၂၁)၏ ဖခင်အမည်မှန်မှာ ဦးအေးဖြစ်ပါကြောင်း ဦးအေး[၅/မမန(နိုင်)၁၁၁၄၅၀]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြောင်မြို့နယ်၊ နဘက်အထက၊ ဒသမတန်း(D)မှ မရွှန်းရွှန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ညိမ်း ဖြစ်ပါကြောင်း။
ဦးတင်ညိမ်း

ဖခင်အမည်မှန်
မြောင်မြို့နယ်၊ နဘက်အထက၊ ဒသမတန်း(D)မှ မောင်ဝေယံထက်၏ဖခင်အမည်မှန်မှာ ဦးမူဖြစ်ပါကြောင်း။
ဦးမူ[၅/မမန(နိုင်)၀၅၈၄၉၉]

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်အေးအေးဝင်း+၁	၁၂/ဥကမ(နိုင်)၁၂၆၁၀၉	မြောက်ဥက္ကလာ	၂	၁၁၁	ဦးတင်ဝင်း	၁၁၁၊ ဇီဇဝါ(၁)လမ်း၊ (၂)ရပ်ကွက်	အမည်ပြောင်း
၂။	ဒေါ်ကြည်ကြည်ထွေး	၉/အမဇ(နိုင်)၀၁၁၆၀၂	ဒဂုံဆိပ်ကမ်း	၅၉	၈၃၇	ဦးတင်ဝင်း	၈၃၇၊ (၅၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဒေါ်တင်တင်ဝင်း+၁	၁၂/အစန(နိုင်)၀၃၈၀၁၉	အင်းစိန်	မြို့သစ်(ခ)	၄၅၂	ဦးမောင်တင်	၇၉၄၊ (ခ/၁၀)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်	အမည်ပြောင်း
၄။	ဦးရဲထွန်းအောင် SP ဦးကျော်ထွာဝင်း	၁၀/မဒန(နိုင်)၂၈၉၉၅၆	မင်္ဂလာဒုံ	၅၁၄/က	၂၉၉	ဦးရဲထွန်းအောင်	၂၉၉၊ အေးသာယာ(၇)လမ်း	မြေပုံကူး(အရောင်း)
၅။	ဦးရဲထွန်းအောင် SP ဦးကျော်ထွာဝင်း	၁၀/မဒန(နိုင်)၂၈၉၉၅၆	မင်္ဂလာဒုံ	၅၁၄/က	၂၄၀	ဦးရဲထွန်းအောင်	၂၄၀၊ အေးသာယာ(၇)လမ်း	မြေပုံကူး(အရောင်း)
၆။	ဒေါ်စန်းစန်းဝိုး	၁၂/ဥကတ(နိုင်)၀၁၇၁၁၃	ဒဂုံအရှေ့	၈	၄၀၀(က)	ဦးလှသွင်	၄၀၀-က၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၇။	ဒေါ်မသိန်းကြိုင်	၁၁/စတန(နိုင်)၀၁၀၃၅၀	ဒဂုံမြောက်	၂၀	၁၆၅	ဒေါ်မတော်မြ	၁၆၅၊ အောင်ပီတီလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၈။	ဦးအောင်အောင်	၁၂/ရကန(နိုင်)၀၆၅၀၁၇	ရန်ကင်း	၁၆/က၁၇	၁၀/င+၁၀/စ-၁	ဦးလှထွန်း+၁	၁၀၁၊ သစ္စာလမ်း (၁၂)ရပ်ကွက်	အမည်ပြောင်း
၉။	ဦးစေလှိုင်၏GP ရသူ ဦးအောင်စိုးလှိုင်	၁၂/ပဇတ(နိုင်)၀၃၀၂၀၄	မြောက်ဥက္ကလာ	၁၈-ရွှေပေါက္ကံစက်မှုဇုန်	၂၄+၁၁/ဘီ	ဦးစေလှိုင်၊ ဒေါ်ငွေခင်	၂၄+၁၁/ဘီ၊ ၁၈-ရွှေပေါက္ကံစက်မှုဇုန်	မြေပုံကူး(ဘဏ်ချေး)
	ဒေါ်ငွေခင်၏GP ရသူ ဦးအောင်စိုးလှိုင်							
၁၀။	ဒေါ်ငွေခင်၏GP ရသူ ဦးအောင်စိုးလှိုင်	၁၂/ပဇတ(နိုင်)၀၃၀၂၀၄	မြောက်ဥက္ကလာ	၁၈-ရွှေပေါက္ကံစက်မှုဇုန်	၁၁/အေ	ဦးစေလှိုင်၊ ဒေါ်ငွေခင်	၁၁/အေ၊ ၁၈-ရွှေပေါက္ကံစက်မှုဇုန်	မြေပုံကူး(ဘဏ်ချေး)
	ဦးစေလှိုင်၏GP ရသူ ဦးအောင်စိုးလှိုင်							
၁၁။	ဒေါ်နှင်းနှင်းဝေ	၇/ပမန(နိုင်)၁၃၆ရ၃၂	ဒဂုံမြောက်	၄၅	၆၁၈	ဒေါ်ဇော့လှကိုင်	၆၁၈၊ ခိုင်ရွှေဝါလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၂။	ဒေါ်လှရှင်၏(SPဒေါ်ယဉ်ယဉ်ဝင်း)	၁၂/လသန(နိုင်)၀၀၀၉၂၄	ဒဂုံမြောက်	၄၇	၆၁၇	ဒေါ်လှရှင်	၆၁၇၊ ပိတောက်ရွှေဝါ(၂)လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၃။	အတွေ့တွေ့စီးပွားရေးအသင်းရေယာမိတက်	၃-၁၄၄၀-၈၈-ရန်ကုန်တိုင်း	ဝမ်းမချောင်း	၂၀B	၅၈စီ/၂-ဘီ/၅	စမ်းချောင်းမြို့နယ်အတွေ့တွေ့စီးပွားရေး ထုပ်ပိုးသေတ္တာအသင်းရေယာမိတက်	၁၆၀၊ ကျွန်းတောလမ်း မုန့်/တောင်ရပ်ကွက်	လိုင်စင်သက်တမ်းတိုး
၁၄။	ဦးဝင်းစိန်	၁၂/ဒဂန(နိုင်)၀၁၈၂၂၅	မင်္ဂလာဒုံ	ထောက်ကြန့်တိုးချဲ့-၄	၁၈၅	ဦးထွန်းလှိုင်	၁၈၅၊ နီလာလမ်း ထောက်ကြန့်တိုးချဲ့ရပ်ကွက်	ဂရန်သစ်
၁၅။	ဒေါ်ခိုင်ခိုင်စိန်	၁၂/လမတ(နိုင်)၀၁၃၇၅၀	လမ်းမတော်	၂၂ရီ²	V Class ၂၄၄	ဒေါ်ခိုင်ခိုင်စိန်	၆၁၊ (၁၁)လမ်း၊ (၅)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၆။	ဦးထွန်းနိုင်	၁၂/လမတ(နိုင်)၀၁၂၆၂၆	ပုဇွန်တောင်	ဘုရင့်နောင်	င/၅၀-A	ဦးကောဇီး	င/၅၀-A ၊ ဥဒါလမ်း ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၇။	ဒေါ်လှလှတိုး	၈/ရနန(နိုင်)၁၅၉၄၅၉	ဒဂုံအရှေ့	၁၄	၂၉၉	ဒေါ်ရွှေစန်း	၂၉၉၊ (၁၄)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်
မြောင်မြို့နယ်၊ နဘက်အထက၊ ဒသမတန်း(C)မှ မယဉ်ယဉ်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကိုဖြစ်ပါကြောင်း။
ဦးမောင်ကို[၅/မမန(နိုင်)၀၉၇၂၅၃]

ဖခင်အမည်မှန်
ရမည်းသင်းမြို့၊ အထက-၁၊ ဒသမတန်းမှ မောင်ရွှေမင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း[၉/ရမသ(နိုင်)၀၂၆၃၇၆] ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်း(D)မှ မောင်ထွန်းထွန်းဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်အားမီး(ခ)ဒေါ်ငွါးမာဂူ[၁/ဝမန(နိုင်)၀၃၃၁၉၁] ဖြစ်ပါကြောင်း။

မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက်တင်ဒါဖိတ်ခေါ်စာ

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဝယ်ယူသည့်ဌာန	ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အုန်းနဲကျေးရွာ၊ ကဝမြို့
တာဝန်ခံအရာရှိ	ဦးရန်နောင်ဝင်း၊ ဦးစီးအရာရှိ ဖုန်း-၀၉-၄၂၈၁၄၆၀၁၄
တည်ဆောက်မှုလုပ်ငန်း ဖော်ပြချက်	ကွန်ကရစ်လမ်းခင်းခြင်း(၀. ၇၆မိုင်×၈ပေ×၉လက်မ)
တည်ဆောက်မည့်နေရာ	ကဝ-သပြုကျေးရွာ ရွာချင်းဆက်လမ်း (ကဝနှင့်သပြေကန်လမ်းပိုင်း)
အရည်အသွေးစံချိန်စံညွှန်းများ	ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်ပေးထားသော စံချိန်စံညွှန်းများ
ဝယ်ယူမှုနည်းလမ်း	အကြီးစားလုပ်ငန်း
အရည်အချင်းသတ်မှတ်ချက်များ	* ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။ * လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်ရှိရမည်။ * အရည်အချင်းမီအင်ဂျင်နီယာဝန်ထမ်းများရှိရမည်။ * အလားတူကန်ထရိုက်အနည်းဆုံး ၃ ခုကိုဆောင်ရွက်ဖူးရမည်။ ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။ * ၂၀၁၇-၂၀၁၈ခုနှစ်၏ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။ * တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ
တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေးဝယ်ယူနိုင်မည့်နေရာ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကဝမြို့
တင်ဒါစာရွက်စာတမ်းကို စတင် ကြည့်ရှုစစ်ဆေးဝယ်ယူနိုင်မည့်အချိန်	၁၉-၉-၂၀၁၈ရက်မှ ၁၆-၁၀-၂၀၁၈ရက် ရုံးဖွင့်ချိန် နံနက်၉း၃၀နာရီ
တင်ဒါစာရွက်စာတမ်း ကျသင့်ငွေ	ကျပ်၁၀၀၀၀
တင်ဒါတင်သွင်းရမည့်နေရာ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကဝမြို့
တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသောနောက်ဆုံးအချိန်	၁၆-၁၀-၂၀၁၈ ရက် ရုံးဖွင့်ချိန် နံနက်၉း၃၀နာရီမှ ၁၂း၀၀နာရီထိ

ဦးရန်နောင်ဝင်း
ဦးစီးအရာရှိ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကဝမြို့

သချာင်္ကျော်ရှိန် M.Sc (Maths). Final.
တစ်နှစ်စာအောင်မြင်လိုသူတိုင်းအတွက်··· မေးခွန်းပုံစံသစ်ဖြင့် သင်မည်။
၁၀တန်းဘာသာစုံမိုင်းနှင့်ဂေဘာဒီ (ဌ)လမြတ်
Sat- Sun (၂)ရက်တက်သင်တန်းနှင့် Mon to Fri (၅)ရက်တက်သင်တန်း
စုံစုံပိုင်း ၇၀၀၀၀/- သင်ကျောက်စစ် ၁၀၀၀၀၀/- (7-9-2018)မည်။
အိမ်လိုက်ယေတိမ် သင်ကြားပေးမည်။ (Home Visit Maths)
မဟာကျော် အခဝေးသင် အခိုးကမ်
အင်္ဂလိပ်စာ၊ မြန်မာစာ၊ သမိုင်း၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အငယ်တန်း စာရေးနေရာ (၃၀၀)စင်ခွင့် (8-9-2018)မည်။
အမှတ်-၃၅၃၊ ဒုထပ်၊ မဟာဗန္ဓုလလမ်း၊ (ဆိပ်ကမ်းသာလမ်းနှင့်ဗိုလ်ချုပ်လမ်းကြား)
Ph:09-250359833, 09-796313677, 09-263451177

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၄/သမိုင်းမြေကွက်အမှတ်(၇/င)၏ အတိုင်းအတာ ၅၀'/၈၅'×၇၂'၆"/၇၅'မြေကွက်တည်နေရာအမှတ်(၄၂)၊ရေတာနောက် ကျောင်းလမ်း၊အိုးဖိုလမ်း၊၅-ရပ်ကွက်၊မရမ်းကုန်းမြို့နယ်ပြီးဘာသိမ်းနှင့်၅၅ဦးအမည် ပေါက်၊ Bဧ၁/န-၃၉(အိမ်ယာမြေအဖြစ်အသုံးပြုရန်)မြေအားဒေါ်ယဉ်မွန်ရကြည်၊ ဒေါ်ဟန်ကြည်တို့ထံမှရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်- ၄၃၉/၂၀၁၇(၁၅-၁၁-၂၀၁၇)(၂၆-၁-၂၀၁၈)ရက်စွဲပါပြင်ဆင်ချက်နှင့်ဒီကရီတရားမ စာချုပ်မှုအမှတ်-၁၉၁/၂၀၁၇(၁၁-၇-၂၀၁၈)အရောင်းအဝယ်စာချုပ်အမှတ်-၂၅၃၀/ ၂၀၁၈(၂၁-၈-၂၀၁၈)တို့ဖြင့်ပိုင်ဆိုင်လာသူဦးအောင်နိုင်(၁၂/ကကက(နိုင်)၀၀၀၆၈၁) နှင့်ဒေါ်တာဝါဝါစိန်(၅/မရန(နိုင်)၀၄၆၆၇၈)တို့မှတရားရုံးအမိန့်ဒီကရီအထောက် အထားအရောင်းအဝယ်စာချုပ်-၂၅၃၀/၂၀၁၈(၂၁-၈-၂၀၁၈)တစ်ဖက်သတ်မြေကွက် ခွဲစိတ်တိုင်းတာခွင့်ပြုပါရန်လျှောက်ထားလာသဖြင့်တင်ပြသည့်မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိ ပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဏ-၁၄)ရပ်ကွက်၊ ပန်းခြံ (၁၂)၊ ဝေဿန္တရာလမ်း၊ အမှတ်(၄၀/၆၈၀-ခ) ဦးကျော်မြင့်(ခေါ်)ဦးကျော်မြ ပါမစ်အမည်ပေါက်ပါ မြေအကျယ်ပေ (၂၀×၆၀)ရှိ မြေနှင့်ယင်းမြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအေးကိုမှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် ဒေါ်အေးသီတာစိုးမှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက် အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားသူ	ညွှန်ကြားချက်အရ
ဒေါ်အေးသီတာစိုး	**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး** **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)** **အမှတ်(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၀၇၂၂၉**

ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ မောင်းကုန်း အ. ထ. က၊ ဒသမတန်းတွင် ပညာ သင်ကြားနေသော မမြသဉ္ဇာအောင်၏ဖခင်အမည်မှန်မှာ ဦးနိုင်လင်း ဖြစ်ကြောင်း။ **ဦးနိုင်လင်း [၅/ထခန(နိုင်) ၀၄၈၀၆၈]**

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း (A)တွင် ပညာသင်ကြားနေသော မအေးချမ်းမိုမို၏ဖခင်အမည်မှန်မှာ ဦးစိုးတင်ထွန်း [၉/မဟမ (နိုင်) ၀၀၆၅၀၉] ဖြစ်ပါကြောင်း။

"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်"

၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းတွင် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ယူ-၁၃ အမျိုးသားအသင်းနှင့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးဖြင့်ရှုံးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးနှစ်ဂိုးပြန်သွင်းနိုင်သောကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းတွင် အရန်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဒုတိယပိုင်းတွင် အဓိကကစားသမားများကို ပြောင်းလဲအသုံးပြုခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုးများကို နုနုနှင့် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၂၇ ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ပြီး ယခုတစ်ပတ်မှစတင်ကာ အပတ်စဉ်ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

ASIA ROYAL CLINIC
အာရှတော်ဝင်ဆေးခန်း

အကြောအဆစ်ဆိုင်ရာ နာကျင်ကိုက်ခဲမှု ဝေဒနာများ၊ လေဖြတ်ခြင်းကြောင့်ဖြစ်သော နောက်ဆက်တွဲမသန်စွမ်းမှုများ၊ အရိုးကျိုးပြီးနှင့်ခွဲစိတ်ပြီးစ လူနာများ၊ အားကစားပြုလုပ်ခြင်းကြောင့်ဖြစ်သော ထိခိုက်ဒဏ်ရာရခြင်းများ၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်းကြောင့်နောက်ဆက်တွဲမသန်စွမ်းမှုများ စသည့်ဝေဒနာရှင်များကို အာရှတော်ဝင်ဆေးရုံကြီးမှ ပြန်လည်သန်စွမ်းရေးကုသမှုဆေးခန်း (Rehabilitation Clinic) အား အမှတ် (၂၅) (အေ)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေ့စဉ် နံနက် (၈)နာရီ မှ ည (၈)နာရီအထိ ဖွင့်လှစ်၍ဝန်ဆောင်မှုများပေးလျက်ရှိကြောင်းကို သတင်းကောင်းပါးအပ်ပါသည်။

asiaroyal@asiaroyalhospital.com, www.asiaroyalhospital.com
(+951) 2304999, (+951) 538055 Ext: (73554), (73555), (+959) 443993331
Like us on Facebook Page

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

စက်တင်ဘာ ၁၆၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

ပြည့်စုံအောင်(မော်ဘီ)

ထပ်တူမကျသော ညီမျှခြင်း

(၁)

ကံကြမ္မာကိုသာ အပြစ်တင်ရမည်လား။ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်မြင်ရမည်လား။ ကျွန်မမတွေးတတ်တော့ချေ။ အားကိုးအားထား ပြုချင်မိသည့်အတွက် သူ့တစ်မျက်နှာ တစ်အိမ်ထင်ပြီး တစ်ရွာတည်းနေ တစ်ရေတည်းသောက် ကိုမြင့်အောင်နှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့သည်။

ချစ်စကြင်စပင် နှစ်ဦးသားကြည်နူးခဲ့ပါသော်လည်း အချိန်ကြာသည်နှင့်အမျှ အဆင်မပြေမှုကသာ တိုးသထက်တိုးလာ၏။ အချစ်နှင့်မကင်းနိုင်သော ပုထုဇဉ်ပေမို့ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရဆိုသည့် အတွေးမျိုးနှင့် အချစ်နွံထဲ ကျွံခဲ့ရပြီ။ သို့သော် ချစ်တာနှင့် အိမ်ထောင်ပြုခြင်းက စိတ်ကူးယဉ်သလောက် မလွယ်ကူပေ။ သည်အတွေးမျိုး အပျိုဘဝက မတွေးမိခဲ့။ ယခုဖြင့် အချိန်တွေနှောင်းလွန်းခဲ့လေပြီ။

တစ်ခါတလေ အတိတ်က မိဘရင်ခွင်လေးကို ပြန်မက်မောမိသည်။

မိဘလက်ထဲမှာ ကလေးတစ်ယောက်သဖွယ် နေချင်သလိုနေ၊ စားချင်သလိုစား၊ အိပ်ချိန်တန်အိပ်နှင့် ဇိမ်ကျခဲ့ရသည်။ ယခုဖြင့် ဇိမ်ဆိုတာ ဘယ်လိုအရသာရှိမှန်းမသိအောင် ကင်းကွာခဲ့ခြင်းမှာ အိမ်ထောင်စကျပြီး အချိန်ကာလတစ်ခုဟု ဆိုရမည်။ သည့်နောက်ပိုင်း အိပ်ချိန်တန်အိပ်၊ ထချိန်တန်ထဖို့ကို အချိန်ကန့်သတ်ချက်ဖြင့် ဇယားချထားရသကဲ့သို့ပင်။

အချို့သောသူတွေ အိပ်ကောင်းတိုင်း အိပ်နေသည့်အချိန် ကျွန်မ အိပ်၍မပျော်နိုင်သေးပေ။ တစ်ပူပေါ် တစ်ပူဆင့် အတွေးတွေများလှ၏။

မနက်ဆိုလျှင်လည်း အခြားသူများ မနိုးထသေးသည့်အချိန် ကျွန်မ အိပ်ရာနိုးနှင့် နေပြီ။ ပါးစပ်လှုပ်ဖို့ လက်လှုပ်ရဦးမည်။ အိပ်ရာကနိုးသည်နှင့်တစ်ပြိုင်နက် မီးဖိုချောင်ထဲ ဝင်ကာ မီးမွှေးပြီးနောက် ပဲပြုတ်အိုးတည်ရသည်။

သည်ပဲပြုတ်ရောင်းသည့်အလုပ်ကလေးကိုသာ မိသားစုဝမ်းရေးအတွက် မှီတင်းနေရသည်။ အပျိုဘဝကတည်းက အမေ့ထံမှ လက်ပွန်းတတီး သင်ယူလာမိခဲ့သည့်အတွက် အမေ့ကိုသာ ကျေးဇူးတင်၍ မဆုံး။

သည်အလုပ်သာ မရှိလျှင် စားရေး၊ သောက်ရေး လွယ်မည်မဟုတ်။ အပျိုကတည်းက အခြားမည်သည့်အလုပ်ကိုမှ မည်မည်ရရ မလုပ်တတ်ခဲ့ပေ။ အားကိုးအားထားရမည် အမှတ်နှင့် ယောက်ျားယူပြန်တော့လည်း ယူသည့်ယောက်ျားက ပုံသေအလုပ်မရှိ။ လင်မယားနှစ်ယောက်စလုံး ပညာတတ်ခဲ့သည် မဟုတ်တော့ ရွာအလုပ်ကိုပဲ ကြုံရာကျပန်း လုပ်မည်ဟု ဆုံးဖြတ်၍ လက်တွဲခဲ့သည်။ သို့သော် လောကမှာ အထင်နှင့် အမြင်သည် စိတ်ကူးနှင့်တစ်ထပ်တည်း မကျမှန်း ကျွန်မ သိခဲ့ပြီ။ အိမ်ထောင်ကျပြီးနောက် ကျွန်မ ယောက်ျား ကိုမြင့်အောင် အချိုးမပြေချင်တော့ပေ။ ဟိုအလုပ်ကလေး လုပ်ရနိုး။သည်အလုပ်ကလေး လုပ်ရနိုးနှင့်။ ဘယ်အလုပ်ကိုမဆို လက်ကြောတင်းတင်း မလုပ်ချင်။ ရံဖန်ရံခါ အလုပ်လုပ်လို့ရသည့်ငွေကိုလည်း စညားပြီးခါစသာ ကျွန်မလက်ထဲအပ်သည်။ ယခုနောက်ပိုင်း သူရှာသည့်ငွေက သူ့အပေါင်းအသင်းများနှင့်သာ ဆိုင်ထိုင်ဖြုန်းလာတော့သည်။

အိမ်ထောင်သက် ကြာလာသည်နှင့် အမျှ ယောင်ဝါးဝါးနိုင်လွန်းလှသည်။ အလုပ်ကို မယ်မယ်ရရမရှိ။

"သူများယောက်ျားတွေနဲ့များ တခြားစီ" ဟု သူ့အရှေ့ညည်းပြလိုက်မိလျှင် တွေ့ကရာ ယောက်ျားနှင့် ပေးစားတော့၏။ ကျွန်မ ရှက်လွန်းလို့သာ ငြိမ်ခံနေရသည်။ သူနှင့် ညားခါစက နှစ်ဖက်မိဘများ၏ ထောက်ပံ့မှုလေးကြောင့်သာ အိုးနှင့်အိမ်နှင့် နေထိုင်နိုင်သည်ဆိုရုံမျှ။

တစ်ခါတလေ ယောက်ျားယူမိတာ မှားလေခြင်းဟု သံဝေဂရမိသည်။

ကျွန်မကိုယ်တိုင် သည်ယောက်ျားကို ရွေးချယ်ခဲ့ပြီးမှတော့ မှားလည်းဆက်ပေါင်းရတော့မည်။ မပေါင်း၍လည်းမရ။ ယခုဆိုလျှင် အိမ်ထောင်သက်တမ်း လေးနှစ်ထဲကျော်လာခဲ့၍ သားလေးတစ်ယောက် မွေးလာခဲ့ပြီ။ အိမ်ဦးနတ်ကတော့ အိမ်ဦးခန်းမှာထိုင်၍ တစ်နေ့တခြား မူးရမ်းလာပြီး စကားတွေပါ ရှေ့နောက်မညီ ရိသဲ့သဲ့နိုင်လာတော့၏။

အချိန်ကြာလာသည်နှင့်အမျှ ကျွန်မ သည်းခံချင်စိတ် လျော့ပါးလာသည်။ သို့သော် သားလေး၏ရှေ့ရေးအတွက်သာ ရှေးရှုနေရသေးသည်။ အသက်သုံးဆယ်အရွယ် ကျွန်မ မျက်နှာကို မှန်ထဲပြန်ကြည့်မိလျှင် ငယ်ငယ်ရွယ်ရွယ်နှင့် အဘွားအိုရုပ်ပေါက်နေသည်။ သည်လိုယောက်ျားမျိုးကို ယူခဲ့မိသည့်အတွက် စိတ်ပင်ပန်းဒဏ်တွေကို ဦးရွက်ထားရသကဲ့သို့ပင် ဖြစ်နေရသည်။ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသော ရှေးလူကြီးများ၏ စကားကိုပင် မယ်တစ်ထမ်းမယ်တစ်ရွက်ဟူ၍ ပြောင်းလဲပစ်ရမလိုလိုပင်။

စိတ်ထောင်းကိုယ်ကြေဘဝမျိုးရောက်မှ အိမ်ထောင်ရေးကံခေလွန်းလှသည်ဟု ကျွန်မကိုယ်ကျွန်မ သနားမိပြန်၏။

ယောက်ျားတွေမကောင်းဘူးဟု ပြောပြန်လည်း အကုန်လုံးကို ဝါးလုံးအရှည်နှင့် ပတ်ရမ်းသလိုဖြစ်ဦးမည်။ယောက်ျားကောင်းရထားသည့် ကျွန်မငယ်ပေါင်းအချို့ကို အားကျမိသည်။ ကျွန်မလည်း သူတို့လို ဝတ်ကောင်းစားကောင်းတွေနှင့် ပြေပြေလည်လည် နေချင်မိသည်။

သို့ပေမယ့် သည်ဘဝတော့ သည်ယောက်ျားနှင့်သာ ဝဋ်ကြွေးဆပ်ပေဦးဟု ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်လိုက်သည်။

"အောက်အီးအီးအွတ်"

လင်းကြက်တွန်သံတောင် ကြားရပြီ။ ညအိပ်ခါနီးတိုင်း အတွေးတွေများလွန်းလှသဖြင့် ညဉ့်နက်အချိန်ထိ အိပ်၍ မပျော်ခဲ့ပါ။

သို့အတွက်ကြောင့် မိုးလင်းသည့်အခါတိုင်း အိပ်ရေးမဝသလိုပင် ဖြစ်မိသည်။

ကျွန်မ ဆက်အိပ်ဖို့ရန် မဖြစ်တော့။ ထို့ကြောင့် စပ်ဖျဉ်းဖျဉ်းဖြစ်နေသော မျက်လုံးများကို လက်ဖြင့်ပွတ်သပ်လိုက်သည်။ ပြီးနောက် တံကင်ရှိရာသို့ ဆင်းသွားပြီး အိပ်ချင်သည့်စိတ်လေး ပြေလျော့သွားစေရန် မျက်နှာသစ်လိုက်၏။ အနည်းငယ် လန်းဆန်းမိရုံမျှသာ။ ခေါင်းထဲတွင် နောက်ကျိကျိဖြစ်နေသေးသည်။ထို့နောက် မီးဖိုချောင်ထဲသို့ ဝင်၍ ကျပ်ခိုးစင်ပေါ်ရှိ ထင်းများကိုယူကာ မီးမွှေးလိုက်သည်။ မီးစက တော်တော်နှင့် မတောက်။ မီးစအရှိန်လေးရတော့မှ ပဲပြုတ်အိုးကို မီးဖိုပေါ်တင်လိုက်သည်။ ပဲပြုတ်အိုးပြီးလျှင် ထမင်းအိုးတည်ရဦးမည်မို့ ဒန်အိုးထဲသို့ ဆန်သုံးလုံးထည့်ကာ ရေဆေးလိုက်သည်။

မီးဖိုအတွင်း ရဲရဲတောက်လောင်ကျွမ်းနေသော မီးညွန့်များမှာ ကျွန်မစိတ်ထဲလောင်နေသော သောကမီးတွေလောက် တောက်လောင်နေလိမ့်မည် မဟုတ်ပေ။ တစ်နေ့တာအတွက် ရုန်းထပုံ့သန်းလာသော ငှက်ကလေးများ၏ တကျည်ကျည်မြည်နေသောအသံများ။ နေရောင်ခြည်အောက်မှာ ရုန်းကြွ၍ ပွင့်ဝေလာသော ပန်းကလေးများ။ ကျွန်မ မခံစားတတ်တော့ပါ။

(၂)

အိမ်ရှေ့လမ်းမပေါ်မှ ပဲပြုတ်သည်၏ အသံကြောင့် ဘုရားဝတ်ပြုနေခြင်းကို လက်စသတ်လိုက်သည်။ ပဲပြုတ်သည်ကို လှမ်းခေါ်လိုက်၏။ မနက်စာကို ပဲပြုတ်ဆီဆမ်းနှင့်သာ နှစ်ပါးသွားနေရသည်မှာ လပေါင်းမနည်းတော့။ ကျုပ်တို့လင်မယားနှစ်ယောက် ဘဝထဲကို သမီးလေးတစ်ယောက် မွေးဖွားရောက်ရှိလာကတည်းကဟု ဆိုရမည်။ ခုဆို သမီးလေးက ငါးလသားအရွယ် ရောက်ခဲ့ပြီ။ သည်လပိုင်းတွေမှာ ကျုပ်မိန်းမက ကျုပ်ထက် သမီးလေးကိုသာ ပို၍ဂရုစိုက်လာတော့သည်။

ယခင်ကလည်း ကျုပ်ကိုဂရုတစိုက်ရှိသည် မဟုတ်ပါ။ ကျုပ်အတွက် မနက်စာမှာ ဟင်းလျာနှင့်ပဲပြုတ် ကွာခြားသွားပုံကလွဲ၍ အချို့အမူအကျင့်တွေက ယခင်လိုသာ ပုံမှန်ရှိစမြဲ။

မိန်းမယူမိတာ မှားများမှားခဲ့လေခြင်းဟု တစ်ခါတစ်ရံ ကျုပ်နောင်တရမိသည်။သည်လိုအတွေးမျိုးက ကျုပ်တစ်ယောက်တည်းမဟုတ်။

ကျုပ်မိတ်ဆွေအချို့လည်း သည်လိုပြောတတ်လေ့ရှိ၏။ ကျုပ်လူပျိုအရွယ်တွင် အိမ်ထောင်သည်အပေါင်းအသင်းအချို့က ပြောလေ့ပြောထ စကားတစ်ခွန်းရှိသည်။ "မိန်းမ မယူနဲ့ တစ်ယောက်တည်း နေတတ်အောင်နေလို့" ပြောတတ်သည်။

သူတို့လည်း ရှေ့ကသူများပြောသည့် စကားကို နားမထောင်ဘဲ ယူခဲ့ကြတော့ ကျုပ်လည်း သူတို့စကား နားမယောင်မိပါ။

ချစ်တတ်ဖို့ မွေးဖွားလာသောလူသား တစ်ဦးပီပီ ကျုပ်လည်း အချစ်ကို လက်တွေ့စမ်းသပ်မိချင်၏။ ကျုပ်ဘွဲ့ရပြီးနောက် စက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့သည်။ အလုပ်ရပြီး သိပ်မကြာလိုက်ပါ။ ပညာစုံပြီး ကြင်ရာစုံဖို့ရန် အကြောင်းဖန်လာခဲ့သည်။

တစ်မြို့ထဲနေ ခင်ကလျာနှင့် နဖူးစာရွာလည်၍ ဆုံတွေ့ခဲ့ကြသည်။ ကျုပ်ကလည်း အလုပ်အကိုင်ရှိသည်။ သူကလည်း အထည်ချုပ်စက်ရုံ ဆင်းနေသောသူဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် ချစ်သည်က တစ်ကြောင်း။ အလုပ်အကိုင်ရှိသည်က တစ်ကြောင်း။ ထို့ကြောင့် နှစ်ဖက်မိဘများ၏ သဘောတူညီမှုရှိကာ လက်ထပ်ဖြစ်ခဲ့ကြသည်။

အိမ်ထောင်ကျခါစ ကျုပ်တို့နှစ်ဦးစလုံး အလုပ်အကိုင်ဝင်ငွေလေး ရှိသောကြောင့် အဆင်ပြေလှသည်။ ထိုအဆင်ပြေမှု သိပ်ကြာကြာမဖြစ်လိုက်ချေ။ ကျုပ်မိန်းမသည် အထည်ချုပ် အလုပ်လုပ်ရသည်ကို ငြီးငွေ့လာသည်လား။ အလုပ်မလုပ်ချင်လို့များလား။ ကျုပ်မတွေးတတ်တော့။ သူအပျိုတုန်းကလို နေပုံထိုင်ပုံ ပြောပုံဆိုပုံကအစ ပြောင်းလဲလာသည်ကို ကျုပ်သတိထားမိလာသည်။ နေမကောင်းဖြစ်လိုက်၊ ဗိုက်အောင့်ဖြစ်လိုက်နှင့်။

ဆင်ခြေဆင်လက် များလွန်းကာ နောက်ဆုံး သူအထည်ချုပ်စက်ရုံကပါ ထွက်လိုက်၏။ သည့်နောက်ပိုင်း ကျုပ်လုပ်စာတစ်ခုသာရှိတော့သည်။ အိမ်မှုကိစ္စ၊ ဝေယျာဝစ္စကအစ နိုင်နင်းအောင် မလုပ်ချင်တော့သည်ကို ကျုပ်ရိပ်စားမိသည်။ သည်လိုဖြစ်လာတော့ ကျုပ်စိတ်က ပြောချင်ပြန်သည်။

ပြောပြန်လျှင်လည်း ကျုပ်ကို ရန်တွေ့တတ်သေး၏။ ပတ်ဝန်းကျင်ကကြားလျှင် ရှက်စရာဖြစ်မည်။ သို့ကြောင့်သာ နှုတ်ပိတ်၍ ငြိမ်နေရသည်။

"ဒီကောင့်မိန်းမက အပျိုတုန်းက ဟုတ်တော့မလိုလိုနဲ့" ခုတော့ ဒီကောင့်ဘဝ "တစ်ယောက်တည်း ရုန်းနေရပြီဟေ့" သည်လိုစကားမျိုးကို အပေါင်းအသင်းများထံမှ နားစွန်နားဖျားကြားမိလာလျှင် ကျုပ်မိန်းမဖြစ်သူကို စိတ်ပျက်လာမိသလိုဖြစ်၏။ အစက သူလည်း အလုပ်နှင့် ကိုယ်လည်းအလုပ်နှင့်ဟုတွေးကာ ဘဝရှေ့ရေးအတွက် စိတ်ချယုံကြည်စွာ လက်တွဲခဲ့သည်။ ယခုဖြင့် ကျုပ်ထင်ထားခဲ့သည့် ဘဝတစ်ခုက ခေါင်းနှင့်ပန်းလိုပင်။ ကျောချင်းကပ်၍ စိတ်ချင်းမတူတော့ပေ။

တစ်ခါတလေ အလုပ်ကပြန်လာသည့် အချိန် နောက်ကျလျှင် နားမခံသာလိုသော စကားများကို ပြောတတ်သေး၏။

"ဘယ်အချိန်ရှိပြီလဲ နာရီကိုလည်းကြည့်ဦးကိုကျော်ဆန်း၊ ဘာလဲ ငါ့ကိုစိတ်ပျက်ပြီး အငယ်အနှောင်း ရှာနေတာလား"

"တောက်"တစ်ချက်ခေါက်မိရုံမျှတစ်ပါး။ နှစ်ဖက်မိဘတွေ၏မျက်နှာကို ငဲ့ရသေးသည်။ သားသမီးမကောင်း မိဘခေါင်းဟု ရိုက်ခတ်မည်ကို ကျုပ်မလိုလား။ ချစ်လို့ယူထားမိမှတော့ သည်းခံပြီးသာ ဆက်ပေါင်းနေရတော့၏။

"သူများမိန်းမတွေနဲ့ ကွာပ့ါ"ဟု ကျုပ်စိတ်ထဲ မကြာခဏ မြည်တွန်တောက်တီးမိ၏။ မိန်းမတွေမကောင်းဘူးဟု သိမ်းကျုံးပြောရအောင်လည်း ကျုပ်မိတ်ဆွေအချို့၏ မိန်းမတွေ သည်လိုမဟုတ်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိကြသည်။ ကျုပ်ရှေ့မှာ သည်လိုနားလည်မှုတွေ မြင်ရပြန်တော့ ကျုပ်မိန်းမကိုလည်း ကျုပ်နားမလည်နိုင်တော့။ သမီးရည်းစားဘဝနှင့် လက်ထပ်ပြီးချိန်ဘဝ ခြားနားမှုက များစွာပြောင်းလဲသွား၏။ ကျုပ်ကတော့ အိမ်ဦးနတ်မို့ ဆုံးမမိပြန်တော့လည်း သူမကြိုက်။ လှချင်ပချင်၊ ကြော့ကြော့လေးနေချင်သည့် စိတ်ကသာ လွှမ်းမိုးနေ၏။ အစားအသောက်ကအစ ကျုပ်အကြိုက်ထက် သူ့အကြိုက်ကိုသာ ဦးစားပေးချက်တတ်လာသည်။ အချိန်ကြာလာသည်နှင့် အမျှ ကျုပ်မိန်းမကို စိတ်ပျက်ချင်လာမိသည်။ သည်လိုစိတ်အတွေးတွေကြောင့် ကျုပ်မျက်နှာက အသက်အရွယ်နှင့်မလိုက်အောင် ရုပ်ရည်ကျလွန်းလှသည်။

"အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်ရင် နောင်ပြင်ရန်ခက်သည့်အမျိုး"ဆိုသည့် ရှေးလူကြီးများ၏ ဆိုစကားကို ကျုပ်အခုမှ အဓိပ္ပာယ်သိခဲ့သည်။ အိမ်ထောင်ပြုသည့်ကိစ္စက ပြန်ပြင်လို့မရသည့် အမှားမှန်း ကျုပ်ကောင်းကောင်းသိခဲ့လေပြီ။

မျက်နှာလေးမြင်ရုံ၊ အသံလေးကြားရုံနှင့် စွဲလမ်းမိသည့်စိတ်ကို အချစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့မိလေသည့် ကျုပ်ရွေးချယ်မှုကို တစ်ခါတစ်ခါ နောင်တရ၍ မဆုံးနိုင်။သည်အချိန်အခါမှ ပြင်၍လည်း မရပေ။အကောင်းနှင့်အဆိုး ဒွန်တွဲနေသည့်လောကကြီးမှာ ရေစက်ရှိ၍ ဆုံလာခဲ့ပြီးပြီ။ ဝဋ်ရှိလို့သာ နေရပေဦးဟု ကိုယ့်ကိုယ်ကိုယ်သာ ကျုပ်အပြစ်တင်မိတော့သည်။

"ကို အလုပ်မသွားသေးဘူးလား"

သမီးကလေးကို ပွေ့ချီကာ အိပ်ရာထဲမှ ထလာသော မိန်းမ၏ စကားသံကြောင့် ကျုပ်အတွေးများ ရပ်တန့်သွားသည်။ အလုပ်သွားရဦးမည်ဖြစ်၍ စားလက်စ ပဲပြုတ်ဆီဆမ်းနှင့် ထမင်းကြမ်းကို ရေနွေးဖြင့်မျှောချလိုက်သည်။ သည်လိုမနက်ခင်းတိုင်း ကျုပ် ထမင်းနင်လာသည်မှာ မဆန်းတော့ပေ။ တိုင်ကပ်နာရီကို မော့ကြည့်လိုက်သည်။ ခုနစ်နာရီခွဲတော့မည်။

ပြီးနောက် ကျုပ်ခြေလှမ်းတွေက လမ်းမထက်ပေါ် တရွေ့ရွေ့။ အိမ်ထဲ၌ ကျန်ရှိခဲ့သော ကျုပ်မိန်းမ၏ကလေးချော့တေးက နားထဲမှာ တလွင့်လွင့်နှင့်။ ။

မျိုးဆက်သစ်ရင်ပြင်
လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

ဆောင်းပါး

■ နေမင်းခ

တန်ဖိုးကို အသုံးချတတ်ပါစေ

သာယာလှသည့် နံနက်ခင်းတစ်ခုတွင် ကျွန်တော်နှင့် ရပ်ကွက်ထဲက လူငယ်လေးနှစ်ယောက် လက်ဖက်ရည်သောက်ရင်း စကားပြောဖြစ်ကြသည်။ ကျွန်တော်တို့ သုံးယောက်သည် မကြာခဏ တွေ့ဆုံလေ့ရှိပြီး စာပေအကြောင်း ပြောဆိုဆွေးနွေးလေ့ရှိပါသည်။ တစ်ယောက်ပြောသည်ကို ကျန်နှစ်ယောက်က လက်ခံလျှင် ခေါင်းညိတ်ကာ လက်မခံလျှင်မူ ပြန်လည်ချေပဆွေးနွေးတတ်ကြသည်။ ယခုလည်း ကျွန်တော်တို့သုံးယောက် တွေ့ဆုံ၍ စာပေအကြောင်း ပြောဆိုဆွေးနွေးနေကြလေသည်။

အချိန်ကြာကြာ ပြောဆိုပြီးသည့်နောက်တွင် လူငယ်လေးတစ်ယောက်က လောကတွင်ငွေသည် အရေးပါအရာရောက်ကြောင်းနှင့် ဒုတိယဘုရားသခင်ဖြစ်ကာ အရာရာကို ဖန်ဆင်းနိုင်ကြောင်းကို ကျွန်တော်နှင့် ကျန်သည့် လူငယ်လေးတစ်ယောက်ကို ပြောသည်။ ထိုအခါတွင် ကျန်သည့် လူငယ်လေးတစ်ယောက်က လက်မခံသည့်သဘောဖြင့် ခေါင်းယမ်းပြကာ လောကတွင် ပညာသည် အရေးကြီးကြောင်းကို ပြောလေသည်။ ထိုလူငယ်လေးနှစ်ယောက်၏ အတွေးအခေါ်သည် တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ ပထမလူငယ်က ငွေရှိမှ ဆေးဖော်ကြောဖက် လုပ်ချင်ကြကြောင်းကို ပုံပြင်သာဓကများဖြင့် ပြောသည်။ ထိုအခါ ဒုတိယလူငယ်က "ပညာသမ္မာ အာဘာနတ္ထိ" ပညာနှင့်တူသည့်အရာသည် မရှိကြောင်းကို ပြောပြန်သည်။ ထိုလူငယ်လေးနှစ်ယောက် အကျေအလည်ဆွေးနွေးနေကြသည်။ သို့သော် ပြဿနာကမပြီးပြတ်သေး။ ထို့အတွက်ကြောင့် ကျွန်တော် ပုံပြင်လေးတစ်ပုဒ်ပြောကာ ဖြေရှင်းပေးလိုက်သည်။

တစ်ခါက စိမ်းစိုကြီးမားလှသည့် တောနက်ကြီးတစ်ခုတွင် မျောက်တစ်ကောင်နှင့် ဆင်တစ်ကောင် နေထိုင်ကြလေသည်။ မျောက်က တစ်ပင်ပေါ်တစ်ပင်တက်ပြေးလွှားနေရင်း ဆင်ကြီးကိုမြင်သည့်အခါတွင် လောကကြီးတွင် မိမိသည့် အမြန်ဆုံးဖြစ်ကြောင်းနှင့် မည်သည့်သစ်ပင်ကို မဆို အလွယ်တကူပင်တက်နိုင်ကြောင်း ဆင်ကြီးကိုကြွားဝါလေသည်။ ထိုအခါ ဆင်ကြီးက ဒီကမ္ဘာကြီးတွင် မိမိသည် အင်အားအကြီးဆုံးနှင့် အသန်မာဆုံးဖြစ်ကာ မည်သည့် သစ်ပင်ကိုမဆို လှဲပစ်နိုင်ကြောင်း မျောက်ကို ပြန်၍ ပြောလေသည်။ ထိုသတ္တဝါနှစ်ကောင်သည် သူသာသည်၊ ငါသာသည်ဆိုကာ အချိန်ကြာကြာ ငြင်းနေသော်လည်း ပြဿနာမပြီးသေး။ သို့အတွက်ကြောင့် သူတို့၏ရှေ့နေဖြစ်သော ဇီးကွက်ထံ အမှုကိုကျေလည် အောင်ဖြေရှင်းဖို့ သွားလေသည်။

ရှေ့နေဇီးကွက်ထံသို့ ရောက်သည့်အခါတွင် သူတို့နှစ်ဦးဖြစ်နေသည့်ပြဿနာကို အစအဆုံးပြောပြလိုက်သည်။ ထိုအခါတွင် ဇီးကွက်က ခဏစဉ်းစားပြီး အဝေးမှရှိသော ရေကန်ကို မျောက်နှင့်ဆင်ကြီးကို ညွှန်ပြလိုက်သည်။ ဆက်၍ ထိုကန်ကြီး၏အလယ်တွင် သရက်ပင်တစ်ပင်ရှိကာ ထိုသရက်ပင်မှ သရက်သီးကိုယူနိုင်သူသည်သာ အင်အားအကြီးဆုံးဖြစ်မည်ဖြစ်ကြောင်း သို့အတွက်ကြောင့် ထိုအသီးကို ယူလာရန်ပြောလိုက်သည်။

ရှေ့နေဇီးကွက်ကြီး၏ လမ်းညွှန်ရာသို့မျောက်နှင့်ဆင် သွားလေတော့သည်။ ရေကန်ကြီးနားသို့ ရောက်သည့်အခါတွင် ဆင်ကြီးက ရေထဲသို့ဆင်းသွားသော်လည်း မျောက်ကကမ်းပေါ်မှာ ယောင်ချာချာနှင့် ဆင်ကြီးကိုကြည့်နေသည်။ ထို့နောက် ဆင်ကြီးကို မိမိမှာ ရေမကူးတတ်သဖြင့် ခေါ်ပါရန် အသနားခံသည်။ ဆင်ကြီးက အားပါးတရ ရယ်မောကာ သူ၏အင်အားကြီးမားပုံမှာ ထင်ရှားကြောင်း မျောက်ကိုပြော၍ သူ၏ကျောပေါ်ကိုတင်သွားလေသည်။

သရက်ပင်နားသို့ရောက်သည့်အခါ မျောက်က အပင်ပေါ်ကို လျင်မြန်စွာတက်၍ သရက်သီးများကိုခူးနေသော်လည်း ဆင်ကြီးက မခူးနိုင်ပေ။ သို့အတွက်ကြောင့် မျောက်ဆီမှ သရက်သီးများကို တောင်းကာသူတို့၏ရှေ့နေ ဇီးကွက်ထံသို့ ပြန်လာလေသည်။

ဇီးကွက်ထံသို့ရောက်သည့်အခါတွင် သူတို့နှစ်ဦး ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို ပြန်၍ပြောပြကာ မည်သူသည် အင်အားအကြီးဆုံးဖြစ်သည်ကို ပြောပြရန် တောင်းပန်လေသည်။ ထိုအခါ ဇီးကွက်က မျောက်တစ်ကောင်တည်းသွား၍လည်း သရက်သီးကို ယူနိုင်မည် မဟုတ်။ ဆင်တစ်ကောင်တည်းသွား၍လည်း သရက်သီးကို ရယူနိုင်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် နှစ်ကောင်စလုံးတွင် တန်ဖိုးကိုယ်စီရှိကာ သူ့နေရာနှင့်သူအသုံးဝင်ကြောင်းကိုပြောပြကာ ဆင်နှင့် မျောက်၏ပြဿနာကို ဖြေရှင်းပေးလိုက်လေသည်။

ကျွန်တော် ထိုပုံပြင်လေးကို ပြောပြသည့်အခါတွင် လူငယ်လေးနှစ်ယောက်စလုံး ငြိမ်သက်သွားသည်။ ကျွန်တော် ပြောသည်ကို နားလည်ကာ သဘောကျလက်ခံသည်ဟု ထင်ပါသည်။

ရှေ့နေဇီးကွက်၏စကားမှန်ပေသည်။ ကျွန်တော်တို့ အသက်ရှင်သန်ရာ ကမ္ဘာကြီးတွင် သက်ရှိသတ္တဝါများတွင်သာမက သက်မဲ့အရာဝတ္ထုအားလုံးတွင် တန်ဖိုးကိုယ်စီရှိကြပေသည်။ အလွန်ကြီးမားလှသည့် သစ်လုံးကြီးများတွင်သာ တန်ဖိုးရှိသည်မဟုတ်။ ထိုသစ်လုံးကြီးများ၏ အကိုင်းအခက်များတွင်လည်း တန်ဖိုးရှိလှပေသည်။ ထိုသို့ အရာအားလုံးတွင် တန်ဖိုးရှိသည်မှန်သော်လည်းပဲ ထိုတန်ဖိုးကိုအသုံးချတတ်ဖို့ လိုအပ်လှသေးသည်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်ရန်အတွက် ငွေသည်အရေးပါအရာရောက်လှသည့် တန်ဖိုးရှိသောအရာတစ်ခုပင်ဖြစ်သည်။ သို့သော် ငွေ၏တန်ဖိုးကို မသိဘဲ မလိုအပ်သည့်နေရာတွင် အသုံးပြုမည်ဆိုပါလျှင် ထိုငွေ၏တန်ဖိုးသည် အလကားဖြစ်သွားပါလိမ့်မည်။ ထို့အတူပင်။ "ပညာရွှေအိုး လူမခိုး" ဟု မည်မျှပင် ပြောနေစေကာမူ မိမိတတ်ထားသည့်ပညာ၏တန်ဖိုးကို ကောင်းစွာအသုံးမချတတ်ပါလျှင် ထိုပညာ၏တန်ဖိုးသည် အဖိုးမတန်သည့်အရာတစ်ခု ဖြစ်သွားနိုင်ပါသည်။

အလွန်တန်ဖိုးရှိသည့် စိန်တုံးကြီးကို ပိုင်ဆိုင်ထားပါလျက် ကောင်းမွန်စွာ အသုံးမချတတ်ပါလျှင် ထိုစိန်တုံးကြီး၏တန်ဖိုးသည် သေးသိမ်သွားပါလိမ့်မည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိသည့် တချို့သောလူတွေသည် တန်ဖိုး၏အဓိပ္ပာယ်ကို နားမလည်ကြပေ။ ဈေးကြီးပေးရသည့်ပစ္စည်းမှ တန်ဖိုးရှိသည်ထင်ကြသည်။ တော်သည့်လူ၊ တတ်သည့်လူမှ တန်ဖိုးရှိသည်ထင်တတ်ကြသည်။ သို့သော် တန်ဖိုး၏အဓိပ္ပာယ်က ထိုသို့မဟုတ်။ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ထားသည့်ဓာတ်မြေသြဇာတွင်မှ တန်ဖိုးရှိကာ အသုံးဝင်သည်မဟုတ်ပါချေ။ သုံးတတ်လျှင် သတ္တဝါတို့၏ အညစ်အကြေးများနှင့် သစ်ဆွေးသစ်ခြောက်များသည်လည်း အသုံးဝင်ပေသည်။ တော်သည့်လူ၊ တတ်သည့်လူမှ တန်ဖိုးရှိသည်မဟုတ်။ သာမန်လူတွင်လည်း လူတစ်ယောက်၏ တန်ဖိုးရှိကြပါသည်။ အရေးကြီးသည်မှာ တန်ဖိုးကိုသိ၍ အသုံးချတတ်ဖို့ပင် ဖြစ်ပေသည်။ ထိုကဲ့သို့ တန်ဖိုးကိုသိ၍ ကောင်းမွန်စွာ အသုံးချတတ်ပါလျှင်မူ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင်ရှိသည့် အရာအားလုံးတို့သည် အမှန်တကယ်တန်ဖိုးရှိသည့်အရာများ ဖြစ်လာမည်မှာအမှန်ပင် ဖြစ်ချေတော့သည်။ ။

အမေ့ရွာက ဘုရားပွဲ

❋ ရွာဦးထိပ်ဆီ မြတ်စေတီနှင့်
ကိုယ်စီကောင်းမှု ဒါနပြု၍
ကုသိုလ်ပွားစေ ဘိုးဘွားမွေတည့်
ကိုယ့်မြေဓလေ့ စိတ်ချမ်းမြေ့သည်
အမေ့ရွာကဘုရားပွဲ။

❋ တစ်နှစ်တစ်ခါ ပွဲတော်သာကို
ရပ်ရွာပေါင်းစု စည်းလုံးမှုဖြင့်
ပြုဖွယ်သိုင်းခြုံ ဒါနစုံ၍
ရွာ့ဂုဏ်မည်ျိုး သဒ္ဓါဖြိုးသည်
ဆွေမျိုးဆုံသော ဘုရားပွဲ။

❋ ဘုရားပွဲဟု အကြောင်းပြု၍
ကုသိုလ်လည်းယူ စိတ်ထားဖြူစွာ
လာသူမရွေး ဧည့်ခံကျွေးလျက်
ရေးမူမပစ် ရိုးရာစစ်သည့်
အနှစ်သာရအပြည့်တည်း။

❋ ဇာတိဝေးကွာ အနေကြာလည်း
ကျေးရွာပွဲနေ့ တောဓလေ့ကို
မမေ့နိုင်ပါ ဇာတိရွာနှင့်
ညာတကာမိတ် လွမ်းသည့်စိတ်ကို
ချွေးသိပ်ဖြေရန် မစွမ်းတည်း။ ။

arm ifþ0(rWm)

လှေပြိုင်ပွဲ

မြစ်ချောင်းအိုင် ပြည့်လျှံတိုးအောင်ပ
သွန်းဖြိုးကြ မိုးစည်စည်။
ရွှေရင်းမာ ကြိုင်လှိုင်သင်းတဲ့
ပွင့်လင်းရာသီ။
ထုံးဓလေ့ မြတ်ဂုဏ်ရည်
ပြည့်ဝညီ တော်သလင်း။
ကျင့်အပ်မှာ
မြင့်မြတ်စွာ ပန်းလှသဘင်နှင့်
လှမ်းတုကာ မြစ်ယံတွင်းမှာ
ခုန်ဆင်းပျော် လှေပြိုင်ပွဲရယ်က
ထူးကဲလေခြင်း။ ။

ကြယ်စင်မေ

ဆောင်းပါး

■ လှိုင်းလေပြေဦး (ညောင်ဦး)

အတွေးများကို ခရီးနှင်မခိုက်...

ဒီကနေ့ စာရေးသူလည်း ရုံးပိတ်တာနဲ့ တူလေးစာအုပ်စင် ရှင်းရင်း ဆဌမတန်း မြန်မာစာ စာအုပ်ထဲက 'ဖျိုင်းထက် ပုစွန် ပညာလွန်' ဆိုတဲ့ စာကိုဖတ်ရင်း တွေးစရာတွေ များစွာ ရခဲ့ပြန်တယ်။

စာရေးသူအနေနဲ့ စာထဲက အကြောင်းအရာကို အတိုချုံးထုတ်နုတ်ပြရရင်။ တောအုပ်အတွင်းက ရေခန်းနေတဲ့ ရေအိုင်တစ်အိုင်ဘေးမှာ ဖျိုင်းတစ်ကောင်က အကြံနဲ့ ငေးမှိုင်နေသတဲ့။ ဖျိုင်းကိုကြည့်ပြီး ငါးတွေက ဘာကြောင့် မှိုင်သလဲမေးကြတာပေါ့။ ဖျိုင်းက နွေလများကလည်း ကျန်သေးတော့ သင်တို့ဘေး မြော်တွေးကြည့်ပြီး စိတ်မကောင်းလို့ပါ။ သင်တို့ကို ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ အိုင်ကြီးဆီချီပို့ပေးဖို့ ကြံစည်နေတာလို့ပြောတယ်။ ဖျိုင်းစကားကို ငါးတွေက မယုံကြဘူး။ ဒီတော့ သင်တို့ထဲ ငါးတစ်ကောင်ကို ချီပြီးပြမယ်လို့ ပြန်ပြောတာပေါ့။ အသန်စွမ်းဆုံးငါး တစ်ကောင်ကို လိုက်ပြီးကြည့်စေတယ်။ ဖျိုင်းစကားအတိုင်း အိုင်ကြီးရှိမှန်းသိရတော့ သူ့ထက်ငါ အိုင်ကြီးဆီပို့ပေးဖို့ ဖျိုင်းထံကို တောင်းဆိုကြတယ်။ ဒီလိုနဲ့ ဖျိုင်းက တစ်ကောင်ပြီးတစ်ကောင်ချီပြီး ရေခံတက်ပင်ခွကြားမှာ စားပြီး အရိုးတွေကို အပင်ခြေရင်းပစ်ချထားလိုက်တယ်။ ဖျိုင်းရဲ့လောဘက အတောမသတ်သေးပါဘူး။ ရေအိုင်ထဲမှာကျန်နေတဲ့ ပုစွန်ကိုလည်း သူကထပ်စားချင်ပြန်ပါတယ်။ ဒီတော့ ပုစွန်ကိုလည်းသနားကြောင်း ပို့ပေးလိုကြောင်း ပြောတာပေါ့။ အသိပညာနဲ့ ပြည့်စုံတဲ့ပုစွန်က သတ္တဝါတို့မည်သည် လိမ်လည်ကောက်ကျစ်တတ်တာကို အောက်မေ့မိတယ်။ ပုစွန်ကလည်း အခွံမာနဲ့ဖုံးအုပ်ထားတဲ့ ခန္ဓာကိုယ်ရှိတာမို့ အသင့်လည်ပင်းကို လက်မဖြင့် ခိုညှပ်ပြီး လိုက်ပါရစေလို့ ဉာဏ်သုံးပြီးပြောဆိုတယ်။ ဖျိုင်းကလည်း ထုံးစံအတိုင်း ငါးတို့ကိုစားသလို စားမယ်ဆိုပြီး ရေခံတက်ပင်ပေါ်နားတယ်။ ပုစွန်ကလည်း ရေအိုင်မသွားလို့မေးတဲ့အခါ ဖျိုင်းက စားဖို့အကြံနဲ့ယူလာကြောင်း အပင်အောက်က ငါးရိုးတွေသာကြည့်လို့ ပြန်ပြောတယ်။ ပုစွန်ကလည်း အသိပညာမဲ့သော ငါးတို့လို သင်မမှတ်လေနဲ့။ အသိပညာရှိသူဖြစ်၍ သင့်လည်းပင်းကို လက်မဖြင့် ညှပ်ပြီး လိုက်လာခြင်း ဖြစ်တယ်။ ယခုပင် သင့်လည်ပင်း ပြတ်စေလို့ပြောပြီး လက်မနဲ့ညှပ်တဲ့အခါ ဖျိုင်းက အလွန်နာကျင်ပြီး အသက်ချမ်းသာပေးပါလို့ တောင်းဆိုတယ်။ တစ်ဆက်တည်းမှာပဲ သင့်ကိုလည်း အသက်ချမ်းသာပေးပါ့မယ်လို့ပြောပြီး ရေအိုင်ဆီပို့လိုက်တယ်။ ရေအိုင်စပ်အရောက် ဖျိုင်းကနားလိုက်တယ်။ အဲဒီအချိန်မှာ ပုစွန်က စဉ်းစားသတဲ့ ဖျိုင်းကို အသက်ချမ်းသာပေးရင် အခြားရေအိုင်က ငါးတို့ကိုလည်း သတ်စားနိုင်တယ်။ ဒီလိုဆင်ခြင်တွေတောပြီး ကြာစွယ်ရိုးကို ကတ်ကြေးဖြင့်ဖြတ်သလို ဖျိုင်းလည်ပင်းကို လက်မနဲ့ ဖြတ်ပြီးမှ အိုင်အတွင်းကို ဆင်းလိုက်သတဲ့။

ဒီအကြောင်းအရာကို ဖတ်ရတဲ့အခါ စာဖတ်သူတို့က ဘာကို တွေးမိမယ်မသိ။ စာရေးသူကတော့ ယနေ့ခေတ် အွန်လိုင်းလောကမှာ ငါးတို့ကဲ့သို့ အယုံလွယ်လွန်းသော ဖြစ်ရပ်တွေကို ပြေးမြင်မိတယ်။ ဘာသတင်းလေးတက်လာလာ သေသေချာချာမတွေးကြ၊ မလေ့လာကြတော့ဘူး။ တချို့ကျလည်း ပြောမယ်၊ ဆိုမယ်၊ ဆဲမယ်ပါပဲ။ တချို့ အပေါ်မှာ စာတွေရေးပြီး Share လုပ်ကြတယ်။ ကိုယ် share လုပ်ထားတာက ဘယ်ခုနှစ်ကလည်း မကြည့်ဘူး။ သတင်းကို အတင်းလုပ်ချင်ဖွချင်နေတော့တာပါပဲ။ မီဒီယာပိုင်းတွေကနေ နည်းနည်းလေးဆွပေး ဖွပေးလိုက်တာနဲ့ ဆဲမယ့်လူ ပြောမယ့်လူတွေက တစ်အုပ်ကြီး ပါလာတော့တာပါပဲ။ idol ပြိုင်ပွဲကာလတွေမှာ အွန်လိုင်းပေါ်က စကားလုံးတိုက်ပွဲတွေကို ကြည့်ပြီး အတော်စိတ်ပျက်မိတယ်။ အကောင်းမြင်စိတ်တွေ ပျောက်ဆုံးနေကြပါလား။ ကိုယ်ချစ်တဲ့ပုဂ္ဂိုလ်အတွက် တိုက်ခိုက်ကြတယ်။ ကိုယ်ချစ်တဲ့အဖွဲ့အစည်းအတွက် တိုက်ခိုက်ကြတယ်။ တစ်ဖက်မှာ ချစ်ခြင်းအင်အားကြီးရင်ကြီးသလို တစ်ဖက်မှာလည်း အမုန်းအင်အားကကြီးထွားပြီး လိုက်လာတာမျိုးပါ။ ဒီလိုမျိုး ဆင်ခြင်ဉာဏ်မဲ့တဲ့လူတွေ များလာတဲ့အခါ ဖျိုင်းလို အချိန်အခါစောင့်နေသူတွေက အွန်လိုင်းကနေ အမုန်းစကားတွေ ဖြန့်ဝေကြတယ်။ တစ်ခါတစ်ရံ ထိတ်လန့်ဖွယ်ရာသတင်းမှားတွေကိုဖြန့်ဝေသူကဝေ။ ဘာသာရေး၊ လူမျိုးရေးနဲ့ ပတ်သက်တဲ့ သွေးခွဲစကား သတင်းမှား၊ movie တွေဖြန့်ဝေကြတယ်။ သတင်းဆူရင် ဆူသလို ဝင်ငွေကောင်းတဲ့ page တွေကိုကြည့်ပြီး သတင်းအမျိုးမျိုးကို မစဉ်းမစား ယုံကြည်လက်ခံပြီး ပေါက်ကွဲကြတယ်။ တချို့ကျလည်း လိုင်းပေါ်မှာတွေ့၊ လိုင်းပေါ်မှာဆုံ ယုံမှတ်လို့ပုံအပ်ကြပြီး ဘဝပျက်ကြရရှာတယ်။ တချို့မိန်းကလေးများကျ သားမယားပြုကျင့်ပြီးမှ ရက်ရက်စက်စက် အသတ်ခံသွားကြရတယ်။

ဒီတော့ ခေတ်စနစ်အရ အွန်လိုင်းများနဲ့ ချိတ်ဆက်လုပ်ကိုင်ကြရတာများတယ်။ လုပ်ငန်းအရ သုံးစွဲရသူများ ရှိတယ်။ မိမိဝါသနာပါရာ လေ့လာလိုက်စားသင်ယူဖို့ သုံးစွဲရသူများလည်း ရှိတယ်။ မိမိချစ်ခင်ရတဲ့မိသားစု မိတ်ဆွေများနဲ့ အဆက်အသွယ်မပြတ်အောင်သုံးစွဲနေသူများလည်း ရှိတယ်။ တချို့အကြောင်းမဲ့ သက်သက်ဘာရယ်မဟုတ် အပျင်းပြေသက်သက်သုံးနေသူမျိုးလည်း ရှိနေတယ်။ ဖေ့စ်ဘုတ်ကို အစွဲကြီးစွဲနေသူတွေလည်း မပြတ်သုံးစွဲနေကြတာပါပဲ။ ဘယ်လိုအကြောင်း ကိစ္စကြောင့် သုံးစွဲစေကာမူ အကြောင်းအရာတစ်ခုကို ချင့်ယုံချင့်ပြောပြီး အစစအရာရာ အသိပညာ ဉာဏ်လေးကပ်ပြီး စဉ်းစား ယုံကြည်ကြဖို့လိုပါတယ်။ ဒီတော့ အွန်လိုင်းသုံးစွဲကြတဲ့ မိတ်ဆွေအပေါင်း မိမိသုံးစွဲခဲ့တဲ့အချိန်တွေကို နောက်ပြန်တွေးကြည့်ကြပါ။ မိမိ လုပ်ဆောင်ခဲ့သမျှက ငါးလိုပဲ အလွယ်တကူ ယုံကြည်ပြီး မစဉ်းစားမဆင်ခြင် ပြောခဲ့လုပ်ခဲ့ဖူးသလား။ စာထဲက ပုစွန်လေးလိုပဲ လေးလေးနက်နက် ဖြန့်ကြက်တွေးတောပြီး အသိ၊ သတိလေးနဲ့ သုံးစွဲခဲ့လေသလား။ ဒီလိုပဲ ကိုယ်က လောကကိုရှုမြင်ရာဝယ် အကောင်းမြင်စိတ်မရှိဘဲ အမုန်းစကားပွားအောင် ဖြန့်ဝေသူဖြစ်နေလေသလား။ မိမိအကျိုး တစ်စုံတစ်ရာရရှိရေးကိုပဲ ရှေးရှုပြီး အွန်လိုင်းပေါ်မှာ ကိစ္စတစ်ခုကို ဖျိုင်းကဲ့သို့ လှည့်ဖြားမိနေသလား။ အွန်လိုင်းပေါ်ကနေ မိမိဝါသနာပါရာ ဘာသာရပ်တစ်ခုကို လေ့လာသင်ယူပြီး အချိန်နဲ့ငွေကို အကျိုးရှိရှိအသုံးချနေသလား။ အလကားသက်သက် အချိန်နဲ့ငွေကို ဖြုန်းနေမိသူလား။ မိမိကိုယ်ကို သေချာပြန်လည်ဆန်းစစ်ကြည့်ကြဖို့သင့်ပါတယ်။ လောကမှာ လိမ်လည်လှည့်ဖြားသူတွေ ဘယ်လောက်ပေါပေါ "ဖျိုင်းထက် ပုစွန်ပညာလွန်" ဆိုသလိုပဲ ကိုယ်တိုင် ဉာဏ်နဲ့ဆင်ခြင်ပြီး သတိထားနေထိုင်တတ်ရင် သူများအသုံးချခံရမှာ မဟုတ်ပါဘူး။ ပြဿနာတစ်ခုကို ကိုယ်တိုင်ကြုံရတာဖြစ်ဖြစ် သူတစ်ပါးကြုံရတာဖြစ်ဖြစ် မျက်စိနဲ့ မြင်နိုင်သမျှကို မျက်စိနဲ့သေချာကြည့်၊ နားနဲ့ကြားနိုင်သမျှကို နားနဲ့ သေချာနားထောင်ပါ။ ပြီးမှ ဦးနှောက်နဲ့ သေချာတွေးတော နှလုံးသားနဲ့ မျှတစွာခံစားပြီးမှ ဆုံးဖြတ်လုပ်ကိုင်တတ်ကြဖို့ များစွာ လိုအပ်ပါတယ်။ ဒီတော့ အွန်လိုင်းသုံးစွဲကြရာဝယ် မှန်သော အသိရှိသူက ဆက်လက်မှန်ကန်စွာနေနိုင်ပြီး မှားနေသူကလည်း အမှားကိုမြင် အမှန်ပြင်နိုင်ပါစေကြောင်း အတွေးများကို ခရီးနှင်မခိုက် တောင်းဆုခြွေလျက်သာ. . .။ ။

ဝတ္ထုတို

■ ပန်းဒဏ္ဍာရီ

အခန်း(၁)

“ကျေးရွာအတွင်းရှိ မိဘပြည်သူအပေါင်း ခင်ဗျာ ဒီနေ့နံနက် ၉ နာရီအချိန် ကျွန်တော်တို့ ကျေးရွာမှာ ကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများ လာရောက်ပြီး အသိပညာပေး ဟောပြောပွဲနဲ့ ဆေးအခမဲ့ကုသပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရွာဦးဘုန်းကြီးကျောင်းကို ကြွရောက်ခဲ့ကြပါခင်ဗျာ”

အသံချဲ့စက်အော်သံ တကြော်ကြော်က ကျေးရွာဥက္ကဋ္ဌအိမ်ကနေ ထွက်ပေါ်နေတယ်။

“ဟွန်း အလုပ်တွေများလို့ မောနေပါတယ်ဆို မိုက်ကြီးကလည်းတော် ပိတ်ကို မပိတ်တော့ဘူး။ မိုးလင်းကတည်းက တကြော်ကြော်အော်နေတာ။ တစ်ခါလောက် အော် တော်ရောပေါ့ တော်။ တကကတည်းမှပဲ နားနှစ်ဖက်လည်း ပူလှပြီ”

ကျုပ်တစ်ယောက် အိမ်အလုပ်တွေ လုပ်နေရင်း စိတ်ထဲက ခပ်ချဉ်ချဉ် ပြောလိုက်မိတယ်။ ဟုတ်တယ်လေ ဘယ့်နှယ်။ ရွာထဲကို ခဏခဏလာပြီး ဟိုဟာပြောလိုက် ဒီဟာပြောလိုက်နဲ့။ ကျုပ်တို့က သူတို့ပြောတာကို နားထောင်ရတာ ရိုးနေပြီတော့ ရိုးနေပြီ။ အိမ်တိုင်ရာရောက် လာပြောလိုက်ကြ၊ ဟောခုလည်း ဟောပြောပွဲလုပ်ပြီး အဖွဲ့လိုက် လာပြောလိုက်နဲ့ နားမထောင်ချင်ပေါင်တော်။

အခန်း(၂)

ကျုပ်သားလေးကို ကျုပ် သိပ်ချစ်တာပဲတော်။ သားလေးကို ပိုချစ်လာသလောက် ကျုပ်ယောကျ်ားကိုမြမောင်ကိုတော့ တစ်နေ့ထက်တစ်နေ့ စိတ်ကုန်တာများ ပြောမပြောချင်ဘူး။ တစ်နေ့တစ်နေ့ ဒင်းက အရက်ကလေးတမြမြနဲ့၊ ကျုပ်မှာ သားအတွက်၊ ယောကျ်ားအတွက် ရှန်းကန်ရတာ လွယ်တာမှတ်လို့။ ကိုမြမောင်ကတော့ ညားစတုန်းကလို ကျုပ်ကို ကြင်နာဖို့၊ စာနာဖို့ ဝေးစွ။ သူ့အတွက် အရက်ဖိုးမပေးရင် ပြဿနာက ရှာချင်သေးသေးတယ်။ ကျုပ်မှာတော့ နံနက်စောစောပဲထပြုတ်လိုက်ရ၊ ပဲပြုတ်ရပြီဆိုတာနဲ့ ပဲပြုတ်တောင်းကို ခေါင်းပေါ်တင် ရွာစဉ်လှည့်လိုက်ရ။ ပြန်လာလို့ နားရမလား အောက်မေ့တယ်။ အိမ်မှုကိစ္စတွေက တပုံတပင်ကြီး ဆီးကြိုနေတယ်လေ။ မောတယ်လို့လည်း သဘောမထားနိုင်တော့ပါဘူးတော်။ ပြန်ရောက်ရောက်ချင်း ထမင်းအိုးကောက်တည်၊ တခြားအလုပ်တွေပါရောပြီး အမောတကော လုပ်လိုက်ရတာ နေဝင်ချိန်အထိပဲ။

ညမှောင်လာလို့ နားရမယ် မထင်လိုက်နဲ့ဦး။ နောက်တစ်နေ့စာ ပဲပြုတ်ဖို့နဲ့ချက်ဖို့ အသီးအရွက်တွေ ပြင်ဆင်ရသေးတယ်။ ညသန်းခေါင်ကြက်တွန်ချိန်နီးနီးမှ ကျုပ်လည်း နားရတော့တယ်။ နေ့တိုင်း ဒီလိုပဲ နံနက်စောစောထ ညသန်းခေါင်အထိ အလုပ်လုပ်နေရတာ။ ကျုပ်အတွက်တော့ ဒါတွေက နေ့စဉ်နိစ္စဓူဝ လုပ်ငန်းတွေပါပဲ။

အခန်း(၃)

“ဟဲ့ မိငွေ ငါတို့ ဘုန်းကြီးကျောင်းထဲ သွားမလို့၊ ညည်း မလိုက်ဘူးလားအေ့”

“မလိုက်နိုင်သေးဘူးတော်ရေ့၊ ညည်းတို့သာ သွားကြ၊ အလုပ်တွေ မပြီးသေးဘူး”

အလိုတော် ကိုယ်မှ အလုပ်တွေ မပြီးသေးလို့ ယားလို့တောင် မကုပ်နိုင်ပါဘူးဆို ညိုမတို့က လာခေါ်နေသေး။ လိုက်ဖို့ဆိုတာ ဝေးပေါ့တော်။ ကျုပ်ကတော့ အလုပ်ပျက်မခံနိုင်ဘူး။ ဟုတ်တယ်လေ။ တော်ကြာနေ ရွာထဲက ကလေးတွေဖျားလို့ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့ ဆရာမတွေ ခြေလာလာရှုပ်ကြတာများ မပြောချင်ပေါင်။ အရင်ကတော့ ဟိုဘက်ရွာဆေးခန်းမှာ သားဖွားဆိုလားဘာဆိုလား လုံချည်အနီရောင်နဲ့ အသက်ကြီးကြီးဆရာမ တစ်ယောက်တည်းရယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကမှ ဆေးခန်းမှာ ခပ်ငယ်ငယ် ဆရာမတစ်ယောက် ထပ်ရောက်လာတာ။ ကျန်းမာရေးကြီးကြပ် ဆိုလားဘာဆိုလားပဲ။ အဲဒီဆရာမက အပြာရောင်လုံချည်လေးနဲ့တော့။ သူတို့နှစ်ယောက်တော် ကျုပ်တို့ရွာတွေမှာ ခဏခဏလာကြတာ။ တစ်ခါလာပြန်ပြီး ဆေးတိုက်၊ နောက်တစ်ခါ ကလေးပေါင်ချိန်၊ နောက်တစ်ခါ ဆေးခန်းဖွင့် ဘာညာနဲ့ အနီနဲ့ အပြာခြေချင်းလိမ်နေသလား အောက်မေ့ရတယ်။

အပြာဝတ်ဆရာမလေးဆို ပိုတောင်ဆိုးသေး။ မိုးမရွာသေးဘူး လာပြီ။ ဘာတဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးတဲ့တော့။ ရွာထဲကို ကျွမ်းထိုးကောင် လိုက်စစ်တာတဲ့လေ။ သူပြောတာတော့ ပိုးလောက်လန်းတဲ့။ ကျုပ်တို့ကတော့ မခေါ်တတ်ပေါင်။ ခေါ်နေကျအတိုင်း ကျွမ်းထိုးကောင်ဟာ ကျွမ်းထိုးကောင်ပဲပေါ့တော်။ တစ်ရက်က ရွာထဲလှည့်ပြီးစစ်ဆေးကြတော့ ကျုပ်အိမ်ကို ရောက်လာတယ်လေ။ ကျုပ်ကလည်း ပဲပြုတ်ရောင်းပြီးအပြန်၊ ထမင်းအိုးတည်နေချိန်ဆိုတော့ သူတို့ကိုလည်း ဂရုစိုက်မနေနိုင်ပေါင်တော်။ အိမ်ရှေ့ကနေ “အိမ်ရှင်တို့ ရှိလားရှင့်၊ ကျွန်မတို့ ပိုးလောက်လမ်း စစ်မလို့”တဲ့။ ရတယ်လေ။ သူတို့ဘာသူတို့ စစ်ချင်စစ် မစစ်ချင်နေ။ ကျုပ်ကတော့ ကိုယ့်အလုပ်ကို ဆက်လုပ်မှာပဲ။ ဆရာမလေးက ရွာဆော် ဖိုးတုတ်နဲ့အတူ အိမ်ထဲဝင်လာပါရော။ ကျုပ်ကလည်း သူတို့ နားမသွားမိပေါင်။ ဆရာမလေးက လှမ်းခေါ်ပေမယ့် ကျုပ်ကမှ မအားတာ။ စစ်ချင်သလိုသာ စစ်လို့ လှမ်းအော်ပြောလိုက်တယ်။ ရေအိုး၊ ရေကန်တွေကြည့်ပြီးလို့ ထင်တယ်။ အိမ်ကတန်းလျားပေါ် ဆရာမလေးလာထိုင်ပြီး ကျုပ်ကို မေးတယ်။

အိမ်ထောင်ဦးစီးနာမည်၊ လူဦးရေ၊ အိမ်သာ ရှိ၊ မရှိ စုံလို့။ အိမ်သာဆိုလို့ ကျုပ်အိမ်မှာ မဆောက်ရသေးပေါင်။ သွားချင်ရင် ရွာပြင်က ကွင်းကြီးက အကျယ်ကြီးလေ။

“အိမ်သာ မရှိရင် ဆောက်ထားဦးနော် အစ်မ။ ပြီးတော့လေ ဟိုနားက အိုးတွေထဲမှာ ပိုးလောက်လမ်းတွေ တွေ့တယ်သိလား။ အဲဒါတွေ ချက်ချင်းသွန်ပစ်ပေးပါဦး။ မကြာခင် မိုးရာသီရောက်တော့မှာဆိုတော့ ပိုးလောက်လမ်းတွေကပေါက်၊ ခြင်တွေကပေါနဲ့ သွေးလွန်တုပ်ကွေး အဖြစ်များတဲ့ ရာသီ ရောက်တော့မှာမို့ ကိုယ့်အိမ်က ရေကန်၊ အိုး၊ ခွက်တွေမှာ ပိုးလောက်လမ်းတွေ မရှိအောင် ဂရုစိုက်ပေးပါ အစ်မ”

“ကလေးဖျားနာခဲ့ရင် နီးစပ်ရာ ဆေးခန်းက ဆရာ၊ဆရာမတွေနဲ့သာ ပြသပါ။ အပြင်က လူတွေနဲ့ မပြပါနဲ့”တဲ့။

အခန်း(၄)

ခါတိုင်းနေ့တွေဆို ကျုပ်သားလေးဟာ တအားဆော့တာ။ ဒီနေ့မှ အိပ်ရာထဲ ခွေနေတယ်။ အိပ်နေတဲ့သားလေးအနားသွားပြီး သူ့ကို စမ်းကြည့်လိုက်တော့ အမလေးကိုယ်တွေ ပူနေလို့ပါလား။ မဖြစ်ဘူး ဆေးတိုက်မှ။ ကျုပ်လည်း ဆေးဆိုင်ကရောင်းတဲ့ ကိုယ်ပူကျဆေး ဝယ်ထားတာရှိတော့ အဲဒီဆေးပဲ တိုက်ထားလိုက်တယ်။ ခဏနေတော့ ကိုယ်ပူကျသွားတယ်။ ဟော နေ့လည်ကျ ပြန်ပူလာပါရော။ ကျုပ်လည်း ဆေးထပ်တိုက်လိုက်တယ်။ ဒီလိုပါပဲ။ ဥတုပြောင်းဖျားတာဆိုတော့ ပြီးရင် ပျောက်သွားတာပဲ။ သားလေးက ကိုယ်ပူလာလိုက်၊ ကျုပ်က ဆေးတိုက်လိုက်နဲ့ သုံးရက်လောက်ကြာရော အဖျားလုံးလုံးကျသွားတယ်။ ကဲ ကျုပ်မပြောဘူးလား။ ခဏပဲ ဖျားတာပါလို့။ ဒါပေမယ့် အဆော့မက်တဲ့ကျုပ်သားက ခါတိုင်းလို မဆော့ဘူးတော့။ အေးပေါ့။ သုံးရက်လောက် ဖျားတာဆိုတော့ သူလည်း နွမ်းမှာပေါ့လို့ ကျုပ်တွေးလိုက်တယ်။ ကျုပ်က သူ့ကို အစားကျွေးလည်း မစားဘူးတော့။ အလုပ်တစ်ဖက်နဲ့ကျုပ် မအားတော့ သားလေးကို အချိန်မှန်ဂရုတစိုက် မကျွေးနိုင်ဘူးလေ။ ကျုပ်ယောကျ်ားအရက်သမားကြီးကလည်း အားမကိုးရပေါင်တော်။ ကျုပ်အိမ်ပြန်ရောက်ချိန်တော့ အစားကို သေချာကျွေးပါတယ်။ ကိုယ်ပူကျသွားပြီး နှစ်ရက်လောက်နေတော့ ကျုပ်သားလေးကို ကြည့်ရတာ ခပ်နွမ်းနွမ်းရယ်။ လေသံဖျော့ဖျော့လေးနဲ့ သားလေးက ပြောတယ်။ “အမေ သား နှာခေါင်းသွေးတွေ ယိုလာတယ်”တဲ့။ ဟုတ်ပါ့တော်။ သားလေး နှာခေါင်းမှာ သွေးတွေက စီးကျနေလိုက်တာ ရဲနေတာပဲ။ သားက သူ့လက်ကလေးနဲ့ နှာခေါင်းကို ပိတ်ထားပေမယ့်လည်း မရဘူး။ ကျုပ်လည်း နှာခေါင်းသွေးယိုရင် နွားချေးရှူရတယ် လို့ပြောသံ ကြားဖူးတော့ အိမ်ရှေ့လမ်းပေါ်က နွားချေးခြောက်ကို ကောက်ရှူခိုင်းလိုက်တယ်။ သွေးယိုတာ မရပ်ဘဲ အဆက်မပြတ်စီးကျနေသေးတယ်။ ဒါနဲ့ ကျုပ်တို့ သားအမိ အဖြစ်ကို မြင်သွားတဲ့ ညိုမက “ဟဲ့ မိငွေ နှာခေါင်းသွေးယိုရင် ရေရှူ ရတယ်တဲ့၊ ဆရာမပြောတာ ကြားဖူးတယ်။ နွားချေးမရှူခိုင်းနဲ့ဟဲ့”

မတတ်နိုင်ဘူး။ ကျုပ်လည်း မတတ်သာတဲ့အဆုံး ညိုမပြောသလို သားလေးကိုလုပ်ပေးလိုက်တယ်။ ခဏလောက်ကြာတော့ နှာခေါင်းသွေးယိုတာ ရပ်သွားတယ်။ ခုမှပဲ ကျုပ်လည်း သက်ပြင်းချနိုင်တယ်။

“မိငွေ ညည်းသားက ဖျားနေတာ ကြာပြီမို့လား။ ဆေးခန်းသွားပြပါလားအေ့။ ခုရာသီက သွေးလွန်တုပ်ကွေးဖြစ်မှာ စိုးရိမ်ရတယ်။ ပြီးတော့ ညည်းသားက နွမ်းဖတ်ဖတ်နဲ့။ နှာခေါင်းသွေးကလည်း လျှံနေသေးတယ်ဟဲ့။ ဟိုနေ့က ဆရာမပြောသွားတဲ့အထဲမှာ အဲဒါတွေ ပါတယ်။ ညည်း မပေါ့နဲ့နော်”

လုပ်ပြီ။ ညိုမတို့ကတော့ ဆရာမကြီးစတိုင် လာလုပ်နေပြီ။ “အေးအေး” လို့သာ ပြန်ပြောလိုက်တယ်။ ညိုမပြောသလို ဟုတ်ချင်မှ ဟုတ်မှာပေါ့။

အခန်း(၅)

နောက်တစ်ရက်ကျ သားလေးက မြော့တော့တာ။ နှာခေါင်းသွေးကလည်း ခဏခဏယိုလာတယ်။ ပြီးတော့ အစားလည်း မဝင်ဘူး။ အန်ပဲအန်နေပြီး ဗိုက်ထဲကလည်း နာတယ်တဲ့။ ကျုပ်လည်း ဝေဒနာခံစားနေရတဲ့ သားကို မကြည့်ရက်တော့ဘူး။ သားကို ကျောပိုးပြီး ဆေးခန်းပြဖို့ ထွက်လာလိုက်တယ်။ ဆေးခန်းရောက်တော့ ကျုပ်တို့ရွာကို လာနေကျ ဆရာမလေးနဲ့ တွေ့တယ်။ ဆရာမလေးက ဘာဖြစ်လို့လဲ၊ ဖျားတာ ဘယ်နှရက်လဲ၊ ဘာညာမေးတာ စုံလို့။ ကျုပ်လည်း သားလေးဖြစ်နေတာ ပြောပြလိုက်တော့ ဆရာမလေး မျက်နှာမှာ စိုးရိမ်တဲ့ပုံစံနဲ့။ ကျုပ်သားလေးကို သွေးပေါင်ချိန်ပေးပြီး လက်မောင်းမှာ သွေးပေါင်ချိန်ကို အတော်ကြာ ပတ်ထားသေးတယ်။ သူ့လက်က လက်ပတ်နာရီလေးကို တကြည့်ကြည့်နဲ့ပေါ့။ ခဏကြာတော့ သားလေး လက်မောင်းက သွေးပေါင်ချိန်ကို ဖြုတ်ပြီး သားလေးလက်ကို ကြည့်နေတယ်။ ပြီးမှ ကျုပ်ဘက် လှည့်ပြီး။

“အစ်မရေ ကလေးက ဖျားတဲ့ရက်ကလည်း ကြာပြီ။ ပြီးတော့ သွေးပေါင်ချိန်လည်း ကျနေတယ်။ လက်မှာလည်း အနီစက်တွေ ထွက်နေတယ်။ သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာတွေ တွေ့ရတယ် အစ်မ။ ကျွန်မ စာရေးပေးလိုက်မယ် ဆေးရုံကိုသာ အခုချက်ချင်း သွားတော့နော်”

ဆရာမစကားကြားတော့ ကျုပ်ခေါင်းထဲမှာ လေးခနဲပဲ။ ဆေးရုံသွားဖို့ ပိုက်ဆံမရှိ၊ လိုက်ပို့မယ့်သူလည်း မရှိနဲ့ ကျုပ်ဘယ်လို လုပ်ရပါ့မယ် မသိဘူးတော်။ ကိုမြမောင်ကိုလည်း အားကိုးလို့ ရမယ့်ပုံမပေါ်။ နောက်ဆုံးတော့ ကျုပ်ခေါင်းပဲပေါ့တော်။ သားလေးကို ဆေးခန်းမှာ ခဏထားပြီး အိမ်ကိုပြန်၊ အိမ်နီးချင်းတွေဆီက ပိုက်ဆံချေးပြီး လူမှုကူညီရေးကားနဲ့ ဆေးရုံကို လာခဲ့လိုက်တယ်။ ကျုပ်ယောကျ်ားအရက်သမားကိုလည်း လိုက်လာခဲ့ဖို့ မှာထားခဲ့လိုက်တယ်။ ဆေးရုံကိုရောက်တော့ ဆရာဝန်နဲ့ ဆရာမတွေ ပျာယာခတ်ကုန်တယ်။ ကျုပ်ကလည်း ဆေးခန်းက ဆရာမ ပေးလိုက်တဲ့ စာရွက်လေးကို ပြလိုက်တယ်။ သားလေးကို သွေးပေါင်ထပ်ချိန်ကြတယ်။ ပြီးတော့ ဆေးရုံမှာ ခုတင်တစ်ခုပေးပြီး ဆေးကုသပေးကြတယ်။ သူတို့တွေ တီးတိုးပြောသံ ကြားရတယ်။လာတာနောက်ကျတယ်၊ ၅၀ စီပဲတဲ့။ ကျုပ်လည်း နားမလည်ပါဘူး။ ကျုပ်ရင်ထဲ သားဇောကြောင့် လေးတေးတေးကြီးဖြစ်နေတာဆိုတော့လေ။ ကျုပ်သားလေး အမြန် နေကောင်းသွားရင် ပြီးရောတော်။ ပြီးတော့ သားလေးကို သွေးစစ်မယ်ဆိုလားပဲ။ ဆေးရုံပေါ်မှာ သားလေးလက်ကို ဆလိုင်းပုလင်းတွေ ချိတ်ထားတယ်။ သူတို့ခေါ်တာတော့ ကျုပ်မသိပေါင်။ အရပ်ထဲ ရွာထဲတော့ ဆလိုင်းပုလင်းလို့ပဲ ခေါ်ကြတာလေ။

ညနေပိုင်းလောက်ကျ နှာခေါင်းသွေးယိုတာတော့ ရပ်သွားတယ်။ ဒါပေမယ့် သားလေးက ပိုပြီးအန်လာတယ်။ ဗိုက်နာတယ်လို့လည်း ပြောတယ်။ ကျုပ်လည်း ဆရာမတွေကို အလောတကြီးသွားခေါ်တယ်။ ဆရာမလေးတစ်ယောက် ပျာယာပျာယာနဲ့ လိုက်လာပြီး ကြည့်ပေးတယ်။ ကလေးကို ဆရာဝန်ဆီ ပွေ့ခေါ်ခဲ့တဲ့။ အဲဒါနဲ့ ကျုပ်လည်း သားကို ပွေ့ပြီး ဆရာမခေါ်ရာ လိုက်ခဲ့တယ်။ ဆရာဝန်ဆီ ရောက်တော့ ဆရာဝန်က ပြောတယ်။ သားလေးက သွေးလွန်တုပ်ကွေးဖြစ်တာတဲ့။ သားလေးကို သွေးပေါင်ချိန်ကြည့်တော့ ချိန်မရဘူး။ ဆရာဝန်နဲ့ ဆရာမတွေ မျက်နှာလည်း မကောင်းကြဘူး။ ကျုပ်ရင်ထဲ စိုးရိမ်စိတ်က ရေနွေးအိုးလို ပိုပိုဆူလာတယ်။ ဘုရား ဘုရား သားလေး ဘာမှ မဖြစ်ပါစေနဲ့။ ဒါပေမယ့် ကျုပ်ဆုတောင်းတွေ မပြည့်ခဲ့ဘူး။ ဆရာဝန်စမ်းသပ်နေတုန်း ရပ်ကြည့်နေတဲ့ အချိန်ခဏလေးအတွင်းမှာပဲ ကျုပ်သားလေးက ကျုပ်ဘဝထဲကနေ ထွက်ခွာသွားခဲ့တယ်။ ကျုပ်ရင်ထဲက နှလုံးသားကို ဆွဲနုတ်ခံလိုက်ရသလိုပါပဲတော်။ အော်ဟစ်ငိုယိုရုံပဲ တတ်နိုင်တော့တယ်။ ဆရာဝန်နဲ့ ဆရာမတွေ ကလည်း မျက်နှာမကောင်းကြပေမယ့် ကျုပ်ကို နှစ်သိမ့်ကြတယ်။

“ကလေးက နောက်ကျသွားတာကိုး အစ်မရယ်။ စောစောစီးစီးသာ ဆေးရုံလာခဲ့ရင် အစ်မသား ဒီလိုဖြစ်မှာ မဟုတ်ဘူး အစ်မရယ်”တဲ့။

ဆရာမတွေ ပြောသံလည်း ကျုပ်နားထဲ မကြားတစ်ချက်၊ ကြားတစ်ချက်ပါပဲတော်။

ကျုပ်သားလေးအလောင်းကိုပဲ စိုက်ကြည့်နေမိတယ်။ ကျုပ်ရင်တွေ ကွဲအက်ပြီး ပလောင်ဆူနေကြောင်း ပါးပြင်ပေါ်က မျက်ရည်တွေက သက်သေပေါ့တော်။ သားလေးဆုံးပြီးမှ ကျုပ်ယောကျ်ားအရက်သမားကြီး ကိုမြမောင်ပေါ့ မူးမူးရူးရူးနဲ့ ရောက်လာတယ်။

“ကိုမြမောင်ရဲ့ တော်ကတော့ မူးကောင်းရူးကောင်းနေတာတော်။ ခု ကျုပ်တို့သားလေး မရှိတော့ဘူးတော် မရှိတော့ဘူး”

ကျုပ် ကိုမြမောင်ကို ငိုယိုပြီး အော်ဟစ်ပြောဆိုနေမိတယ်။ ကိုမြမောင်ကလည်း မျက်ရည်ဖြိုင်ဖြိုင်ကျပြီး သားလေးအလောင်းကို တွေတွေကြီး စိုက်ကြည့်နေတယ်။ သားလေးကို တစ်ခုခုများ ပြောနေမလားပဲ။ အိုတော် သူ့ရင်ထဲ ဘယ်လိုရှိတယ် မသိပေမယ့် ကျုပ်ရင်ထဲမှာတော့ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချပစ်လိုက်တယ်။

အခန်း(၆)

အခုဆို ကျုပ်ယောကျ်ား ကိုမြမောင် တစ်ယောက် ဘုံဆိုင်တွေနဲ့ ရန်ဖြစ်ထားသလားတောင် ထင်မိတယ်။ အချိန်ရှိသရွေ့ လယ်ထဲကိုင်းထဲမှာပဲ အချိန်ကုန်နေတော့တယ်။အိမ်နောက်ဖေးက ရေအိမ်ကလည်း သူကိုယ်တိုင် လုပ်ထားတာပါတော်။ ပြီးတော့ ကျုပ်အိမ်မှာ ရေထည့်တဲ့ကျောက်ခွက်တွေ ဘာတွေနဲ့တော့။ ကျောက်ခွက်တွေမှာ အပြာရောင်သွပ်ပြားတွေ ဖုံးထားတာများ မြင်ရတာကို သပ်သပ်ရပ်ရပ်နဲ့ ကျုပ်တော့ ကြည့်မဝဘူးတော်ရေ့။ ကျုပ်ယောကျ်ားကြီး ကိုမြမောင်ပေါ့တော် အမှိုက်မကျအောင်၊ ခြင်မဝင်အောင် ဖုံးထားတာတဲ့လေ။ ကျုပ်ကိုလည်း ရေအိုးဖုံးဖုံးဖို့ နှီးအဖုံးတွေ ဝယ်ခိုင်းထားသေးတယ်တော်။ ဆရာမလေးတွေ ရွာထဲ ဟောပြောပွဲလာလုပ်တဲ့ နေ့တွေများဆို အိမ်တံခါးပိတ်ထားခဲ့ပြီး ဟောပြောပွဲ ရှေ့ဆုံးတန်းမှာ ကျုပ်တို့ လင်မယားက မိန့်မိန့်ကြီး ထိုင်နေတတ်ပါပြီတော်။ ကျုပ်တို့သားလေးကလေ သူ့အသက်နဲ့ရင်းပြီး မှောင်မိုက်နေတဲ့ ကျုပ်တို့ လင်မယားရဲ့အသိတွေကို အလင်းပြသွားခဲ့တာတော့။ ထုံနေတဲ့ကျုပ်တို့ရဲ့ အသိဉာဏ်ကို ဖြေဆေးပေးခဲ့တဲ့သူလေးပါတော်။ အောင်မလေး အတိတ်ကို တွေးမိတိုင်း ကျုပ်လေ ကျုပ်ရင်တွေ နာလိုက်တာတော်။

ဆောင်းပါး

လွှမ်းမိုးမှုနှင့် ပါးနပ်ခြင်းအတတ်ပညာ

မိုရှေးလ်

အနုပညာဗီဇဟူသည် လူတိုင်းတွင်ပါသည်ဟု မှတ်ဖူး၏။ နောက် တိရစ္ဆာန်တို့တွင်လည်းပါသည်ဟု ဆိုကြပြန်၏။ အဆို၊ အက၊ အတီးအမှုတ် စသည်ဖြင့် အနုပညာမျိုးစုံရှိသည်။ တချို့က သရုပ်ဆောင်ခြင်း၌ ဝါသနာထုံသည်။ တချို့က စာပေ၌ ဝါသနာထုံသည်။ အနုပညာမျိုးစုံ၊ လူမျိုးစုံရှိသည့်အနက် စာပေအနုပညာ ဗီဇပါသူများကို ဆိုချင်သည်။

လူတို့သည် မိမိ၏ အနုပညာဗီဇကို မဖော်ကျူးတတ်ကြပေ။ တချို့က ဖော်ကျူးတတ်၏။ ထို့ကြောင့် ထူးချွန်ကြကုန်၏။ အဆိုဗီဇပါသူက စာရေးခြင်း၌ ကျွမ်းချင်မှ ကျွမ်းပေလိမ့်မယ်။ ထို့ကြောင့် ထင်ပေါ်ကျော်ကြားသူများကို အတုယူလေ့လာ ဆန်းစစ်သင့်၏။ တစ်ပါးသူတို့၏ နည်းစနစ်ကိုမယူမီ မိမိကိုယ်ကို အရင်ဆန်းစစ်သင့်သည်။ မိမိဝါသနာပါသည့်၊ မိမိဗီဇပါသည့် အနုပညာကို ကြိုသိထားရမည်။ ဥပမာဆိုအံ့။

လူတစ်ဦးက ခရီးသွားမည်ဆိုပါစို့။ ထိုခရီးအတွက် ကြိုတင်ဆန်းစစ်မှုတွေ ရှိရမည်။ မည်မျှဝေးသနည်း။ မည်သို့သွားရမည်နည်း။ ရေကြောင်းလား၊ ကုန်းကြောင်းလား။ မည်သည့်အရာတွေ ယူဆောင်သွားရမည်နည်း။ မည်မျှကြာမည်နည်း။ ထိုသို့ဖြင့် မျိုးစုံဆန်းစစ်ရမည်။ သို့မှသာ ခရီးတစ်ခုကို အခက်အခဲနည်းစွာ သွားလာနိုင်မည်။ ခရီးဆုံးကိုလည်း လျင်မြန်မှန်ကန်စွာ ရောက်ပေလိမ့်မည်။

မိမိက စာပေ၌ဝါသနာထုံသည်မှာ မှန်သော်လည်း မည်သည့်အမျိုးအစားတွင် အားသန်ကြောင်းကို ထပ်လောင်းကာ နားလည်ထားရမည်။ မိမိဝါသနာပါသည့် စာပေအမျိုးအစားကို ခရေစေ့တွင်းကျ လေ့လာပါ။ သို့သော် တစ်ခုမကျန် နားလည်တတ်မြောက်လိမ့်မည်တော့ မဟုတ်ချေ။ ပညာဟူကား ကုန်ရိုးမရှိကြောင်းကို နားလည်ထားသင့်၏။ ထိုသို့နားလည်မထားဘဲ မိမိသိထားခြင်းမှာ အထွတ်အထိပ်သို့ရောက်နေသည်ဟု ယုံကြည်ထားသူမှာ အောက်ခြေလွတ်သော သတ္တဝါနှင့် တူလေတော့၏။ ထို့ကြောင့် အောက်ခြေမလွတ်သင့်။ မိမိကိုယ်ကို အမြဲလိုအပ်နေသူဟု နှလုံးသွင်းထားရမည်။ ထိုသို့ နှလုံးသွင်းထားခြင်း၏ နောက်ဆက်တွဲအကျိုးဆက်က တိုးတက်ခြင်းပင်။ ဆာလောင်နေသည်ဟု မှတ်ယူထားသောသူသည် သေချာပေါက် အစားအသောက်ကို ရှာပေမည်။ နောက် စားသောက်ပေမည်။ ထိုသူအတွက် စားသောက်နေခြင်းကြောင့် ဝမ်းဝလာမည်မှာ မလွဲဧကန်ပင်။

မိမိကိုယ်ကို အမြဲလိုအပ်နေသူဟု နှလုံးသွင်းထားသူမှာလည်း ထိုနည်းတူစွာပင်။ ပညာလိုအပ်နေသည်ဟု မှတ်ယူထားသဖြင့် သေချာပေါက် ပညာရှာပေလိမ့်မည်။ နောက် ဆည်းပူးလေ့လာသင်ယူ ပေလိမ့်မည်။ ထိုသို့ ဆည်းပူးလေ့လာသင်ယူခြင်းကြောင့် ဝမ်းစာပြည့်ဝလာမည်မှာ မုချတည်း။

ဤသို့ ဝမ်းစာရှာရာတွင် အပြောချင်ဆုံးသော အချက်ကိုဆိုက်လေ၏။ လွှမ်းမိုးမှုကို ခံရမည်။ ပါးနပ်ခြင်းအတတ်ပညာဖြင့် ထိန်းကျောင်းနိုင်ရမည်။ မိမိက စာပေနယ်သို့ စတင်ခရီးနှင်မည့်သူဖြစ်၍ စာပေခရီးကို ဆန်းစစ်ရမည်။ လိုအပ်မှုတို့ကို ပြင်ဆင်ရမည်ဖြစ်သည်။ ဝတ္ထုရေးခြင်း၌ ချေချမည်ဆိုပါက ဝတ္ထုရေးဖို့ ဝမ်းစာရှာရမည်။ ဝါရင့်ကားဆရာများက ကားမောင်းနည်းကို သင်ပြ၊ ပြောပြကြပေမည်။ စာအုပ်ပြုစုကာ ဝေငှကြပေလိမ့်မည်။ သို့သော် အရေးပေါ်အန္တရာယ်ကြုံက မည်သို့လုပ်ရမည်ကို တိတိကျကျ ပြောနိုင်ကြမည်မဟုတ်။ အမျိုးမျိုးသော အန္တရာယ်နှင့် အမျိုးမျိုးသော နေရာဒေသကိုမူတည်၍ မိမိက လုပ်ကိုင်မောင်းနှင်နိုင်စွမ်းရှိရမည်။

ထိုနည်းတူပင် စာရေးခြင်းတွင်လည်း ဆရာသမားကြီးများက နည်းလမ်းပြကာ စာအုပ်ပြုစု၍ ဝေငှပေးတတ်ကြသော်လည်း ကိုယ်ပိုင်အတတ်နှင့်ပေါင်းကာ အခြေအနေနှင့် အချိန်အခါကို နားလည်စွာ ပြုသင့်သည်။ အားကျသူတို့၏ စာပေများကို ဖတ်ရမည်။ နောက် မှတ်ယူကာ မိမိဆိုလျှင် မည်သို့ရေးမည်ဟု တွေးကာ ကိုယ်ပိုင်အတတ်ပညာဖြင့် ရေးရမည်။

ထိုသို့ရေးရာတွင် လွှမ်းမိုးမှုကို ခံရတတ်သည်မှာ နုနယ်သူတို့၏ သဘာဝပင်ဖြစ်သည်။ စာရေးသူကိုယ်တိုင် ခံခဲ့ရဖူး၏။ ဆရာမကြီးတစ်ဦး၏ ဝတ္ထုကိုဖတ်ရာမှာ စိတ်ကို လွှမ်းမိုးခံလိုက်ရသည်။ မည်သည့်အကြောင်းပဲရေးရေး ထိုအကြောင်းအရာများသာ စိတ်မှာစွဲနေမိသည်။ ဆရာမကြီး၏ တွေးပုံ၊ ရေးပုံတို့ကိုသာ တုပနေချင်မိသည်။ သို့သော် တုပသည်ဟု ထင်သော်ငြား အမှန်မှာ တုပခြင်းသို့ ရောက်မလာ။ ကူးချခြင်းများသာ အကြိမ်ရေများစွာ ဖြစ်နေခဲ့ဖူးသည်။ ထို့ကြောင့် စာမရေးဘဲ လအတန်ကြာ နားထားလိုက်ရတော့၏။

ထိုသို့ လွှမ်းမိုးမှုခံရခြင်းမှာ အသည်းအနာဆုံးကာလဖြစ်သည်။ စဉ်းစားကြည့်အံ့။ မည်သည့်အကြောင်းပဲရေးရေး အားကျသူ၏ စာလောက်မကောင်းဟု ထင်နေမိသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ထက်မသာလျှင်ပင် နည်းတူဖြစ်ဖို့ ဆင်တူယိုးမှားရေးမိသည်။ ထိုအချိန်မှာ ခက်လေ၏။ ဆင်တင်ယိုးမှားဟု ထင်ထားသော်လည်း အမှန်ကား ပုံစံတူနေခြင်းသာ။ ပုံစံသာတူပြီး အကြောင်းအရာ၊ ရှုထောင့်၊ တင်ပြပုံနှင့် အခင်းအကျင်းကွဲလျှင် ကိစ္စမဟုတ်။ ဆိုးသည်က တစ်ထပ်တည်းကျနေခြင်းပင် ဖြစ်လေသည်။

ဤကဲ့သို့ လွှမ်းမိုးမှုကို ခံစားရချိန်တွင် မိမိတွင် ပါးနပ်မှုအနုပညာရှိနေမည်ဖြစ်သည်။ တခြားမဟုတ်။ စာရေးသည့်ကလောင်ကို မေ့ထားခြင်းဖြစ်သည်။ လွှမ်းမိုးမှုခံထားရချိန်တွင် စာမရေးဘဲ စာကိုသာဆက်ဖတ်ပါ။ စာရေးခြင်းကို ယာယီမျှရပ်ထားပါ။ နောက် တခြားသော စာကိုဆက်ဖက်၍ စာဖတ်ပရိသတ်အဖြစ်သာ အသက်ရှူရမည်ဟု ဆိုချင်မိသည်။

ထိုစာကို ဖတ်မိ၍ မိမိကို လွှမ်းမိုးမှုခံထားရလျှင် တခြားစာကိုသာ ဆက်ဖတ်နေရမည်။ နောက် စာဖတ်ခြင်း၌ နစ်ဝင်စီးမျောသွားပါက စာရေးခြင်းကို အစပျိုးချင်စိတ်ကို ပြန်ဖော်ယူရမည်။ စာရေးမှုကိုရပ်ပါများက ရေးချင်စိတ်ပါ အားနည်းတတ်သည်မို့ အချိန်ကာလကြာမြင့်သည်အထိတော့ မနားထားသင့်ကြောင်းကို တစ်ပါတည်း နားလည်ထားသင့်သည်။

အချုပ်ဆိုရသော် စာစရေးသည့် ကလောင်နုနုကလေးတို့၏စိတ်သည် မကြာခဏ လွှမ်းမိုးမှုကို ခံရတတ်စမြဲပင်။ နှစ်ခြိုက်အားကျရာမှ အမှတ်မထင် လွှမ်းမိုးမှုခံရတတ်သည်မှာ ကလေးသဘာဝဟု ဆိုရမည်ဖြစ်သည်။ သို့သော် စာရေးသည်ဆိုကတည်းက မိမိတွင် စဉ်းစားနိုင်စွမ်းရှိသည်ဟု ဆိုရမည်။ ထို့ကြောင့် ထိုသို့လွှမ်းမိုးမှုကို ပါးနပ်စွာ ရှောင်သင့်၏။ ထိရောက်စွာ ကာကွယ်သင့်သည်။ မကာကွယ်နိုင်၍ တုပမိသော် မိမိ၏ နုနုရွရွ လှပသောကလောင်အား ထိခိုက်ပျက်စီးခြင်းသို့ ကျလေမည်။ မိမိကိုယ်တိုင် မိမိကလောင်ကို သတ်သည်နှင့် တူလေ၏။ ။

ဘယ်မနွမ်းသည့်လက်ာပန်း

စာကဗျာ ခြယ်ကာသပါလို့
စဉ်ထာဝရ ပျော်ရွှင်။
ရေးမကုန် ဆိုမခန်းသည့်
လင်္ကာနန်းတွင်။
ကြီးဒုက္ခ သူမမြင်
ကဗျာပင် သူ့အသက်။
စာဆိုရှင် ဘယ်မပန်းပါဘု
ရွှင်လန်း ပျော်လျက်။
ပုမှုဖြာ ဘဝရေးကိုဖြင့်
ဖြေကာပေး ယခုမှာ။
ကာရန်တွေ စာစီသပါတဲ့
တေးလှ ကဗျာ။
ရတုလည်း မကျန်ပါ
အချိုးစာ သူရေး။
နသစ်ပျို ချိုစိတ်ကူးတို့
သီကျူးလို့လေး။ ။

သျှင်ခက်နွယ်

လှတောစကား လှတောအထာ

သူဝေး(တမာမြေ)

"ရဲစွမ်းသတ္တိအရာမှာကွယ်. . . အလောင်းဘုရားစံတင်တယ် စကားအရာတတ်ကျွမ်းလှတဲ့ လှတောသားလည်း ရှိပါတယ်။"

အဆိုတော် ရီရီသန့်ရဲ့ "နေညိုရင် ရွှေဘိုလွမ်းတယ်"သီချင်းထဲကလို လှတောသူ လှတောသားများ စကားအရာတတ်ကျွမ်းတာကို အထူးပြောပြစရာတော့လိုမယ်မထင်ဟု ထင်ပါတယ်။ သူတို့စကားတွေမှာ အထာလေးတွေ၊ လင်္ကာတွေ ပါတတ်တယ်။ ကလေးအစ လူလတ်အလယ် လူကြီးအဆုံး သူတို့စကားအထာ အသွားအလာတွေက ပြောစမှတ်ဖြစ်အောင် ပြောင်မြောက်လှပါတယ်။

လှတောသူ လှတောသားတွေရဲ့ စကားအထာအချို့ကို တင်ပြရရင်ဖြင့်-

၁။ နေပူပူနေ့ခင်းလောက်မှာ၊ ကလေးနှစ်ယောက် နပန်းသတ်နေကြပါတယ်။ နပန်းကစားတိုင်း အမြဲတမ်း အောက်ကကျသည့်ကလေးက "ကြောက်ပြီးလား၊ ကြောက်ပြီးလား"လို့ အားနဲ့မာန်နဲ့ အော်မေးပါလေရော။

ဒီတော့ အပေါ်က ကလေးက"အောက်ကလည်းနေသေး၊ ကြောက်ပြီးလားမေးသေး"ဟု ပြန်ပြောတော့

"နေပေါ့ဟ မင်းကျောနေပူမှာစိုးလို့"ဟု ပြန်ပြောလေသတဲ့။

တကယ်ဆို ကြောက်ပါပြီ၊ အရှုံးပေးတယ်ကွာလို့ ပြောရမယ့်အစား မင်းကျောနေပူမှာစိုးလို့ဟု ပြန်ချေပလိုက်တဲ့စကားအထာကို ကျွန်တော်သဘောကျမိတာ အမှန်ပါ။ ကျွန်တော်တို့ရော၊ စာဖတ်သူတို့ရော လှတောကလေးလို ရှုံးနေတဲ့အခြေအနေ ရောက်ခဲ့ပါက တစ်ဖက်ပြိုင်ဘက်ကို ဘယ်လိုတုံ့ပြန်နိုင်မှာလဲ။

တစ်ခါကလည်း ကားလမ်းတစ်ဖက်ကို ဖြတ်ကူးရန် ဘေးဝဲ၊ ယာကိုကြည့်နေတဲ့ မိန်းမငယ်တစ်ဦးကို သူ့အဒေါ်က

"ဖြတ်ကူးမှသာကူး ငါ့တူမ၊ အဒေါ် ကားနံပါတ် မှတ်ပေးထားမယ်"

ဆိုလိုရင်းက မတော်တဆကားတိုက်မိရင် ကားနံပါတ်မှတ်ထားပြီ အလျော်တောင်းပေးမယ် လုပ်စရာရှိတာလုပ်ပေ့ါ၊ တူမဖြစ်တဲ့သူကလည်း ပြန်ပြောပါတယ်။

"အဒေါ့်စေတနာက အိမ်နောက်ဖေးက သဘော်သီးလောက် ချိုပါဘူးတော်"တဲ့။

၂။ လုပ်ရပ်မှုတည်ပြီး အမည်သစ်ပေးတတ်ကြသေးတယ်။ သူတို့မှာ အမည်သစ်ပေးဖို့လည်း ဝန်မလေးကြပါဘူး။

သူကာကွယ်ဆေးထိုးလို့ ဝက်တွေသေတာများရင် "ဒေါက်တာဝေသက်"တဲ့ ပြောင်းပြန်ပြန်တော့ ဒေါက်တာဝက်သေ ပေ့ါဗျာ။

ဘယ်လောက်ထိုးထိုး မပေါက်တဲ့ထီဆိုင်ကျ "အတိုက်လွှတ်ထီဆိုင်"

"ဗျို့ဆရာကြီး၊ ခင်ဗျားပိုက်တဲ့ခွေးမကြီး မွေးပြီဗျို့"ဆိုပြီး အထာကျကျနဲ့ အော်ဖို့လည်း ဝန်မလေးကြပါဘူး။

ရှိသမျှသစ်ပင်တွေ ခုတ်လှဲလို့ ကျီးနားစရာမရှိတော့လို့တဲ့ "ကျီးမနားကျောင်း"တဲ့။ ဒါတင်မကသေးပါဘူး စကားပုံအသစ်တွေလည်း ဖန်တီးတတ်ကြတယ်။

နွေစပါးစိမ်ချက်ကာလ အချိန်အခါဖြစ်ပါတယ်။ နွေခေါင်ခေါင်မှာ ဆည်ရေပေးပြီး နှစ်သီးစားစိမ်ချက်ပေ့ါဗျာ။ နွေနေကပူပူ၊ ဆည်ရေကမလောက်၊ ရေတွင်းတွေတူးပြီး သကာလ ပျိုးနုတ်၍သာ ကောက်စိုက်ရှာကြတောင်သူပျိုပေ့ါ။ ဒါပေမယ့် ကောက်ပင်က ပျိုမလာတော့ ရှုံးကြပါတယ်။ အဲဒီတောင်သူကြီးများကို ရည်ရွယ်ပြီး စကားပုံအသစ်က

"ဝီရိယလွန် ကျွန်ဖြစ်၊ ဝီရိယကောင်းတောင်းစား၊ မလုပ်တစ်ချက်လုပ်တစ်ချက် စီးပွားအလွန်တက်"တဲ့ဗျာ။

၃။ လှတောသူများဈေးဝယ်ရင် စေ့စပ်သေချာလှပါတယ်၊ ငါးဝယ်ရင်လည်း ပါးဟပ်ဖြဲကြည့်ပြီးမှ ဝယ်ပါသည်။ ပဲဝယ်ရင်လည်း ချို၊ မချို ဝါးကြည့်ပြီးမှ ဝယ်ကြသလို မြို့တက်ဈေးဝယ်ရင်လည်း အုပ်စုဖွဲ့ဝယ်တတ်ကြပါတယ်။ မန္တလေးဈေးမှာ မျှင်ငါးပိ(ပုစွန်ငါးပိ) ဝယ်တော့ တို့ကြည့်၊ လျက်ကြည့်ပြီးမှ ဝယ်ပါတယ်။

ဖွဲနုရောထားတာလို့ တိုက်ရိုက်မပြောဘဲ "အလိုလေး ငါးပိနှယ် တတို့ တို့မိပါရဲ့ နွားစိတ်ကိုပေါက်သွားတာပဲ"ဟု ပြောလိုက်ပါတယ်။ ဆိုင်ရှင်လည်း ဘာပြန်ပြောရမှန်းမသိအောင် လှတောသူစကားအထာကို ခံလိုက်ရတာကြားဖူးပါတယ်။

လှတောသူများ ကောက်စိုက်ဖြစ်ကြပါတယ်။ ကောက်စိုက်ဖြစ်သလို လယ်ဧကအကျယ်အဝန်းကိုလည်း ခန့်မှန်းတတ်ကြပါသေးတယ်။ အချို့လယ်ရှင်များက ပယ်ခိုးတတ်ကြပါတယ်။ ပယ်ခိုးတယ်ဆိုတာ မိမိလယ်အကျယ်အမှန်ကိုမပြောဘဲ အနည်းငယ်လျှော့ပြောတာကို ဆိုလိုတာဖြစ်ပါတယ်။ ကျွန်တော်တို့အညာမှာ လယ်တစ်ဧကကို ငါးယောက်စိုက် သတ်မှတ်ပါတယ်။ တစ်ယောက်စိုက်ကို ဒသမနှစ်ဆယ် သတ်မှတ်ပါတယ်။ ဥပမာ- လယ်ရှင်က ခြောက်ယောက်စိုက်ရှိသည်ကို တစ်ဧကဟု ကောက်စိုက်သမဘောက်သူကြီး (ကောက်စိုက်အဖွဲ့ခေါင်းဆောင်)ကို ညာပြောခဲ့သည်ဆိုပါစို့။ ကောက်စိုက်သမများ သိပါတယ်။ လယ်ကန်သင်းပေါ် သူတို့ခြေချတာနဲ့ ဒီလယ်ဘယ်လောက်ကျယ်တယ်ဆိုတာ သိကြပါတယ်။ သိပေမယ့် အညာခံစိုက်ပေးကြပါတယ်။ ဒါပေမယ့် "ကောင်မတွေ အလုပ်ကိုမခိုမကပ်နဲ့ ပါးချလိုက်မယ်၊ ပါးချမယ် ကြားကြလား"ဟု အထာပြတော့ပါတယ်။ တကယ်တော့ ပါးချမယ်ဆိုတာ ပျိုးပင်ပါးစိုက်ခိုင်းတာကို သူတို့အားလုံးသဘောပေါက်ကြပါတယ်။

ခုနောက်ပိုင်းတော့ ဘောက်သူကြီးနှင့် ကောက်စိုက်သမတွေ အထာကြောက်ကြတာနဲ့ ဘယ်လယ်ပိုင်ရှင်မှ ပယ်မခိုး၊ ပယ်မညာရဲကြတော့ပါဘူး။

၄။ လှတောစကား လှတောအထာ ပြောရရင် လှတောကျောင်းက စာမေးပွဲအတွင်းက စကားလည်းဖောက်သည်ချမှ ဖြစ်ပေမယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူများကို ခိုးစာပါ၊ မပါ ရှာဖွေတဲ့ကာလဖြစ်ပါတယ်။ တစ်ရက်စာမေးပွဲဖြေပြန်လာတဲ့ ကျောင်းသားတစ်ဦးကို

"သားတို့ ဆရာ ဆရာမတွေ စာဖြေသူများကို ရှာဖွေကြရဲ့လား"ဟု သက်ဆိုင်ရာလူကြီးက မေးမြန်းတော့

"အလိုလေး ဆရာကြီးရယ် ရှာဖွေချက်ကတော့ ခွဲစိတ်ခန်းထဲရောက်တဲ့လူနာလိုပဲ အကုန်ပြရတာဗျ၊ လူကိုပွတ်သပ်ရှာနေတာများ ငါးရံ့ဆားနယ်နေသလားမှတ်ရ ဆရာကြီးရယ်"

"ကျောက အင်းကွက်တောင် ခွာမရလို့ တိပ်ကပ်လိုက်တာ ဆရာကြီး"ဟု ပြန်ပြောလိုက်ပါတယ်။ လူကြီးခမျာလည်း ပြုံးပြုံးကြီးနဲ့ ပြန်သွားလေသတည်းပေ့ါ။

လှတောသားစကားများ ပြောပြ၊ ရေးပြရရင်ဖြင့် ကုန်နိုင်ဖွယ်မရှိ၊ သူတို့အကြောင်း၊ သူတို့စကား၊ သူတို့အထာကို နာမည်ကြီး စာရေးဆရာတွေ၊ ဆရာတော်တွေ စသဖြင့် ပြောကြ၊ ရေးကြဖူးပါသည်။ ရေးတိုင်းလည်း မရိုးကြပါ၊ ဖတ်ကောင်း နားထောင်ကောင်းကြတာပဲ။

ကျွန်တော်လည်း သူတို့စကား သူတို့အထာကို ရေးခွင့်ရသေးရင်တော့ ရေးပြ၊ တင်ပြချင်ပါသေးတယ်။ ။

မွေးသက္ကရာဇ်အမှန်

အင်းစိန်၊ အေးသိဒ္ဓိလမ်း၊ ရွာမအရှေ့ မ/၃၈နေ အဖဦးသန်းအောင်၏ သမီး ဒေါ်တင်တင်လှ [၁၂/အစန(နိုင်)၁၁၇၁၀၂]၏ မွေးသက္ကရာဇ် အမှန်မှာ ၂၅-၇-၁၉၅၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁)၊ ဒသမ တန်းအတွဲ(၁)(C)ခန်းနေ မောင်အာကာ မိုး၏ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး [၁၄/ဘကလ(နိုင်)၃၆၄၁၄၆] ဖြစ်ပါ ကြောင်း။

ဦးမျိုးဇော်ဦး

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်န်းတော်ကပ်လှူပူဇော်နိုင်ရန်နှိုးဆော်ဖိတ်ခေါ်ခြင်း

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ရွှေစင်ရွှေပြားသက်န်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွင်း လှူဒါန်းထားသော ရွှေပြားသက်န်းတော်များကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှစတင်ကာ တစ်ရက်လျှင် အလှူရှင် ၁၅၀ ဦးစီ ရထားပုံဖြင့် ကပ်လှူပူဇော်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

၂။ ၁-၁၀-၂၀၁၈ ရက်မှစ၍ ရွှေစင်ရွှေပြား အလှူရှင်များကို ဆက်သွယ် အသိပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားသက်န်းတော် ဆက်ကပ်ပူဇော်ပွဲ၌ ပါဝင်ကုသိုလ်ပြုနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

၃။ ၁-၁၀-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း ၀၉-၄၂၀၂၄၉၄၃၊ ၀၁-၃၈၃၅၂၂၊ ၀၁-၃၇၁၀၈၉ တို့တွင် ရွှေပြားအမှတ်အား သတင်းပို့ပြီး ကပ်လှူပူဇော်မည့်နေ့ရက်နှင့် အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ဖခင်အမည်မှန်

ကနီမြို့နယ်၊ မဲဒင်၊ အထက၊ ဒသမ တန်းမှ မကြွယ်ကြွယ်ခိုင် ဆဋ္ဌမတန်းမှ မောင်အောင်ခိုင်ဖြိုးနှင့် ပဉ္စမတန်းမှ မနိုနို ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ခိုင် [၅/ကနန(နိုင်)၀၅၃၅၈၅] ဖြစ်ပါကြောင်း။

ဦးဇော်ခိုင်

ဖခင်အမည်မှန်

ဆားလင်းကြီးမြို့နယ်၊ ကျားတက်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်နေ ထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်း ဝင်း[၅/ဆလက(နိုင်)၀၂၂၄၀၅] ဖြစ်ပါ ကြောင်း။

ဦးဆန်းဝင်း

မိခင်အမည်မှန်

ကနီမြို့နယ်၊ မိုးကောင်း၊ အထက၊ ဒသမတန်းမှ မောင်ထက်ကျော်ဇော ၏မိခင်အမည်မှန်မှာ ဒေါ်ခိုင်ခိုင်ဦး [၅/ကနန(နိုင်)၀၀၇၉၁၀] ဖြစ်ပါ ကြောင်း။

ဒေါ်ခိုင်ခိုင်ဦး

Total Skin Repair

ခေတ်မီ Germany လေဆာစက်သစ်ကြီးဖြင့် Tattoo, တက်တူးများကို ဈေးနှုန်း သက်သာစွာ ဖျက်နိုင်ပါပြီ။

အခန်း(2B)၊ ပထမထပ်၊ မိုးမြင့်စံကွန်ဒို၊ ပြည်လမ်းနှင့် ဆည်မြောင်းလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၄၄၄၈၃၀၂၆၊ ၀၉-၄၄၄၄၈၃၀၂၇

THREE STAR

Air-con | ရေခဲသေတ္တာ၊အဝတ်လျှော်စက်

ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း၊

ဆေးကြောသန့်စင်ခြင်းများကို အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New 1HP

၁ နှစ် အာမခံ

တပ်ဆင်ပြီးဈေးနှုန်း **300000-Ks**

(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)

"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"

မ/ဥက္ကလာပ - 0943131601, 09400882811

တောင်ဥက္ကလာ - 705784, 09-5163480

လှိုင်မြို့နယ် - 09-401505153, 09-420186543

ဗဟန်းမြို့နယ် - 09-428192157, 09-252833530

စမ်းချောင်း - 09-450047285, 09-250161435

